ကတညုတာ ဇတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၂၈)

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

## မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
**မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ**
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၆/၂၀၀၄)
၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❐

## အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၂၅

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေပိုင်းတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ရန်ကုန်)၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ကြည့်ရှုအားပေးသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ■

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ်ဆောင်ရွက်သည့် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ကြည့်ရှုအားပေးပြီး ခွဲစိတ်အထူးကု ဆရာဝန်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## မြန်မာ့အလင်း ခေါင်းကြီး၊သတင်း၊ဆောင်းပါးအညွှန်း

■ ၂၀၀၄ ခုနှစ် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကိုမူ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာ သာသနာထွန်းကားရာ နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံကို ရွေးချယ်သတ်မှတ်ခဲ့ရာ အထူးပင် လျော်ကန်သင့်မြတ်လှပေသည်။

"**ဗုဒ္ဓသာသနာနိုင်ငံတကာသို့ ပြန့်ပွားထွန်းကားရေး**" ခေါင်းကြီး (စာ-၂)

■ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်သည် 'မတည့်အတူနေကြသူများ စုစည်းနေထိုင်ရာ တိုင်းပြည်မဟုတ်'။ အလားတူ ဤအမိမြေ၌ အမျိုးသားသစ္စာဖောက်တို့အတွက် ရပ်တည်ရန် နေရာမရှိ။

တပ်မတော်အစိုးရက ထာဝရဖွင့်ထားသော ရွှေတံခါးကြီးသည် တိုင်းတစ်ပါးသား နိုင်ငံခြားသားမှလွဲ၍ အမျိုးသားရေးအင်အားစုအားလုံးကို ထာဝရ လက်ကမ်းကြိုဆိုလျက်ရှိသည်။

ဖဒိုတင်ရွှေ၏ "**သွေးကပြောသော သစ္စာစကား**" ဆောင်းပါး (စာ-၁၀)

■ ဩဂုတ် ၂၄ရက်အထိ အီရတ်၌ သေဆုံးသွားသော အမေရိကန်တပ်ဖွဲ့ဝင် ၉၆၂ ဦးရှိပြီ။

နိုင်ငံတကာသတင်း (စာ-၄)

## ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းအား မလေးရှားဘုရင့်လေတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၂၅

**ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းအား ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော မလေးရှားနိုင်ငံ မလေးရှားဘုရင့်လေတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Datuk Nik Ismail Bin Nik Mohamed နှင့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။** (အောက်ပုံ)

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့်အတူ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းမြင့်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံ မလေးရှား ဘုရင့်လေတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်

*စာမျက်နှာ ၆ ကော်လံ ၅* ●

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

# ဗုဒ္ဓသာသနာ နိုင်ငံတကာသို့ပြန့်ပွားထွန်းကားရေး ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ကျင်းပနိုင်ရေးစီမံ

ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ရှေးလွန်လေပြီးသော ကာလကတည်းက နိုင်ငံအနှံ့တွင်ထွန်းကားခဲ့သည်။

ထေရဝါဒ ဗုဒ္ဓတရားတော်များသည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် တရားဓမ္မ၊ ဒေသနာတော်များကို ပြင်ဆင်ဖြည့်စွက်ခြင်းမရှိ၊ မူရင်းအတိုင်း၊ အရှိအရှိအတိုင်း တိကျစွာဆက်လက် ထိန်းသိမ်းထားသော တရားတော်များပင် ဖြစ်သည်။ ထိုတရားတော်များသည် မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့တွင် ဆက်လက်ထွန်းကားနေပေသည်။

မြန်မာနိုင်ငံသည် မြတ်ဗုဒ္ဓ၏ ထေရဝါဒ မဇ္ဈိမပဋိပဒါ လမ်းကြောင်းအတိုင်း ဗုဒ္ဓ၏အဆုံးအမ နှင့် ဗုဒ္ဓယဉ်ကျေးမှုတို့ကို နိစ္စဓူဝ လက်တွေ့ကျင့်ကြံ နေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။

ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ကမ္ဘာ့ဗုဒ္ဓဘာသာဝင် နိုင်ငံများသည် ဂိုဏ်းပေါင်းစုံ ညီညွတ်ရေး၊ ငြိမ်းချမ်းသောကမ္ဘာကြီး ဖြစ်ထွန်းစေရန် ရည်ရွယ်၍ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ၁၉၉၈ခုနှစ်က ဂျပန်နိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပခဲ့သည်။

ဒုတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ၂၀၀၀ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၌လည်းကောင်း၊ တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ၂၀၀၂ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌လည်းကောင်း ကျင်းပခဲ့ပြီး ယခု ၂၀၀၄ခုနှစ် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကိုမူ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာသာသနာထွန်းကားရာ နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံကို ရွေးချယ်သတ်မှတ်ခဲ့ရာ အထူးပင် လျော်ကန်သင့်မြတ်လှပေသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၁ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဗဟိုဆောင်အစည်းအဝေးခန်းမ၌ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားရာတွင်-

**"မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသည့် နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ထေရဝါဒအနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် စနစ်တကျ ပီပီပြင်ပြင် ကျင်းပသွားနိုင်အောင် ကော်မတီများအနေဖြင့် ဆောင်ရွက်ဖွယ်ရာများကို ကြိုတင်စီမံဆောင်ရွက်ကြရမည် ဖြစ်ကြောင်း"**

မှာကြားခဲ့သည်။

သို့ပါ၍ စစ်မှန်သည့် ထေရဝါဒဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သော မြန်မာနိုင်ငံတွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ထေရဝါဒဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာများနှင့်အညီ အောင်အောင်မြင်မြင် ကျင်းပသွားနိုင်ရန် သက်ဆိုင်ရာကော်မတီများက ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ထေရဝါဒ ဗုဒ္ဓဘာသာကို အခြေခံပြီး ဘာသာရေးသက်သက်ဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီး၏ ရည်ရွယ်ချက်များနှင့်အညီ ကျင်းပနိုင်ရန်ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်သည်။ ညီလာခံကြီး ခံ့ညားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများက စီမံချက်များ ရေးဆွဲကာ သာသနာရေးဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်လျက် ရှိသည်။

သို့ဖြစ်ရာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို နိုင်ငံတကာအဆင့်မီ ခံ့ညားထည်ဝါစွာ ကျင်းပနိုင်ရေး၊ ဗုဒ္ဓသာသနာနိုင်ငံတကာသို့ပြန့်ပွားထွန်းကားစေရေးအတွက် ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းများကို ကြိုတင်စီမံ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန်တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၂၆-၈-၂၀၀၄

(ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Role Supervisor (စီးပွားစီမံ)
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"** (အပိုင်း-၂၀)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင်၊ အဆိပ်မယ်နှင့် ငါးဒေဝီ"** (အပိုင်း-၆) ဇာတ်သိမ်းပိုင်း

**သဃ်န်းကျွန်းမြို့နယ် အမက (၁၁)မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၁ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းစိန်က သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆု ရရှိသော မောင်ခန့်ချောကိုအား ဆုချီးမြှင့်စဉ်။**

(က-ပ)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



**ဩဂုတ် ၂၄ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(ရန်ကုန်တိုင်း)

## အောင်ဓမ္မာရုံသစ္စာလေးပါးတရားပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၂)ရပ်ကွက် မဟာဗန္ဓုလပန်းခြံလမ်း(အထက်)အောင်ဓမ္မာရုံကြီး၏ ထိန်းသိမ်းစောင့်ရှောက်ရေးအကျိုးတော်ဆောင်အဖွဲ့မှ ဦးစီးကာ ယခုနှစ်ဝါတွင်း ကာလ၏ တနင်္ဂနွေနေ့နှင့်ဥပုသ်နေ့တိုင်းတွင် ည ၇ နာရီမှ ၉ နာရီအတွင်း မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယခံတပည့်နိုင်ငံကျော်ဓမ္မကထိက သာသနဟိတဓရ ရွှေတံဆိပ်ဆုရ ဆရာကြီး ဦးစောအောင်က သစ္စာလေးပါး မြတ်တရားကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောကြားပြသလျက်ရှိရာ မည်သူမဆို လာရောက် တရားဒေသနာ နာကြားနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ရန်ကုန်တိုင်းအတွင်းရှိစက်ရုံများ ဝန်ကြီးဦးအောင်သောင်းစစ်ဆေး စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရေးမှာကြား

ရန်ကုန် ဩဂုတ် ၂၅

**အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ဒုတိယဝန်ကြီးများဖြစ်ကြသောဗိုလ်မှူးချုပ်သိန်းထွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဝင်းတို့လိုက်ပါ၍ ယမန်နေ့နံနက် ၇နာရီက လှိုင်မြို့နယ် ယောဂီဝတ်ကျောင်းလမ်းရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း လျှပ်စစ်မော်တာ၊ E.C.U Battery Charger ထုတ်လုပ်မှုစက်ရုံ စီမံကိန်းသို့ ရောက်ရှိပြီး စက်ရုံတည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးညွန့်အောင်က တည်ဆောက်မည့် ပင်မအဆောက်အအုံနှင့်ဆက်စပ်အဆောက်အအုံများ၏ တည်နေရာကိုနေရာပြမြေပုံဖြင့် ရှင်းလင်းတင်ပြသည်။**

### အချိန်နှင့်တစ်ပြေးညီပြီးစီးရေး

ဝန်ကြီးက မြေပြုပြင်ခြင်းလုပ်ငန်းများ အမြန်ဆောင်ရွက်ပြီး မြို့ပြဆိုင်ရာဆောင်ရွက်မှုနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ ဆောင်ရွက်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် စီမံကိန်းဌာန ယာယီရုံးအဆောက်အအုံ၌ တာဝန်ရှိသူများက လျှပ်စစ်မော်တာ၊ E.C.U Battery Charger စက်ရုံ စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက စီမံကိန်းလုပ်ငန်းကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရေး မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် လှိုင်မြို့နယ်ရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ဓာတုဗေဒပစ္စည်း စက်ရုံသို့ ရောက်ရှိပြီး ဘက်ထရီထုတ်လုပ်ရေးစက်ရုံကို အကြီးစားပြုပြင်မွမ်းမံမှု အခြေအနေများနှင့် ပင်မစက်ရုံအားပြုပြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း သက်သာဆပ်ပြာမှုန့်ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ကုန်ချောပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကိုလည်းကောင်း ကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

### ဘေးထွက်ပစ္စည်းအသုံးချ

ထို့နောက် ဝန်ကြီးသည် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ စက်ရုံ၊ စီမံကိန်းများအတွက် သစ်သားထည်ထုတ်လုပ်ရေး စက်ရုံသို့ ရောက်ရှိ၍ သစ်များခွဲစိတ်ရာမှ အလေအလွင့် သစ်သားစများကို စစ်ဆေးပြီး ဘေးထွက်ပစ္စည်းများကို ဆယ်တင်၍ ပျော့ဖတ်ပြုလုပ်ကာ ဖိုင်ဘာထုတ်လုပ်ရာ၌ အသုံးချသွားရေးမှာကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရသူများဆုချီးမြှင့် စီးပွား/ကူးသန်းဘောလုံး(ခ)အသင်း ဆုဖလားများအပ်နှံ

ရန်ကုန် ဩဂုတ် ၂၅

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံသည် ဩဂုတ် ၂၄ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဋ္ဌမထပ်ညီလာခံခန်းမ၌ ကျင်းပသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ဝန်ထမ်းသားသမီးများဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံး(ခ)အသင်းမှ ဆုရဖလားများအပ်နှံခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။** (ယာပုံ)

## တက်ရောက်

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အောင်ထွန်း၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ မြန်မာ့လယ်ယာထွက် ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများ၊ ဆုရအားကစားသမားများ တက်ရောက်ကြသည်။

## ဂုဏ်ပြုစကား

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ဂုဏ်ပြု အမှာစကားပြောကြားသည်။

## ဆုဖလားပေးအပ်

ဆက်လက်၍ ၂၀၀၃–၂၀၀၄ ဘောလုံးရာသီတွင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံး(ခ) အသင်းမှ ဒုတိယတန်းကွင်းဖွင့်ဖလား ပထမဆု၊ အမှတ်ပေးဖလား ပထမဆု၊ ကွင်းပိတ်/ရှုံးထွက် ဖလားပထမဆု တို့ကို ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံထံ တာဝန်ရှိသူများက ပေးအပ်သည်။

## ချီးမြှင့်

ထို့နောက် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦးတို့အား ဝန်ကြီးက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၂၁ ဦးတို့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ဆုများချီးမြှင့်သည်။

**(သတင်းစဉ်)**

# ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ဝိနည်းဓိုရ်(ဆင့်ပွား)သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၂၅**

ဒဂုံမြို့သစ်(တောင်ပိုင်း) ဂိုဏ်းပေါင်းစုံ သံဃနာယကဆရာတော်များ ကြီးမှူး၍ မေ္ဘာစရိယကျောင်း၌ ဝိနည်းဓိုရ် (ဆင့်ပွား)သင်တန်းကို ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၉ ရက်မှ ၁၁ ရက်အထိသုံးရက်တိုင်တိုင်ကျင်းပရာ သံဃာတော် ၄၃ပါးတို့ တက်ရောက်သင်ယူကြသည်။

မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တ နရပတိနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့မှ အဆိုပါသင်တန်းသို့ လိုအပ်သည်များကို ပံ့ပိုးကူညီလှူဒါန်းကြကြောင်းသိရသည်။

**(က–ပ)**

# အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ ရှေ့လုပ်ငန်းအစီအမံများ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်မှာကြား

ရန်ကုန် ဩဂုတ် ၂၅

**အားကစားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။**

## တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲအလိုက် ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အားကစားဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် ရှေ့လုပ်ငန်း အစီအမံများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

**အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ) ပတ္တမြားခန်းမတွင် ကျင်းပသော ၂၀၀၄ ခုနှစ် အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိအားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

## ဆွေးနွေးတင်ပြ

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်နှင့်တိုင်း ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများက ကဏ္ဍအလိုက်၊ ပြည်နယ်နှင့်တိုင်းများအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) တို့မှ တာဝန်ရှိသူတို့ကအားကစားနှင့်ပညာရေးပေါင်းစပ် လေ့ကျင့်ရေးသင်တန်း၊ အားကစားလေ့ကျင့်ရေးသင်တန်းတို့နှင့်ပတ်သက်၍လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာဌာနခွဲများအလိုက် ညွှန်ကြားရေးမှူးများက ပြန်လည်ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမောင်ကိုက မြန်မာ့ဘောလုံးအားကစား တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**

# ကွန်ပျူတာဆိုင်ရာအသင်းများ နှစ်ပတ်လည်အစည်းအဝေး ဩဂုတ် ၂၈ရက်၌ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၅**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်(MCF)၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCSA)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA)နှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း(MCEA)တို့၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီတွင် လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ အားလုံးတက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးလက်ဒေသ စက်ရေတွင်းများတူးဖော်ရေး အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၅

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့်ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။**

**ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်းအနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။**

**ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြား လူသိများခြင်း၊ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းဟူသည့် ရေအကျိုး(၁၀)ပါးကို ဆုမတောင်းဘဲရရှိ နိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း– ၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း– ၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေး အဖွဲ့)ဖုန်း–၀၂–၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်း ရရှိသည်။**

(နယ်စပ်/စည်ပင်)

# အာဆီယံ–ကိုရီးယားအဝေးပြေးလမ်းမများ ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရေးနှင့် လုပ်ငန်းအဖွဲ့များအစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၅)ကြိမ်မြောက် အာဆီယံ–ကိုရီးယားအဝေးပြေးလမ်းမများ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ပြင်ဆင်လေ့လာမှုများနှင့် စပ်လျဉ်းသည့် စီမံကိန်းများအကောင်အထည်ဖော်ရေးအစည်းအဝေးနှင့် (၈)ကြိမ်မြောက်အာဆီယံအဝေးပြေးလမ်းမများ လုပ်ငန်းအဖွဲ့ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

**သန်လျင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဩဂုတ်၁၅ရက်က ရှင်စောပုခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌဗိုလ်ကြီးတင်အေး(ငြိမ်း)က ပညာသင်ထောက်ပံ့ကြေးများပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)**

## အမှာစကား

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေက အမှာစကားပြောကြားသည်။

ဖွင့်ပွဲအပြီးတွင်ကုန်းဘောင်ခန်းမ၌ အာဆီယံနိုင်ငံများမှ ကျွမ်းကျင်သူများနှင့် ကိုရီးယားသမ္မတနိုင်ငံမှ ကျွမ်းကျင်သူများညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ဆက်လက်၍ (၅)ကြိမ်မြောက် အာဆီယံ–ကိုရီးယား အဝေးပြေးလမ်းမများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ပြင်ဆင်လေ့လာမှုများနှင့်စပ်လျဉ်းသည့် ဒုတိယနေ့ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်–တကောင်း ခန်းမ(၃) ၌ ကျင်းပရာ သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသော ကျွမ်းကျင်သူများက ASEAN Highway Fact Book (1) နှင့် Book (2)ပါအချက်အလက်များနှင့် မိမိတို့ သက်ဆိုင်ရာ ကဏ္ဍများကို ဆွေးနွေးညှိနှိုင်းတင်ပြကြကာ အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားသည်။

(၈)ကြိမ်မြောက် အာဆီယံအဝေးပြေးလမ်းမများ လုပ်ငန်းအဖွဲ့ခွဲအစည်းအဝေးကို ဩဂုတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင်ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ဩဂုတ် ၂၄ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၆၂ ဦးရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၂၅

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။**

၂၀၀၄ ခုနှစ် ဩဂုတ် ၂၄ ရက် အင်္ဂါနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၆၂ ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၇၂၀ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၄၂ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

### သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ ဦး၊ အီတလီ ၁၈ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၀ဦး၊ ယူကရိန်း ခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

### ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်အရေအတွက်မှာ ၈၂၄ဦးဖြစ်ပြီး ယင်းအနက် ၆၁၁ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၁၃ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

# ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး၌ တိုက်ပွဲများ ပြင်းထန် ကန်တပ်ဖွဲ့၏လေယာဉ်ကို အီရတ်တို့ ပစ်ချ

**နာဂျက်ဖ် ဩဂုတ် ၂၃**

ဘဂ္ဂဒက်ရှိ ဆာဒါစီးတီး၌လည်း ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားလျက်ရှိကာ ခုခံတိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များက အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်ငယ်တစ်စင်းကို ပစ်ချခဲ့သည်။

### မြင့်မား

ယခုသီတင်းပတ်များအတွင်း ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူ အရေအတွက်သည် ဆာဒါစီးတီးတွင် မြင့်မားလာခဲ့သည်။ အီရတ်နိုင်ငံ၌ နာဂျက်ဖ်မြို့ အရေးကိစ္စ အပြီးသတ်စေရန် ပြုလုပ်သော ဆွေးနွေးမှုသည် အမေရိကန်တပ်ဖွဲ့များက စစ်ရေးပြင်ဆင်မှု တိုးမြှင့်လာမှုကြောင့် ရပ်တန့်သွားသည်။ထို အတောအတွင်း မိုဆူးလ်မြို့တွင် ခုခံတိုက်ခိုက်ရေးသမားများက နိုင်ငံခြားသား ကန်ထရိုက်တာများကို ချုံခိုတိုက်ခိုက်မှုကြောင့် အင်ဒိုနီးရှားအလုပ်သမားတစ်ဦးနှင့် အီရတ်လူမျိုးနှစ်ဦးသေဆုံးခဲ့ပြီး ဖိလစ်ပိုင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

### ကင်းလှည့်

အမေရိကန် တပ်ဖွဲ့များသည် နာဂျက်ဖ်မြို့ရှိ နေရာအတော်များများမှ တပ်ဖွဲ့ဝင်များကို ယမန်နေ့က ပြန်လည်ရုပ်သိမ်းခဲ့သော်လည်း မြို့တွင်း၌ ဆက်လက်ကင်းလှည့်လျက်ရှိသည်။

### ပစ်ခတ်

တင့်ကားများဝင်ရောက်လာပြီး ရဟတ်ယာဉ်များဖြင့်လည်း အီရတ် တိုက်ခိုက်ရေးသမားများကို ပစ်ခတ်ခဲ့သည်။

**(စီစီတီဗွီ)**

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်နေသော အီရတ်ပြောက်ကျားတစ်ဦးကို ဩဂုတ်၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



**မြန်မာ့အလင်း**

***နိုင်ငံတကာ သတင်းများ***

# နာဂျက်ဖ်၌တိုက်ပွဲများပြင်းထန်မှုကြောင့် ပေါက်ကွဲသံကြီးများမြည်ဟိန်းနေ

ဘဂ္ဂဒက် ဩဂုတ် ၂၄

**အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားများအကြား နာဂျက်ဖ်မြို့တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိသောကြောင့် မကြာခဏ ပေါက်ကွဲသံကြီးများ မြည်ဟိန်းနေကြောင်း မျက်မြင်သက်သေများက တနင်္လာနေ့က ပြောကြားသည်။**

ဎင်းတိုက်ပွဲများဖြစ်ပွားရာ နာဂျက်ဖ်မြို့ရှိ သင်္ချိုင်းနေရာမှ ပေါက်ကွဲသံကြီးများ ငါးကြိမ်ထက်မနည်းကြားခဲ့ရပြီး ဎင်းပတ်ဝန်းကျင်တွင် မီးခိုးလုံးကြီးများ မြင့်တက်လျက်ရှိကြောင်း ဎင်းတို့ကဆိုသည်။

### ဖြစ်ပွား

အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါရှိသောနေရာသို့ အမေရိကန်တင့်ကားများ ချဉ်းကပ်လာစဉ် သေနတ်များ၊ စိန်ပြောင်းများဖြင့် တိုက်ခိုက်မှုများ နာဂျက်ဖ်မြို့တွင် တနင်္လာနေ့က ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

အမေရိကန် ရဟတ်ယာဉ်များသည် ဎင်းဧရိယာတစ်ဝိုက်တွင် ဝဲပျံနေကြပြီး အယ်လ်ဆာဒါနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများရှိနိုင်သော နေရာများကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်။

### ပျက်စီး

အမေရိကန်၏ အီရတ်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများကြား ရင်ဆိုင်တိုက်ခိုက်မှု နှစ်ပတ်ကျော်ကြာ ဖြစ်ပွားခဲ့သောကြောင့် အီရတ်လူမျိုး ရာပေါင်းများစွာ စစ်ဘေးစစ်ဒဏ်ခံစားခဲ့ရပြီး နာဂျက်ဖ်မြို့သည်လည်း အကြီးအကျယ် ပျက်ဆီးခဲ့ကြောင်း ဆင်ဟွာသတင်းအရသိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# စစ်ဆေးမှုပြုလုပ်

**ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ စစ်ဆေးမှုများ ပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၄ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ကားမောင်းစဉ် မိုဘိုင်းလ်ဖုန်းအသုံးပြုသော ယာဉ်မောင်းများအား ဂျပန်အစိုးရက ဒဏ်ငွေတပ်ရိုက်မည်

**တိုကျို ဩဂုတ် ၂၄**

ကားမောင်းစဉ် မိုဘိုင်းလ်ဖုန်း အသုံးပြုပြီး စကားပြောသော ယာဉ်မောင်းများအား ဒဏ်ငွေတပ်ရိုက်သည့် ဥပဒေတစ်ရပ်ကို နိုဝင်ဘာလမှစပြီး အကျိုးသက်ရောက်အောင် ပြုလုပ်ရန် ဂျပန်အစိုးရက အင်္ဂါနေ့၌ ဆုံးဖြတ်ခဲ့သည်။

### ဒဏ်ငွေ

တပ်ရိုက်မည့် ဒဏ်ငွေများသည် ယာဉ်မောင်းသူများ မောင်းနှင်သော ကားအမျိုးအစားပေါ်လိုက်၍ ယန်းငွေ ၅၀၀၀မှ ယန်း၇၀၀၀ (အမေရိကန်ဒေါ်လာ ၄၅မှ ၆၄ဒေါ်လာ)အထိ ဖြစ်သည်။

ဒဏ်ငွေပေးဆောင်ရန် ငြင်းဆိုသော ယာဉ်မောင်းများသည် ယန်းငွေ ၅၀၀၀၀ (၄၅၈ဒေါ်လာ)အထိ တိုးမြှင့်တပ်ရိုက်ခြင်းခံရမည် ဖြစ်သည်။ လက်ရှိအချိန်၌ မိုဘိုင်းလ်ဖုန်းကို ကားမောင်းနေစဉ်အသုံးပြုသော ယာဉ်မောင်းများအား အခြားကားများကို အန္တရာယ်ဖြစ်စေသည်ဟုယူဆသည့်အခါမှသာ အပြစ်ပေးလျက်ရှိသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# ငြိမ်းချမ်းပြီး လွတ်လပ်သည့် နိုင်ငံခြားရေးမူဝါဒ တရုတ်နိုင်ငံခိုင်မြဲစွာ လက်ခံကျင့်သုံးသွားမည်

ပေကျင်း ဩဂုတ် ၂၃

**တရုတ်နိုင်ငံသည် ယင်း၏ ငြိမ်းချမ်းပြီး လွတ်လပ်သည့် နိုင်ငံခြားရေးမူဝါဒကို စွဲမြဲစွာလက်ခံကျင့်သုံးပြီး သာတူညီမျှ၍ အပြန်အလှန်အကျိုးပြုမှုကိုအခြေခံကာ အခြားနိုင်ငံများနှင့် အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံသမ္မတဟူကျင်တောင်က ပေကျင်း၌ တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။**

**တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ငြိမ်းချမ်းသော နိုင်ငံတကာဆိုင်ရာ ပတ်ဝန်းကျင်လိုအပ်ကြောင်း၊ ထိုတိုးတက်မှုသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သမ္မတဟူကျင်တောင်က ပြောကြားသည်။**

**ထို့ပြင် သမ္မတဟူကျင်တောင်က တရုတ်နိုင်ငံသည် ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို မသွေမဖည်ဘဲ ရှိမည်ဖြစ်ကြောင်းလည်း ဆက်လက်ပြောကြားသည်။ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံ၏အချုပ်အခြာအာဏာပိုင်မှုနှင့် အမျိုးသားလုံခြုံရေးကို အစဉ်အမြဲ ပထမဦးစားပေးမည်ဖြစ်ပြီး နိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လုံခြုံရေးမှုတို့ကို ခိုင်ခိုင်မြဲမြဲ ကာကွယ်သွားမည်ဟုလည်း သမ္မတဟူကျင်တောင်က ပြောကြားသည်။**

အမ်အင်အေ၊ဆင်ဟွာ

## မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

# အီရတ်နိုင်ငံအား ပြည်ပကျူးကျော်မှုအဆုံးသတ်ရန် ဆီးရီးယားနှင့်ဂျော်ဒန် ဝန်ကြီးချုပ်နှစ်ဦးတောင်းဆို

ဒမတ်စကတ် ဩဂုတ် ၂၃

**ဆီးရီးယားဝန်ကြီးချုပ် မူဟမ်မက်နာဂျီအော့တရီနှင့် ဂျော်ဒန်ဝန်ကြီးချုပ် ဖိုင်ဆယ်အယ်လ်ဖေယက်ဇ်တို့သည် ဒမတ်စကတ်မြို့တွင် တနင်္ဂနွေနေ့က တွေ့ဆုံကြပြီး အီရတ်တွင် ပြည်ပကျူးကျော်မှုအဆုံးသတ်ရန် တောင်းဆိုလိုက်ကြသည်ဟု ဆာနာသတင်းဌာနက ဖော်ပြလိုက်သည်။**

အီရတ်ကိုသိမ်းပိုက်မှု အဆုံးသတ်ခြင်းနှင့် နိုင်ငံခြားတပ်များ ရုပ်သိမ်းခြင်းသည် အီရတ်လုံခြုံရေးနှင့် တည်ငြိမ်မှုအတွက် အဓိကအချက်ဖြစ်ကြောင်း အော့တရီက ပြောကြားကြောင်း သတင်းဌာနက ကိုးကားဖော်ပြသည်။

**တိုက်တွန်း**

အီရတ်နိုင်ငံ၌ လုံခြုံရေးနှင့်တည်ငြိမ်မှုမရှိခြင်းသည် အိမ်နီးချင်းနိုင်ငံများကိုပါ ထိခိုက်စေကြောင်း အော့တရီက ပြောကြားသည့်အပြင် နိုင်ငံတကာအသိုင်းအဝိုင်းအပြင် အာရပ်နိုင်ငံများကို အီရတ်ပြည်သူများအား အကူအညီပေးပြီး ထောက်ခံကြရန်လည်း တိုက်တွန်းလိုက်သည်။

တွေ့ဆုံဆွေးနွေးရာတွင် အီရတ်၏ အိမ်နီးချင်းများနှင့် ညီအစ်ကိုတော်များဖြစ်ကြသော မိမိတို့သည် အီရတ်၏ အချုပ်အခြာအာဏာပိုင်မှု၊ တည်ငြိမ်မှုနှင့် အီရတ်နိုင်ငံအား သိမ်းပိုက်ထားမှု ရုပ်သိမ်းရေးကိုစိတ်ဝင်စားကြကြောင်း ဖေယက်ဇ်နှင့် အော့တရီတို့က သဘောထားချင်းတူမျှခဲ့ကြသည်ဟု ဆာနာသတင်းဌာနက ရေးသားသည်။

**ရောက်ရှိ**

ဂျော်ဒန်ဝန်ကြီးချုပ် ဖေယက်ဇ်သည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့သို့ တနင်္ဂနွေနေ့၌ အလည်အပတ်ရောက်ရှိနေခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဆာမာဝါအနီးရှိ ဂျပန်အခြေစိုက်စခန်း စိန်ပြောင်းများဖြင့်ပစ်ခတ်တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဩဂုတ် ၂၃

အီရတ်နိုင်ငံတောင်ပိုင်းရှိ ဆာမာဝါမြို့အနီးတွင် အခြေစိုက်ထားသော ဂျပန်အခြေစိုက်စခန်းသည် စိန်ပြောင်းကျည်များဖြင့် ပစ်ခတ်ခြင်းခံခဲ့ရသည်ဟု ကျိုတိုသတင်းစာက အမည်မဖော်ပြသော အီရတ်အရာရှိများအား ကိုးကားလျက် ရေးသားဖော်ပြလိုက်သည်။

**ပေါက်ကွဲခဲ့**

စိန်ပြောင်းကျည်ငါးလုံး ကျရောက်ပေါက်ကွဲခဲ့ရာတွင် ဒဏ်ရာရသူ တစ်ဦးမျှမရှိကြောင်း၊ နံနက် ၁ နာရီ မိနစ်၄၀ ဝန်းကျင်၌ စိန်ပြောင်းကျည်ငါးလုံးသည် အခြေစိုက်စခန်းမြောက်ဘက် ၂ ကီလိုမီတာ၌ ပေါက်ကွဲခဲ့ကြောင်း ကျိုတိုက ရေးသားဖော်ပြသည်။

**အမိန့်ထုတ်ထား**

အီရတ်နိုင်ငံတောင်ပိုင်း ဂျပန်အခြေစိုက်စခန်းရှိ ဂျပန်တပ်ဖွဲ့ဝင် ၆၀၀ သည် သောက်ရေဝေငှ ဖြန့်ဖြူးပေးခြင်း၊ လမ်း၊ဆေးရုံများနှင့် အခြား အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး အကယ်၍ အတိုက်ခံရလျှင် ဆုတ်ခွာလာရန် အမိန့်ထုတ်ထားသည်။

**(အင်တာနက်)**

# နာဂျက်ဖ်အပါအဝင် အီရတ်နိုင်ငံအနှံ့အပြား လုံခြုံရေးအခြေအနေ ဆိုးရွားလျက်ရှိနေဆဲ

နာဂျက်ဖ် ဩဂုတ် ၂၃

**အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အီရတ်လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများ၏ အခြေစိုက်စခန်းကို အမေရိကန်စစ်ဘက်လေယာဉ်များဖြင့် လွန်ခဲ့သည့်ညက တိုက်ခိုက်ခဲ့ကြောင်း သိရသည်။**

ထိခိုက်ဒဏ်ရာရရှိသည့် စာရင်းကို မသိရှိရသေးကြောင်း သတင်းပေးပို့ချက်များက ဆိုသည်။ ဤအတောအတွင်း မိုဆူးလ်မြို့တွင် ယမန်နေ့က အမေရိကန်တပ်ဖွဲ့ဝင်များ လိုက်ပါလာသော ယာဉ်တန်း လမ်းဘေးဗုံးထောင်ဖောက်ခွဲခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦးဒဏ်ရာရရှိခဲ့သည်။ နိုင်ငံအနောက်ပိုင်းတွင်လည်း သီးခြားစီ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်လေးဦး သေဆုံးသွားခဲ့သည်။

နာဂျက်ဖ် မြို့တွင်သာမက နိုင်ငံ၏ ဒေသအစိတ်အပိုင်း အတော်များများတွင် လုံခြုံရေးအခြေအနေမှာ ဆိုးရွားနေဆဲ ဖြစ်သည်။

**(စီအင်န်အင်န်)**

**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး အရပ်တွင် အီရတ်ပြောက်ကျားတို့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားစဉ် ဒုံးကျည် ထိမှန်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို ဩဂုတ် ၂၃ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

**နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားတို့အား ပစ်ခတ်တိုက်ခိုက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၃ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

# ပေကျင်း မြေအောက်ဥမင်ရထားလမ်း လမ်းသစ်သုံးခု ၂၀၀၇ခုနှစ် အိုလံပစ်ပွဲတော်အမီ ပြီးစီးမည်

ပေကျင်း ဩဂုတ် ၂၃

**ပေကျင်းမြေအောက် ဥမင်ရထားလမ်းသစ်သုံးခုကို စတင်တည်ဆောက်လျက်ရှိပြီး ၂၀၀၈ခုနှစ်အိုလံပစ်ပွဲတော်အမီ လုပ်ငန်းများပြီးစီးမည်ဟု အာဏာပိုင်များက မျှော်လင့်ထားသည်။**

နံပါတ် (၄) မြေအောက်ဥမင်လမ်းရှိ ဘူတာ ၂၄ ခုအနက် လေးခုကို စတင်ဆောင်ရွက်လျက်ရှိ ကြောင်း ပေကျင်းမြို့ပြဆောက်လုပ်ရေးအဖွဲ့၊ နံပါတ်(၄) မြေအောက်ဥမင်လမ်း အထွေထွေကန်ထရိုက်တာက ပြောသည်။

**အဆုံးသတ်**

စုစုပေါင်း ၂၈ဒသမ ၁၆ ကီလိုမီတာ အရှည်ရှိသည့် မြောက်–တောင် နံပါတ်(၄)ဥမင်လမ်းသည် တရုတ်တောင်ပိုင်း လေးခုမြောက်ပတ်လမ်းပေါ်ရှိ မာကျာပူမှစတင်၍ ပေကျင်းတွင် အဆုံးသတ်သည်။

ယင်းအချိန်တွင် အလုပ်သမားများသည် နံပါတ်(၅) မြေအောက်ဥမင်လမ်းအတွက် မြို့ပြအင်ဂျင်နီယာလုပ်ငန်း ၄၄ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်သည်။

**ပြောကြား**

ထို့အပြင် အရှေ့–အနောက်နံပါတ်(၁၀)မြေအောက်ဥမင်လမ်းရှိ ဘူတာ ၂၂ ခုအနက် ရှစ်ခုကို စတင်ဆောင်ရွက်လျက်ရှိကြောင်း ပေကျင်းမြူနီစီပယ် မီးရထားလမ်း ဖောက်လုပ်ရေးနှင့် စီစဉ်ရေးကုမ္ပဏီမှ အရာရှိတစ်ဦးက ပြောကြားသည်။

ပေကျင်းသည် ယခုအခါ မြို့တွင်းမီးရထားလမ်း ၉၅ကီလိုမီတာ ဖောက်လုပ်ခဲ့ပြီး မြေအောက်ဥမင်လမ်း ၅၄ဒသမ၁၅ကီလိုမီတာ ဖောက်လုပ်ခဲ့ပြီးဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အမေရိကန်နိုင်ငံသား တစ်ဦးအား ရှန်ဟိုင်းရဲအဖွဲ့က ဖမ်းဆီးထား

ရှန်ဟိုင်း ဩဂုတ် ၂၃

**အမေရိကန် ကမ္ဘာလှည့်ခရီးသည်တစ်ဦးအား ရိုင်းရိုင်းပျပျ ပြောဆိုပြုမူမှုဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ရှန်ဟိုင်းပြည်သူ့လုံခြုံရေး ဗျူရိုအရာရှိများက တနင်္လာနေ့၌ ပြောကြားသည်။**

အမေရိကန်နိုင်ငံသား အဲရစ် ခရစ္စတိုဖာဂျော့ချ်သည် ဩဂုတ် ၁၈ရက် နံနက် ၂နာရီခန့်၌ ရှန်ဟိုင်းမြို့လယ်ရှိ မော်မင်းလမ်းမကြီးမှ ကော်ဖီဆိုင်တစ်ဆိုင်သို့ ဝင်ရောက်လာပြီး နောက်ထပ်သောက်ချင်ကြောင်း အော်ဟစ်ပြောဆိုခဲ့သည်။ အဲရစ်ဆိုင်ထဲသို့ဝင်လာချိန်၌ အရက်သောက်ထားသည်ဟုဆိုသည်။

ဆိုင်မှာ ပိတ်ခါနီးပြီဖြစ်ရာ အမျိုးသမီးဆိုင်မန်နေဂျာက ၎င်းအားဆိုင်ထဲမှထွက်သွားရန်ပြောဆိုရာ ဂျော့ချ်က အမျိုးသမီး၏ခါးကို ကန်ကျောက်ခဲ့ကြောင်း အရာရှိများက ပြောကြားသည်။

**ထိုးကြိတ်ခဲ့**

ဂျော့ချ်၏ ကန်ကျောက်မှုကြောင့် အမျိုးသမီးမှာကျောက်ကပ်၌ ဒဏ်ရာရခဲ့ကြောင်း ဆေးစစ်ချက်အရ သိရပြီး ဆီးထဲ၌ သွေးပါလာသည်ကိုတွေ့ရသည်။ ထို့ပြင် ဂျော့ချ်သည် ရဲအဖွဲ့ဝင်နှစ်ဦးကိုလည်း ထိုးကြိတ်ခဲ့သေးသည်ဟု ဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

❒ **ရှေ့ဖုံးမှ**

၂။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေ ပုဒ်မ ၄ တွင် ပါရှိသော "for carrying out the Convention relating to the regulation of Aerial Navigation, signed at Paris, October 13, 1919, with Additional Protocol, signed at Paris, May 1, 1920, and any amendment which may be made thereto under the provisions of Article 34 thereof." ဆိုသည့် စကားရပ်ကို "for carrying out the provisions of the Convention on International Civil Aviation, signed at Chicago, on 7 December, 1944, and any amendment which may be made thereto under the provisions of Article 94, thereof."ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ယင်းပုဒ်မ၏ ဘေးခေါင်းစဉ်တွင်ပါရှိသော "Convention of 1919"ဆိုသည့် စကားရပ်ကို "Convention of 1944"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၃။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "class of aircraft"ဆိုသည့် စကားရပ်၏နောက်တွင် "and the safety and the security of Civil Aviation"ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ်(ကခ)၏နောက်တွင် ပုဒ်မခွဲငယ်(ကဂ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ac) the economic regulation of civil aviation and air transport services, including the approval, disapproval or revision of tariff of operators of air transport services, the officers or authorities who may exercise powers in this behalf, the procedure to be followed, and the factors to be taken into account by such officers or authorities, appeals to the Government against orders of such officers or authorities and all other matters connected with such tariff."

၅။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၅၏နောက်တွင် ပုဒ်မ ၅-ကအဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"5A.(a) The Chairman of the State Peace and Development Council may confer on the Ministry of Transport the power to make rules prescribed in section 5. — *Conferring power to make rules.*

(b) Under the power conferred by sub-section(a), the Ministry of Transport may, with the approval of the Government, make such rules as may be necessary. — *Power of Ministry of Transport to make rules.*

(c) For the implementation of the provision of this Act, the Ministry of Transport may issue necessary notifications, orders, notices on requirements and directives and the Department of Civil Aviation may issue necessary orders, notices on requirements and directives." — *Power to issue notifications, orders, notices and directives.*

၆။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေ ပုဒ်မ ၉၏ နောက်တွင် ပုဒ်မ ၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"9A. Whoever wilfully fails to comply with any notifications, orders, notices and directives issued under sub-section(c) of section 5A, shall be punishable with imprisonment for a term which may extend to one month or with fine which may extend to kyats 20,000, or with both." — *Penalty for failure to comply with notifications, orders, notices and directives.*

၇။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေတွင်-

(က) ပုဒ်မ ၁၀ ၌ ပါရှိသော "section 5,"ဆိုသည့် စကားရပ်၏နောက်တွင် "sub-section(b) of section 5A,"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မ ၁၀ ၌ ပါရှိသော "one thousand kyats"ဆိုသည့် စကားရပ်ကို "kyats 50,000"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊
ပုဒ်မ ၁၁ ၌ပါရှိသော "one thousand kyats"ဆိုသည့် စကားရပ်ကို "kyats 100,000"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

**(ပုံ) သန်းရွှေ**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

## စီမံကိန်းလုပ်ငန်းကြီးများ သတ်မှတ်ချိန်ပြီးစီးရေး ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေမှာကြား

ရန်ကုန် ဩဂုတ် ၂၅

**ပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ ရေကြောင်းပညာသိပ္ပံ စာသင်ဆောင်ခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများမှ ဌာနအကြီးအကဲများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ပြည်နယ်နှင့် တိုင်းများ၏ ဒေသဆိုင်ရာ တာဝန်ခံများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ဒေသတာဝန်ခံများက သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ရေကြောင်းပညာ သိပ္ပံကျောင်းအုပ်ကြီးတို့က စီမံကိန်းလုပ်ငန်းကြီးများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ ပြီးစီးမှုအခြေအနေ၊ ဝင်ငွေနှင့် အသုံးစရိတ်အခြေအနေ၊ စက်သုံးဆီရရှိသုံးစွဲမှု အခြေအနေနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၈နာရီခွဲတွင် ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်တို့က ဌာနအကြီးအကဲများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက်ရှင်းလင်းတင်ပြချက်၊ သုံးသပ်ချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းပေးပြီး ဝင်ငွေနှင့် လုပ်ငန်းလျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်ရေး၊ စီမံကိန်းလုပ်ငန်းကြီးများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရေး နိဂုံးချုပ် အမှာစကား ပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဩဂုတ် ၂၅ရက်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည်စုံညီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

General Datuk Nik Ismail Bin Nik Mohamed နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံရုံးမှ Defence Advisor Colonel Hj. Abbas Bin Hj.Mat နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းသည် ဧည့်သည်တော်မလေးရှားနိုင်ငံ မလေးရှားဘုရင့်လေတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် General Datuk Nik Ismail Bin Nik Mohamedနှင့်အဖွဲ့ဝင်များအား ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**တာဝန်ရှိသူများတက်ရောက်**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်နှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော်မလေးရှားနိုင်ငံ မလေးရှားဘုရင့်လေတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Datuk Nik Ismail Bin Nik Mohamed နှင့် ဇနီးနှင့် အဖွဲ့ဝင်များနှင့်အတူပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Dato Cheah Sam Kip နှင့် Defence Advisor Colonel Hj. Abbas Bin Hj.Mat နှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊ အမှတ်(၂၃)ဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၅**

သွားကြမယ်ဟေ့ ပျော်ပျော်မန္တလေးမဲခေါင် သင်္ကြန်ပွဲတော်၊ မဟာမဲခေါင်သားများမဏ္ဍပ်တွေထိုးရေလာကစားမည်၊ ထိုင်းနိုင်ငံသို့ တင်ပို့သည့် ပို့ကုန်များအပေါ် အခွန် သက်သာခွင့်နှင့် ကင်းလွတ်ခွင့်များပေးပြီ၊ မြန်မာနိုင်ငံတွင် တီဘီတိုက်ဖျက်ရေးကုလက ဒေါ်လာခုနစ်သန်း ထောက်ပံ့စသည့် ပြည်တွင်းရေးရာ မျက်မှောက်သတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

မေတ္တာမော်ကွန်း တာ့ဂျ်မဟာနန်းတော် လပြည့်ညရှုခင်းကြည့်ခွင့်ပြုမည်၊ သားပိုက်မိခင် ကိုယ်ငွေ့နည်းစနစ် ထိရောက်အောင်မြင်နေစသည့် နိုင်ငံတကာရေးရာ သတင်းဆောင်းပါးစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(က-ပ)**

# နိုင်ငံတော်နှင့်အတူ ပြည်သူများပူးပေါင်းဆောင်ရွက် မြန်မာနိုင်ငံ၌စာကြည့်တိုက်များတိုးတက်ဖြစ်ထွန်း

**ရန်ကုန် ဩဂုတ် ၂၅**

နိုင်ငံတော်က ချမှတ်ထားသော လူမှုရေးဦးတည်ချက်လေးရပ်အနက် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် ဦးတည်ချက်ကိုလည်း တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာဗဟုသုတဖွံ့ဖြိုးကြွယ်ဝစေရေးနှင့် မှန်ကန်သော အတွေးအခေါ် အသိအမြင်များ ရရှိစေရေးအတွက် ပညာဘဏ်တိုက် စာကြည့်တိုက်များ ဖွင့်လှစ်၍ အသိပညာဗဟုသုတများ ဖြန့်ဝေပေးလျက်ရှိသည်။

**စာကြည့်တိုက်၅၀၀၀ကျော်ဖွင့်**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ်ပေါင်း ၃၇၃ မြို့နယ်တွင် အီလက်ထရွန်နစ် စာကြည့်တိုက် ၉၈ ခု အပါအဝင် စာကြည့်တိုက်များဖွင့်လှစ်ပေးထားပြီး မြို့ပေါ်များတွင်သာမက နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများအထိ သွားရောက်၍ တစ်နှစ်လျှင် အကြိမ်တစ်သောင်းကျော်ခန့် နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိကျေးရွာအုပ်စု ၁၃၄၇၈အုပ်စုတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ အပါအဝင် စာကြည့်တိုက်ပေါင်း ၅၀၀၀ကျော် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ကျန်ရှိသောကျေးရွာအုပ်စုများတွင် ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၀၅–၂၀၀၆ခုနှစ်အတွင်း အပြီးတိုင်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ပံ့ပိုးဆောင်ရွက်ပေးမှုနှင့်အတူ စေတနာရှင်အလှူရှင်ပြည်သူများကလည်း အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

**ပေးပို့လှူဒါန်းမည်**

ဩဂုတ်၁၇ရက်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင်ကျင်းပသော ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပုဂ္ဂလိကစာပေတိုက်များ၊ ဂျာနယ်မဂ္ဂဇင်းတိုက်များနှင့် စာပေဖြန့်ချိရေးလုပ်ငန်းများမှ အလှူရှင်များက စာအုပ်၊ စာစောင်စုစုပေါင်း ၁၄၀၀၀ ကျော် တန်ဖိုးငွေကျပ် ၅၄ သိန်းကျော်ဖိုး လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍လည်း စေတနာရှင် အလှူရှင်များက စာအုပ်စာစောင်များကို ပေးပို့လှူဒါန်းကြဦးမည်ဖြစ်ကြောင်းသိရသည်။

**ဆက်သွယ်ဆောင်ရွက်နိုင်**

ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များကို မိမိတို့ရပ်ရွာဒေသတွင်ဖြစ်စေ၊ အခြားသော ကျေးရွာများတွင်ဖြစ်စေ ထူထောင်လိုပါက တစ်ဦးတည်း မတည်လှူဒါန်းထူထောင်နိုင်သလို၊ စုပေါင်း၍လည်း လှူဒါန်းထူထောင်နိုင်သည်။ လိုအပ်သော ကူညီပံ့ပိုးမှုများကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အမှတ်(၂၂/၂၄) ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ခရိုင်၊မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများမှ တစ်ဆင့်လည်း ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**လက်ဆင့်ကမ်းဖြန့်ဝေ**

မြန်မာနိုင်ငံတွင် နေ့စဉ်နှင့်အမျှ တိုးတက်ဖြစ်ထွန်းလာသော စာကြည့်တိုက်များအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက စာအုပ်၊ စာစောင်များကို စဉ်ဆက်မပြတ် လှူဒါန်းကြလျက်ရှိရာ ယနေ့ အထိ စာအုပ်စာတမ်း လှူဒါန်းပွဲ (၆၂) ကြိမ် ကျင်းပနိုင်ခဲ့သည်။ စေတနာရှင်အလှူရှင်များထံမှ စာအုပ်၊စာစောင် ငါးသိန်းခန့်၊ တန်ဖိုးငွေကျပ် ၆၁၄သိန်းကျော်ဖိုး လက်ခံရရှိခဲ့ပြီး မြို့နယ်စာကြည့်တိုက်များနှင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များသို့ စဉ်ဆက်မပြတ်ပေးပို့၍ တိုင်းရင်းသားပြည်သူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးကြွယ်ဝစေရန်လက်ဆင့်ကမ်းဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

ဩဂုတ်၂၅ရက်က လှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၄ ရပ်ကွက် ကိုယ့်အား ကိုယ် ကိုး စာကြည့်တိုက်များ စုပေါင်းဖွင့်ပွဲကို လှိုင်မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စာကြည့်တိုက် မှတ်ပုံတင် လျှောက်လွှာများကို လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ကိုထံ ရပ်ကွက်ဥက္ကဋ္ဌများကိုယ်စား အမှတ်(၉)ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းအောင်က စုပေါင်းပေးအပ်စဉ်။ (က–ပ)

## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။

* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

# ပြည်သူများအသိပညာနှင့် ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရေး မြို့နယ်စာကြည့်တိုက်များသို့ စာအုပ်များဖြည့်တင်းပေး

**ရန်ကုန် ဩဂုတ် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများအသိပညာဖွံ့ဖြိုးကြွယ်ဝစေရေး၊အထွေထွေဗဟုသုတတိုးပွားစေရေးနှင့်မျိုးချစ်စိတ်ဓာတ်ထွန်းကားပြန့်ပွားစေရေးတို့အတွက် မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးစာကြည့်တိုက်များသို့ နိုင်ငံ ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံ စာအုပ်များကို စဉ်ဆက်မပြတ်ဖြည့်တင်းပေးလျက်ရှိသည်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၁–၇–၂၀၀၄ရက်မှ ၁၀–၈–၂၀၀၄ရက်အတွင်း ပေးပို့ခဲ့သော စာအုပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–**

| စဉ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| ၁။ | ခင်မဝမ်းမြောက်ပါလေတော့ပြဇာတ် | ခင်လယ်လယ်ချစ်(မြန်/ဂုဏ်) |
| ၂။ | ငွေလိုမလား၊ အမေလိုသလား | မင်းဣန္ဒြေလင်း(ရွှေနိုင်ငံ) |
| ၃။ | CHANGING MINDS | J.M. Roberts |
| ၄။ | စိတ်အလုပိုင်ရှင်များ | ချစ်နိုင်(စိတ်ပညာ) |
| ၅။ | ဆေးပညာဗဟုသုတဒိုင်ယာရီ | ဒေါက်တာအေးကျော် |
| ၆။ | ဆန်းကြယ်သောကောင်းမှုအကျိုး | ချစ်နိုင်(စိတ်ပညာ) |
| ၇။ | ထားဝယ်၊ မြိတ်၊ ကော့သောင်းနှင့် တနင်္သာရီ ကျွန်းစုများဆီသို့ | မယဉ်ကျေး(ကျောင်းကုန်း) |
| ၈။ | မကြံ့ဂုလက်နှင့်အနီးဝန်းကျင် ဆလုံကျွန်းများ | မဥမ္မာ |
| ၉။ | မြူတစ်မှုန်၊နှင်းတစ်ပွင့်၊ မိုးရေတစ်စက်နှင့်လေညင်းတစ်သွယ် | မောင်ကြင်နာ |
| ၁၀။ | မြန်မာနိုင်ငံပါဠိနှင့် ပိဋကတ်စာပေ သမိုင်းသစ် | မောင်မောင်ညွှန့် (မန်းတက္ကသိုလ်) |
| ၁၁။ | မြန်မာ့ရိုးရာပြာသာဒ် | မောင်ယဉ်လှိုင်း(ပျဉ်းမငြိုင်) |
| ၁၂။ | ရင်ထဲကမြကန်သာကဗျာများ | မောင်မြင့်သန်း(မကွေး) |
| ၁၃။ | ရင်လှိုင်းခတ်သံကဗျာများ | မကျည်းတန်(လှိုင်ကော်) |
| ၁၄။ | ရောင်စုံယှက်သန်း ယဉ်ကျေးမှု အဆင်ဆန်းများ | ပါမောက္ခဒေါ်အေးသန်း |
| ၁၅။ | ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး | ဘတင့်(ဓာတု–အနုပညာ) |
| ၁၆။ | ရွှေရောင်လွှမ်းတဲ့အခွင့်အလမ်း | ချစ်နိုင်(စိတ်ပညာ) |
| ၁၇။ | သမိုင်းခြေရာဖွေရှာခြင်း | မောင်ချစ်ထွေး(မဟာဝိဇ္ဇာ) |
| ၁၈။ | သူတို့ကိုယ်စားဝတ္ထုတိုများ | ပုသိမ်ရန်နောင်စိုး |
| ၁၉။ | အစိမ်းရောင်လွင်ပြင်ထဲကအနီရောင် နှလုံးသား | ကိုကြီးအောင်ချမ်းသာ |
| ၂၀။ | အဓိကလူ–လူအဓိက | ညီညီနိုင် |
| ၂၁။ | ဥဿာ ပဲခူး ဟံသာဝတီ | ကိုကို(သုတေသန) |

ပုလောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မိုးသောက်ကြယ်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ရက်က အမှတ်(၁)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အောက်ထပ်၌ကျင်းပရာ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် စာကြည့်တိုက်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းဌေးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**မြန်အောင် ဩဂုတ် ၂၅**

ဧရာဝတီတိုင်း မြန်အောင်မြို့နယ် သခွတ်ကွင်းကျေးရွာအုပ်စု သခွတ်ကွင်းကျေးရွာ လင်းရောင်ခြည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ်၂၃ရက်က ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာဥက္ကဋ္ဌဦးသောင်းဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းရှိန်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များပြောကြားပြီး စာအုပ်စာစောင်၅၀ကို စာကြည့်တိုက်အတွက်ပေးအပ်လှူဒါန်းကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်း

**ဇူလိုင်၂၅ ရက်က မကွေးတိုင်း ဂန့်ဂေါမြို့နယ် ရုံးရှိကျေးရွာအုပ်စု လုံခြုံကျေးရွာ ဉာဏ်လင်းစာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးမြို့အောင်က စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်ထံ ကာကိုအမျိုးအစား ၁၄ လက်မ ရောင်စုံရုပ်မြင်သံကြား ဖမ်းစက်တစ်လုံး ပေးအပ်လှူဒါန်းစဉ်။**

(၂၇၃)

## ရှင်းလင်းတင်ပြ

**အမျိုးသား ကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အဖြစ် အထွေထွေရောဂါကု ဆေးရုံ သစ်ကြီး(ရန်ကုန်)၌ ဆောင်ရွက် သည့် အသည်းအစားထိုး ခွဲစိတ် ကုသမှုကို ကြည့်ရှုအားပေးရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက ရှင်းလင်း တင်ပြကြစဉ်။**

**(သတင်းစဉ်)**

■ **ရှေ့ဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး(ရန်ကုန်)သို့ ရောက်ရှိလာရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်များက ကြိုဆိုကြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံသစ်ကြီးခွဲစိတ်ခန်း၌ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာနော်မန်လှဦးဆောင်၍ ခွဲစိတ်အထူးကုဆရာဝန်ကြီးများက အသည်းရောဂါလူနာအား မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်နေကြသည်များကို ကြည့်ရှုအားပေးရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးပြီး ဆေးရုံသစ်ကြီးမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

**အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၌ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှဦးဆောင်၍ ခွဲစိတ်အထူးကုဆရာဝန်ကြီးများက မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းရောဂါလူနာအား အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ပေးကြစဉ်။ (သတင်းစဉ်)**

# နယ်သာလန်နိုင်ငံ သံအမတ်ကြီးအဖြစ်

## မစ္စတာပီတာ၊ဂျိုးဇက်၊တဲအိုဖီး(လ်)၊မာရက်(စ်)အားခန့်အပ်ရန်သဘောတူ

**ရန်ကုန် ဩဂုတ် ၂၆**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာ ဂျယ်ရတ်၊ ဂျိုဟန်၊ ဟင်းဒရစ်၊ ခရစ္စတီယန်၊ ခရာမေ၏နေရာတွင် မစ္စတာပီတာ၊ ဂျိုးဇက်၊ တဲအိုဖီး(လ်)၊ မာရက်(စ်)အားခန့်အပ်ရန် နယ်သာလန်နိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာပီတာ၊ ဂျိုးဇက်၊ တဲအိုဖီး(လ်)၊ မာရက်(စ်)သည် ၁၉၄၆ခုနှစ်တွင် မွေးဖွားခဲ့သူဖြစ်ပြီး ၁၉၇၂ခုနှစ်တွင် အမ်စတာဒမ်တက္ကသိုလ်မှ စီးပွားရေးပညာဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၆ခုနှစ်တွင် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အလုပ်စတင်ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၁၉၉၇ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ အီသီယိုးပီးယားနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၀ပြည့်နှစ်မှ ၂၀၀၁ခုနှစ်အထိ သံအမတ်ကြီး (အီသီယိုးပီးယားနှင့် အီရစ်ထရီးယားဆိုင်ရာအထူးတာဝန်)အဖြစ်လည်းကောင်း၊ ၂၀၀၁ခုနှစ်မှယခုနှစ်အထိ နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာန လုပ်ငန်းစစ်ဆေးရေးဝန်အဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ပီတာ၊ ဂျိုးဇက်၊ တဲအိုဖီး(လ်)၊ မာရက်(စ်)သည် ဗန်ကောက်မြို့တွင်ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

* ***ကျောဖုံးမှ***

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ မကွေးတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် ရေစုပ်စက်များတပ်ဆင်ပြီးစီးမှု၊ မြို့ပြပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဓာတ်အားလိုင်းများ သွယ်တန်းပြီးစီးမှုနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးမှု၊ ရေပေးဝေနိုင်မှုနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ကုန်းမြင့်နေရာများ၌ စိုက်ပျိုးရေ ရောက်ရှိအသုံးပြုနိုင်ရေးအတွက် ကုန်းမြင့်လယ်ယာများ ဖော်ထုတ်စိုက်ပျိုးသွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရေတင်စခန်းအမှတ်(၁)မှ ဧရာဝတီမြစ်ရေကို စုပ်တင်ပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ရေပေးမြောင်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ရေတင်စခန်းအမှတ်(၁)နှင့်အမှတ်(၂)အကြား၌ မိုးစပါးစံပြကွက်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မကွေးမြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစန်းလွင်က ၂၀၀၄ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးရန်လျာထားမှု၊ စိုက်ပျိုးပြီးစီးမှု၊ အောင်မြင်ဖြစ်ထွန်းမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိုးစပါးတိုးချဲ့စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

### မိုးစပါးတိုးချဲ့စိုက်ပျိုး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေသခံတောင်သူဦးကြီးများနှင့်တွေ့ဆုံ၍ မိုးစပါးစိုက်ပျိုးမှုနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိုးစပါးတိုးချဲ့စိုက်ပျိုးသွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် သဖန်းဆိပ်ကျေးရွာအုပ်စု ပုတီးကုန်းရွာ လယ်သမားကြီးဦးခိုင်စောဦး၏လယ်မြေငါးဧက၌ မိုးစပါးကို ရေတင်စခန်းအမှတ်(၂)မှရေကို အသုံးပြု၍ ထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရေတင်စက်ရုံအမှတ်(၃)ရှိ ရေတင်စက်များ ရေစုပ်တင်မှုအခြေအနေနှင့် ရေတင်စခန်းအမှတ်(၃)မှ ရေပို့လွှတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### လုပ်ငန်းများပြီးစီး

သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် ပင်မမြောင်းနှင့် လက်တံမြောင်းများအားလုံး တူးဖော်ပြီးစီးပြီး ၁၁ ကေဗွီဓာတ်အားလိုင်း ၇ဒသမ ၀၅မိုင် သွယ်တန်းခြင်း၊ မော်တာပန့် ၂၇လုံး တပ်ဆင်ခြင်း၊ ၁၀၀၀ကေဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံနှင့် ၅၀၀ကေဗွီအေ ဓာတ်အားခွဲရုံ နှစ်ရုံတည်ဆောက်ခြင်း၊ (၉)ကျူးဆက်ပန့် တစ်ခု၊ (၁၂)ကျူးဆက်ပန့် နှစ်ခု၊ (၃၀)ကျူးဆက်ပန့်တစ်ခု၊ (၂၀)ကျူးဆက်ပန့်တစ်ခု တည်ဆောက်ခြင်း လုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။

သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းကိုသဖန်းဆိပ်ဒေသရှိလယ်မြေ ဧက၁၀၀၀နှင့် ဝါနှင့်ဆီထွက်သီးနှံဧက ၆၂၀၀ခန့်ကို ရေပေးနိုင်ရန်နှင့် မကွေးမြို့ ပတ်ဝန်းကျင်ခုနစ်မိုင် စိမ်းလန်းစိုပြည်ရေးအတွက် တည်ဆောက်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

### စိမ်းလန်းစိုပြည်ရေး

သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းမှ ၂၀၀၄ခုနှစ်တွင် မိုးစပါးဧက ၁၀၀၀ စိုက်ပျိုးရန်လျာထားရာ ရေတင်စခန်း အမှတ်(၁)တွင် မိုးစပါး ၁၂ဧက၊ ရေတင်စခန်း အမှတ်(၂)တွင် မိုးစပါး ၁၈၉ဧက၊ ရေတင်စခန်း အမှတ်(၃)တွင် မိုးစပါး ၁၃ဧကနှင့် မြောင်းမကြီးများမှရေယူ၍ မိုးစပါး ၃၂ဧက စုစုပေါင်းမိုးစပါး ၂၄၆ဧက စိုက်ပျိုးပြီးစီးပြီး လျာထားဧက ၁၀၀၀ ပြည့်မီရေးအတွက် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးဆေးတက္ကသိုလ်သင်ကြားရေးဆေးရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိလာရာ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးစံလင်းက ရှင်းလင်းဆောင်၌ မကွေးဆေးတက္ကသိုလ်သင်ကြားရေးဆေးရုံနှင့် မကွေးဆေးတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ကာလအမီ ပြီးစီးရေး၊ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေးတို့ကို မှာကြားသည်။

### ကြိုးပမ်းဆောင်ရွက်

မကွေးဆေးတက္ကသိုလ်သင်ကြားရေးဆေးရုံသည် ၄၂ ဧက ကျယ်ဝန်းပြီး ခုတင်၂၀၀ဆံ့ နှစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံဖြစ်သည်။ ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၅၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မကွေး ဆေးတက္ကသိုလ်သည် ၉၆ ဒသမ ၆၆ ဧက ကျယ်ဝန်းပြီး ပင်မဆောင် ဘလောက်(စီ)၏ အဆောင်(ဂ)နှင့် စာသင်ဆောင်နှစ်ဆောင်တွဲမှာ လုံးဝပြီးစီးနေသည်။ ဘလောက်(စီ) အဆောင်(ခ)လုပ်ငန်းမှာ ရာခိုင်နှုန်း ၄၀နှင့် ဘလောက်(စီ)၏ အဆောင်(ဃ)လုပ်ငန်းမှာ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မကွေးဆေးတက္ကသိုလ် ခုတင်၂၀၀ဆံ့ သင်ကြားရေး ဆေးရုံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

### သတ်မှတ်ကာလပြီးစီးရေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မကွေးဆေးတက္ကသိုလ် ပင်မဆောင် ဆောက်လုပ်နေမှုနှင့် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအမီ ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မွန်းတည့် ၁၂ နာရီတွင် နယ်မြေခံတပ်မရှိ အောင်နိုင်ဟိန်းခန်းမ၌ မကွေးတပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏မိသားစုများအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်မိသားစုသက်သာချောင်ချိရေးအတွက် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ နှစ်ရှည် စားသုံးပင်များနှင့် တပ်ရင်းတပ်ဖွဲ့အလိုက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်အောင်မြင်ရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်းပြီး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တပ်မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**(သတင်းစဉ်)**

# ၂၀၀၄ – ၂၀၀၅ခုနှစ် စက်မှုကဏ္ဍဖွံ့ဖြိုးရေးအခြေခံနှစ်ဖြစ် ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၅

**အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ၂၀၀၄ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် အမှတ်(၅၆) ကမ္ဘာအေးဘုရားလမ်းရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံ အထွေထွေ မန်နေဂျာများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စောလွင် **(အောက်ပုံ)**က အဖွင့်အမှာစကားပြောကြားရာ၌ အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် စက်မှုကဏ္ဍအပိုင်း၌ အဓိကအပိုင်းမှ ပါဝင်လျက်ရှိကြောင်း၊ ၂၀၀၄–၂၀၀၅ ခုနှစ်သည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အခြေခံနှစ်ဖြစ်၍ ထုတ်လုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ရန် အထူးမှာကြားလိုကြောင်း၊ ၂၀၀၄ခုနှစ် ပြီးခဲ့သည့်ကာလများအတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ အားသာ

ထို့နောက် မြန်မာ့ စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က ၂၀၀၄ ခုနှစ်ကုန်ထုတ်လုပ်မှုလျာထားချက်များ ပြည့်မီရေးလိုအပ်ချက်များကို သုံးသပ်တင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးများက ၂၀၀၄ခုနှစ် ကုန်ထုတ်လုပ်မှု လျာထားချက် ပြည့်မီရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေ အနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းစက်ရုံများ၏ ထုတ်လုပ်မှု လုပ်ငန်းများအတွက်

ချက်များ၊ အားနည်းချက်များကို ဦးစီးဌာန၊ လုပ်ငန်းတစ်ခုချင်းအလိုက် သုံးသပ်ပြီး ၂၀၀၄ ခုနှစ် နောက်ပိုင်းကာလများအတွက် ထုတ်လုပ်မှု လျာထားချက်များ ပြည့်မီကျော်လွန်ရေးကြိုးစားဆောင်ရွက်ရန် လိုကြောင်း ဆွေးနွေးမှာကြားသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က စက်ရုံများ၏ ၂၀၀၄ ခုနှစ် ထုတ်လုပ်မှု လျာထားချက် ပြည့်မီရေးအတွက် ဆောင်ရွက်ရန်များကို တင်ပြသည်။

ဆက်လက်၍ စက်ရုံများ၏ ထုတ်လုပ်မှု လုပ်ငန်းများအတွက် ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေများကို ဂုဏ်ပြု ချီးမြှင့်ထောက်ပံ့ငွေ၊ ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သည့် ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများအား ဂုဏ်ထူးဆုချီးမြှင့်ငွေများကို ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက လက်ခံယူကြသည်။

ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်တို့က ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

## အမှာစကား

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

## အမှာစကားပြောကြား

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန **ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား အဖွင့် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာ လူဦးရေညီလာခံ၏ရှေ့လုပ်ငန်းစဉ်ရည်မှန်းချက်များ ကမ္ဘာ့နိုင်ငံအားလုံး လိုက်နာဆောင်ရွက်နိုင်မည့်အချက်များဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၅

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အပြည်ပြည်ဆိုင်ရာလူ ဦးရေနှင့်ဖွံ့ဖြိုးမှုညီလာခံ (၁၀)နှစ်ပြည့်အထိမ်းအမှတ်အလုပ်ရုံ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ် Myanmar Ballroom၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယကဒေါ်ခင်သက်ဌေးနှင့်ကော်မတီဝင်များ၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## သမိုင်းမှတ်တိုင်

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အမှာစကားပြောကြားရာ၌ ၁၉၉၄ ခုနှစ် ကိုင်ရိုမြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံသည် လူဦးရေနှင့် ဖွံ့ဖြိုးမှု သမိုင်းမှတ်တိုင် တစ်ရပ်ဖြစ်သကဲ့သို့ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ပတ်သက်၍ သမိုင်းမှတ်တိုင်တစ်ရပ်လည်းဖြစ်ကြောင်း။

ယခု အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ကြိုးပမ်းဆောင်ရွက်မှုများ၊ အောင်မြင်မှုများ၊ ICPD ၏ ရှေ့လုပ်ငန်းစဉ်များကို မည်မျှ ဆောင်ရွက်နိုင်ခဲ့သည်ဆိုသည့်အချက်နှင့် ICPDက ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များနှင့် ရည်မှန်းချက်များကို (နောင်လာမည့် ၁၀ နှစ်အတွင်း) မည်မျှဆောင်ရွက်နိုင်မည်ဆိုသည့်အချက်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း။

## သန္နိဋ္ဌာန်ချထား

ဤအလုပ်ရုံ ဆွေးနွေးပွဲတွင် ပညာရေးနှင့် စာတတ်မြောက်မှု၊ မျိုးဆက်ပွားကျန်းမာရေး၊ အမျိုးသမီး၊ အမျိုးသားများ အခန်းကဏ္ဍနှင့် ကိန်းဂဏန်းသုတေသနနှင့် အချက်အလက်စုစည်း ဖြန့်ချိခြင်းစသည့် စာတမ်းလေးခုကို ဖတ်ကြားတင်ပြမှာဖြစ်ကြောင်း၊ ဤစာတမ်းများအပေါ် ဝေဖန်အကြံပြု ဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေပြီး လူဦးရေဆိုင်ရာလုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် တက်ကြွသည့်အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ထားရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ် အနေဖြင့် ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်နေကြသည့် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးသည် အပြည်ပြည်ဆိုင်ရာ လူဦးရေ ညီလာခံ၏ ရှေ့လုပ်ငန်းစဉ်တွင်ပါဝင်သည့် ရည်မှန်းချက်ပန်းတိုင်များကို ရောက်အောင် တက်လှမ်းနိုင်ကြပြီး နောက် ၁၀ နှစ်တွင် ကမ္ဘာကြီးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကိုဖန်တီးနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ဌာနေကိုယ်စား လှယ် Mr. Najib Assifi က အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (၁၀)နှစ်ပြည့် အထိမ်းအမှတ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ဧည့်ကြိုခန်းမ၌ ပြသထားသော အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှု ညီလာခံ(၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြသထားသောဓာတ်ပုံများကိုကြည့်ရှုကြသည်။ ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကိုနံနက်၁၀နာရီခွဲတွင် ပြုလုပ်ပြီး ညနေ၄နာရီတွင် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မလေးရှားဘုရင့်လေတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ချစ်ကြည်ရေးခရီးလည်ပတ်ရန်မြန်မာနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၅**

မလေးရှားနိုင်ငံ မလေးရှားဘုရင့် လေတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Datuk Nik Ismail Bin Nik Mohamed ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

## ကြိုဆိုနှုတ်ဆက်

မလေးရှားနိုင်ငံ မလေးရှားဘုရင့် လေတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံရုံးမှ Defence Advisor Colonel Hj.Abbas Bin Hj.Mat နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေ

ရန်ကုန် ဩဂုတ် ၂၅

**ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်း၌ နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာ ကျဲကျဲနှင့်ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးရွာခဲ့ကာ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။**

**ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။**

**ဩဂုတ်၂၆ရက်ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။**

(မြန်မာ့အလင်း)


# လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

# သွေးကပြောသော သစ္စာစကား

၁၄–၈–၂၀၀၄ရက်နေ့ ထိုင်းနိုင်ငံထုတ် ဗန်ကောက်ပို့စ် သတင်းစာတွင် 'ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော' ထူးခြားသတင်းတစ်ပုဒ် ပါရှိလာသည်။ ကျွန်ုပ်သည် အဆိုပါသတင်းကို ဖတ်ရှုပြီးသည်နှင့်တစ်ပြိုင်နက် သတင်းစာပါ အခြားအကြောင်းအရာသတင်းများကို စိတ်မဝင်စားတော့သည်အထိ ဖြစ်သွားမိသည်။ အဘယ့်ကြောင့်ဆိုလျှင် အဆိုပါသတင်းသည် ကျွန်ုပ်တို့ကရင်တိုင်းရင်းသားများ၏ အရေးနှင့်သာမက ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရေးနှင့် ပတ်သက်၍လည်း အလွန်တရာမှ အရေးပါအရာရောက်နေ၍ဖြစ်သည်။ ယင်းသတင်းကိုဖတ်ရှုပြီး ကျွန်ုပ်သည် တစ်မျှော်တစ်ခေါ်ကြီး တွေးလိုက်မိတော့သည်။

**သတင်းစာပါအကြောင်းခြင်းရာကား အခြားမဟုတ်၊ ကျွန်ုပ်တို့၏သွေးသားညီအစ်ကိုရင်းချာများဖြစ်သော ကေအင်န်ယူ (KNU)က "၂၀၀၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အပစ်အခတ်ရပ်စဲရေးကိစ္စ နှစ်ဦးနှစ်ဖက် နက်နဲသိမ်မွေ့စွာ သဘောတူညီချက် ရခဲ့ပြီးဖြစ်ကြောင်းနှင့် ယင်းအရေးကိစ္စကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဆွေးနွေးမည့် ရက်မြတ်မင်္ဂလာကို စောင့်စားလျက်ရှိပါကြောင်း" စသဖြင့် သွေးကပြောသောသစ္စာစကားကို ဆိုလာ၍ ဖြစ်ပါသည်။**

**ယင်းသတင်းသည် ၁၂–၈–၂၀၀၄ ရက်နေ့က ထိုင်းနိုင်ငံ မဲဆောက်ခရိုင်–တာ့ခ်–မိအေးဘုစခန်းတွင် ကျင်းပသော အခမ်းအနားတစ်ရပ်၌ KNU အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာနှင့် အဆိုပါအခမ်းအနားသို့ သဝဏ်လွှာပေးပို့ခဲ့သော KNU ဥက္ကဋ္ဌ ဖဒိုစောဘသင်းစိန်တို့၏ ရပ်တည်ချက်များကို ဖော်ပြသည်သာမက လက်အောက်ခံ KNU တပ်ဖွဲ့များကိုလည်း မြန်မာ့တပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေး ရယူတည်ဆောက်ရန် တိုက်တွန်းထားပြီး ငြိမ်းချမ်းရေးရောင်ခြည်သန်းလာ၍ ဖြစ်ချေသည်။**

ကမ္ဘာ့ငြိမ်းချမ်းရေး သုတေသီပညာရှင်များ၏ တင်ပြချက်အရ ဤကမ္ဘာမြေတွင် ပထမနှင့်ဒုတိယကမ္ဘာစစ်ပွဲကြီး နှစ်ခုအပါအဝင် စစ်ပွဲ ကြီး၊ လတ်၊ ငယ် ပေါင်း ၁၄၀၀၀ ကျော်မျှ ဖြစ်ပွားခဲ့ကြောင်းသိရသည်။ ယင်းစစ်ပွဲများ၌ လူသန်း ၄၀၀၀ မျှ အသက်ဆုံးရှုံးကြရကြောင်း ဖော်ပြထားသည်။ ဤကိန်းဂဏန်းကို ယနေ့လူသားကမ္ဘာရှိ လူဦးရေစုစုပေါင်း သန်း ၆၃၀၀ ကျော်နှင့် နှိုင်းယှဉ်၍ကြည့်ပါလေ။ ဒုတိယကမ္ဘာစစ်အတွင်း ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုနိုင်ငံတစ်ခုတည်း၌ပင် မြို့ပေါင်း ၁၇၁၀၊ ကျေးရွာပေါင်း၇၂၀၀၊ စက်ရုံ၊ အလုပ်ရုံပေါင်း ၃၂၀၀၀ပျက်စီးဆုံးရှုံးခဲ့သည်ဟု ဆိုသည်။ ၁၉၄၅ ခုနှစ်မှစတင်၍ ကမ္ဘာ့စစ်အသုံးစရိတ်စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ကုဋေပေါင်းခြောက်သိန်းမျှ သုံးစွဲခဲ့သည်ဟု ဖော်ပြသည်။ အမေရိကန်နိုင်ငံအနေဖြင့် ၎င်းငွေပမာဏ၏ ထက်ဝက်ကျော်ကို စစ်ရေးစစ်ရာကိစ္စရပ်များတွင် သုံးစွဲခဲ့သည်ဟု ဖော်ပြသည်။ အထက်ဖော်ပြပါ ကမ္ဘာ့စစ်အသုံးစရိတ် အမေရိကန်ဒေါ်လာ ကုဋေ ခြောက်သိန်းသည် ၁၉၇၆ ခုနှစ် ကမ္ဘာ့နိုင်ငံအားလုံး၏ GDP စုစုပေါင်းနှင့် ညီမျှသည်ဟု ဖော်ပြထားလေသည်။

အဆိုပါကိန်းဂဏန်းများကို ရုရှားစာရေးဆရာ Yuri Kashlev ရေးသားသော After 14000 Wars အမည်ရှိစာအုပ်မှ ထုတ်နုတ်တင်ပြခြင်း ဖြစ်ပါသည်။ ၎င်းသည် နိုင်ငံတကာရေးရာကို အထူးပြုလေ့လာလိုက်စားသော သတင်းစာဆရာတစ်ဦးဖြစ်ပြီး သိပ္ပံနည်းကျ သမိုင်းသုတေသီတစ်ဦးလည်း ဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် Progress Publisher-Moscow က ပထမဆုံးအကြိမ် ထုတ်ဝေခဲ့ခြင်း ဖြစ်လေသည်။

ကျွန်ုပ်သည် ၁၃၀၀ ပြည့်နှစ် ကဆုန်လဆန်း ၉ ရက် (၁၉၃၈၊ မေလ) စနေဖွားဖြစ်ပါသည်။ ဖခင်သည် အမိမြေအား ကျွန်ပြုခြယ်လှယ်နေသည့် ကုလားဖြူနယ်ချဲ့ကို တော်လှန်သည့်စစ် ၁၉၃၈ ခုနှစ် ဆရာစံ တောင်သူလယ်သမားအရေးတော်ပုံ(National Uprising of Peasants War of People Paterm)တွင် ပါဝင်တိုက်ပွဲဝင်ခဲ့သော မျိုးချစ်ဖြစ်ပါသည်။ ဖခင်သည် သားဖြစ်သူကျွန်ုပ်အား အမိဝမ်းတွင်း၌ ရှစ်လသားနှင့် ထားရှိပြီး ကွယ်လွန်သွားသည်။ ဖခင်၏ခေတ်ပုံ မကျန်၍ ရုပ်သွင်ကိုထင်ဟပ်ယူ၍မရ။ ဥမမည် စာမမြောက် အသက်ခုနစ်နှစ်တွင် ဒုတိယကမ္ဘာစစ်၏ နောက်တွဲဒဏ်ရာဒဏ်ချက်ကို အလူးအလဲခံစားခဲ့ရသည်။ ၁၈ နှစ် မပြည့်မီကပင် တက္ကသိုလ်မှ ထွက်၍ တပ်မတော်သို့ တပ်သားအဆင့်ဖြင့် စတင်ဝင်ရောက်ခဲ့သည်။ အသက် ၂၀ တွင် အရာရှိဖြစ်၍ အရာရှိငယ်/လတ် ဘဝဖြင့် ပြည်တွင်း ရောင်စုံသောင်းကျန်းသူများကို မြန်မာနိုင်ငံအနှံ့ တိုက်ခိုက်ခဲ့ဖူးသည်။

၁၆–၇–၂၀၀၄ရက်နေ့က မင်္ဂလာဒုံ စားသောက်ဆိုင်တစ်ခုတွင် ဗိုလ်လောင်းဘဝက သူငယ်ချင်းများနှင့်ပြန်လည်တွေ့ဆုံခဲ့သည်။ ၁၂ဦးသာ တွေ့ဆုံဖြစ်ခဲ့သည်။ ကျွန်ုပ်သည် စိတ်ထဲမှ တိုက်ပွဲကျစာရင်း၊ ၉၆ ပါးရောဂါဖြင့် ဘဝတစ်ပါး ပြောင်းသွားရှာပြီဖြစ်သော စာရင်းဇယားမှအစ အသေးစိတ်ကို စိစစ်လေ့လာနေမိသည်။

ကျွန်ုပ်တင်ပြလိုသည့် သဘောမှာ တပ်မတော်၏ သမိုင်းသည် နိုင်ငံတော်၏ သမိုင်းနှင့် ခွဲခြား၍မရချေ။ တပ်မတော်၏သမိုင်း၊ မြန်မာ့နိုင်ငံရေးဘဝ၏ သမိုင်းကို လေ့လာသုံးသပ်မှုပြုရာတွင် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားစသဖြင့် အဆင့်အတန်းအသီးသီးမှ အရေအတွက် ၃၀၀၀၀ သည် တိုက်ပွဲတွင် ကျဆုံးသည့် အရေအတွက်ဖြစ်၍ ခုနစ်သောင်းကျော်သည် ထိခိုက်ဒဏ်ရာရ၍ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ စွန့်လွှတ်ခဲ့ရခြင်းပင်ဖြစ်သည်။ ၎င်းတို့အပါအဝင် တပ်မတော်သားအပေါင်းသည် မျိုးချစ်စိတ်အရင်းခံဖြင့် မည်သူ့တိုက်တွန်းနှိုးဆော်ချက်မှ မပါဘဲ တပ်မတော်ထဲသို့ဝင်ခဲ့ကြခြင်းဖြစ်သည်။ War Diary(ခေါ်) စစ်နေ့စဉ်မှတ်တမ်းအရ မိမိ – ရန်သူ အကျအဆုံးအင်အားကို နှိုင်းယှဉ်ဖော်ပြရသော် ၁း၁၀ ဖြစ်သည်။ မိမိတစ်ယောက်ကျလျှင် ရန်သူ ၁၀ ယောက်ကျသည်။

**ဤတွင် အထူးအရေးပါသော မေးခွန်းတစ်ခု မေးရပေတော့မည်။ အဆိုပါ ဆုံးရှုံးကြရသော မိမိ – ရန်သူ လူသားအရင်းအမြစ်များသည် တိုင်းတစ်ပါးသား နိုင်ငံခြားမှသွင်းကုန် (Exported Living Beings) များပေလော။ ရန်သူဖြစ်ဖြစ်၊ မိမိဖြစ်ဖြစ် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သားကောင်းရတနာများပင် ဖြစ်ပေသည်။ ဤအခြေအနေ၏ ပြဆိုချက်ကပင် ရင်နင့်ဖွယ်ကောင်းလှပေတကား။ တိုက်ပွဲကျ ဒဏ်ရာရ၍ ကိုယ်လက်အင်္ဂါဆုံးရှုံးရသူတို့၏ ဇနီးမယား၊ သမီး သား၊ မိဘဆွေမျိုး မိတ်သင်္ဂဟအပေါင်း၏ ကျမျက်ရည်သည် မဟာသမုဒ္ဒရာမျှ ရှိပေလိမ့်မည်။ ပရိဒေဝ သောကတို့ကား ချိန်ဆ၍မရ။ ထို့အတူ ရင်းနှီးပေးဆပ်လိုက်ရသည့် သဘာဝသယံဇာတ အရင်းအမြစ်များ၊ လုပ်အားများ၊ ဘဏ္ဍာငွေကြေးများနှင့် လူမှုပတ်ဝန်းကျင်၏ ဆုံးရှုံးမှုကား အတိုင်းအဆ မရှိတော့ပေ။ သို့ဖြစ်၍ စစ်၏ အနိဋ္ဌာရုံသည် ဣဋ္ဌာရုံမဟုတ်မှု၍ ငြိမ်းချမ်းရေးသည် လိုလားအပ်သည့်အရာမဟုတ်သလော။**

ကမ္ဘာ့သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုအစဉ်အရ အနောက်တိုင်း ကိုလိုနီနယ်ချဲ့ဝါဒဟောင်းသည် ပထမကမ္ဘာစစ်(၁၉၁၄–၁၉၁၈)တွင် အထွတ်အထိပ်သို့ရောက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ဖြစ်သည့် ၁၉၃၉–၁၉၄၅ အချိန်ထိ အရှိန်ကောင်းဆဲဖြစ်သည်။ ၎င်းနောက်ပိုင်းမှစ၍ အာရှတစ်ခွင်တွင် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲစဉ်များ နိုင်ငံအသီးသီးက ဆင်နွှဲလာ၍ နေမဝင်အင်ပါယာသည် နေဝင်ချိန်ရောက်လာသည်။ သို့သော်လည်း ကိုလိုနီလက်ဟောင်းဝါဒကို အမေရိကန်က မာရှယ်စီမံကိန်းဖြင့် အားဖြည့်တင်း၍ အကျိုးတူ ပေါင်းဖက်အကြောင်းဆက်ပြီး ကိုလိုနီလက်သစ်ဝါဒဖြင့် အစားထိုးလာပြန်လေသည်။

ကိုလိုနီလက်ဟောင်းဝါဒီသည် ၎င်းတို့အဆီစား အသားမျိုထားသော နိုင်ငံများကို မတတ်သာတော့သည့်အဆုံး လွတ်လပ်ရေးပေးရသည့်တိုင် အမျိုးသားခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ပစ်ခဲ့သည်။ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတံခွန်ကို အမြင့်မားဆုံး လွှင့်ထူသည့် အဖွဲ့အစည်းများကို ဖြိုခွဲသည်။ လူမျိုးရေး၊ ဘာသာရေး စသည်ဖြင့် အကြောင်းအမျိုးမျိုးဖြင့် သပ်လျှိုသွေးခွဲသည်။ ယင်းအကျိုးဆက်များကား ဗီယက်နမ်ပြည်တွင်းစစ်၊ မြန်မာနိုင်ငံ ပြည်တွင်းသောင်းကျန်းမှု၊ အရှေ့အလယ်ပိုင်း အရေးအခင်းစသည့် ကိုလိုနီလက်ဟောင်းဝါဒ၏ အမွေဆိုး၊ ကိုလိုနီ လက်သစ်ဝါဒ၏ အကျိုးဆက်များကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ခွင် ပြိုပြိုစင် တွေ့မြင်နေရသည်။ နောက်ဆုံးပြိုကွဲသွားသည့် ဆိုဗီယက်နိုင်ငံနှင့် ယခင်ဥရောပ ဆိုရှယ်လစ်နိုင်ငံများသည် အမေရိကန်၏ ထီးရိပ် NATO သို့ စုပြုံဝင်ရောက်လာကြရသည် မဟုတ်တုံလော။

## ဖဒိုတင်ရွှေ

**အမိပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ၁၀၀ ကျော် မှီတင်းနေထိုင်ခဲ့သည့် ရှည်ကြာသော သမိုင်းအတိတ်ရှိခဲ့ပြီးဖြစ်သည်။ ဥမကွဲသိုက်မပျက်၊ မရှိအတူရှိအတူ ကိုယ့်ထီးကိုယ့်နန်းနှင့် ဂုဏ်သိက္ခာရှိရှိ အမျိုးသားရေးစရိုက် လက္ခဏာအတိဖြင့် ရပ်တည်နေထိုင်ခဲ့သည်။ ယနေ့ မျက်မှောက်ကမ္ဘာသည် ဒေသအားလုံးနှင့် နိုင်ငံအားလုံးကို ပေါင်းရုံးခြင်းအားဖြင့် Peace and Development တည်းဟူသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး လမ်းကြောင်းပေါ် တူရှုပြုနေသည့် ကာလဖြစ်သည်။ ဤလမ်းမှ လွဲ၍ အခြားရွေးချယ်စရာ လမ်းမရှိချေ။**

**စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းရင်းတည်း။ 'သမဂ္ဂါနံ တပေါသုခေါ' ဟူသော မြတ်ဘုရားဟော ဒေသနာအရ ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးကို တစ်စိတ်တစ်ဝမ်းတည်း မြတ်နိုးကြရပေမည်။**

၁၉၈၈ အရေးအခင်းသည် မြန်မာ့သမိုင်း၏ မုန်တိုင်းအထန်ဆုံးသော ကာလဟု တင်စားသော် မှားအံ့မထင်။ ယင်းကိုအကြောင်းပြု၍ အညီရှိရာ ယင်အုံ သဘောဖြင့် ကိုလိုနီလက်သစ်ဝါဒီများက ခြေသွက်လက်သွက်ဖြင့် နေရာဝင်ယူခဲ့သည်။ သို့သော်ငြားလည်း ယထာဘူတသမိုင်းအမြင်ဝါဒကိုင်စွဲသူ (Objective Conception of Historian) ပြည်တွင်းငြိမ်းချမ်းရေး ၁၇ ဖွဲ့က တပ်မတော်အစိုးရ၏ ဖွင့်ထားသော ရွှေတံခါးမှ ဝင်လာသည်။ နွေးထွေးသော အမိရင်ခွင်ဝယ် နှစ်ကာလရှည်ကြာစွာကွဲကွာခဲ့ရသော ညီရင်းအစ်ကိုများ ပြန်ဆုံစည်းကြသည်။ ခေတ်အဆက်ဆက် မည်သည့်အစိုးရမှ ယခုလောက် နားလည်မှု၊ တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုကို တည်ဆောက်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။

Political Scienceသည် လူမှုသိပ္ပံပညာရပ်အားလုံး၏ အချုပ်ဖြစ်သည်။ Military Science ကလက်အောက်ခံဖြစ်သည်။ ယင်းသည့်တိုင် စစ်ဝါဒီဟု သတ်မှတ် အပုပ်ချနေသော သူတို့သည် ယနေ့ တပ်မတော်ခေါင်းဆောင်များ၏ ဒေါင်ဒေါင်မြည်သော မှတ်ကျောက်အတင်ခံမှု၊ အမျိုးသားရေး၊ နိုင်ငံရေး၊ စည်းရုံးရေးအမြင် ကြည်လင်ပြတ်သားမှုကို ယထာဘူတကျကျ မခံစားတတ်သေးပေ။

**ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်သော နယ်စပ်ဒေသများနှင့် တောင်ပေါ်ဒေသများတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့သည် ဘဝလုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှု၊ ပရိယေသန ဝမ်းစာရှာဖွေစားသောက်နိုင်မှု၊ လမ်းပန်းဆက်သွယ်ရေးမှအစ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်မှာ မျက်ဝါးထင်ထင် ဖြစ်သည်။**

ကျွန်ုပ်သည် အထက်တန်းကျောင်းသားဘဝက သင်ကြားခဲ့ရသော အင်းဝခေတ်စာဆိုမယ်ခွေ၏ "ဆေးတံတို တစ်ညှိုလောက်၊ ရော့–သောက်တော့ပေး..." ဟူသော ကဗျာကို သတိရနေမိသည်။

ယမ်းငွေ့များဝေနေသည့်ဒေသ၊ အမြောက်သံ ဗုံးသံများ မစဲသော ဒေသ၊ အခြေမလှသော ဤဒေသနေပြည်သူတို့၏ လူမှုဘဝသည် နောက်ကျကျန်ရစ်ခဲ့ရပြီ။ အလျှံပယ်ထုတ်ယူသုံးစွဲနိုင်သော မြေပေါ်မြေအောက်သယံဇာတများကိုလည်း သုံးစွဲ၍မရခဲ့။ ဒေသခံပြည်သူတို့၏စွမ်းရည်နှင့် လူသားအရင်းအမြစ်တို့သည်လည်း မတိုးတက်ခဲ့။ ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းရေးအရသာ ခံစားနေကြရသော ပြည်သူတို့က သွေးချင်း သားရင်းတို့အတွက် ကိုယ်ချင်းစာတရားဖြင့် မချိတင်ကဲ ခံစားကြရသည်။

၁၉၉၃ ခုနှစ်က မြန်မာတစ်မျိုးသားလုံး၏ ကံကြမ္မာကို ပြဋ္ဌာန်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်ကြီး စတင်ခဲ့သည်။ ထိုစဉ်က ကျွန်ုပ်သည် ညီလာခံသို့ ပထမဆုံးငွေလှူဒါန်းခဲ့သူဖြစ်သည်။ များစွာမျှော်လင့်ချက်ထားခဲ့သည်။ သို့သော် ၁၉၉၆ ခုနှစ်အရောက်တွင် ထိုပါတီက ကျောခိုင်း၍ ညီလာခံခန်းမမှ ထွက်ခွာသွားခဲ့သည်။ ရင်ထုမနာ ဖြစ်မိသည်။ သဲထဲရေသွန်ဖြစ်ရသည်။ ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမဆို ဖွဲ့စည်းပုံအခြေခံဥပဒေရှိရမည်။ ယင်းအခြေခံဥပဒေအရ ဖွဲ့စည်းဖော်ဆောင်အပ်သည့် အစိုးရမှအစ အာဏာပိုင်အဖွဲ့အစည်းအသီးသီးရှိရမည်။ ဤကြန်အင်လက္ခဏာများ ပြည့်စုံရန် တပ်မတော်အစိုးရသည် Road Map ကိုချပြ၍ မေ ၁၇ ရက်မြတ်မွန်တွင် အမျိုးသားညီလာခံကို ပြန်လည်စတင်ခဲ့ရာ ယခုအခါ ညီလာခံ အပိုင်းတစ်ပိုင်းကိုပင် အောင်မြင်အောင် ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပေသည်။

လူပုဂ္ဂိုလ်အချင်းချင်း၊ တိုင်းပြည် နိုင်ငံအချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင် အရင်းခံတရားသည် ကိုယ်ကျိုးစီးပွားပဓာနဖြစ်သည်။ ယင်းကိုပင် Protectionism ဟုခေါ်၍ရသည်။ မိမိတိုင်းပြည်အကျိုးစီးပွားနှင့် တစ်ထပ်တည်း သဘောထားပါသည်၊ မဟာကရုဏာထားပါသည်ဆိုသော တိုင်းပြည်ရှိခဲ့သော် ၎င်းတိုင်းပြည်၊ လူပုဂ္ဂိုလ်တို့နှင့် ဆွေးနွေးလိုပါသည်။ မည်သည့် တိုင်းပြည်ဖြစ်ဖြစ် စီးပွားရေး၊ နိုင်ငံရေးအကျိုးအမြတ် မျှော်ကိုးဆက်ဆံသည်သာဖြစ်၍ တပည့်ကို ရှာသည့်ဆရာကြီးအဖြစ် Sphere of Influence ထူထောင်သည်။ နောက်ဆုံး ယုတ္တိမတန်သော အကြောင်းပြချက်ဖြင့် အင်အားသုံး၍ အချုပ်အခြာအာဏာကို ထိပါးသည်။ ရုပ်သေးအစိုးရထူထောင်ရန် ဘက်စုံမှ လက်ကုန်ထိုးနှက်သည်။

'လူမျိုးဟူသည်မှာ သုခ၊ ဒုက္ခ အတူခံစားကြသည်' ဟူသော နိုင်ငံရေးသုခမိန်တို့၏ အဆိုအမိန့်အရ ကရင်တိုင်းရင်းသားတို့သည် အမိမြေ၏ တိုင်းရင်းသား လူမျိုးများပင်ဖြစ်သည်။ ပြည်ထောင်စုကြီး၏ မိသားစုဝင်များပင် ဖြစ်၏။ မိသားစုဝင်များအတွင်း ရံဖန်ရံခါတွင် မပြေလည်မှုများဖြစ်တတ်သည်ကား သဘာဝကျပါ၏။ သို့သော် ယင်းသည် ယာယီမျှသာဖြစ်ပေသည်။ ထာဝရ မဟုတ်ချေ။

သို့သော် ...သို့သော် ...သို့ပင်ဖြစ်ငြားလည်း မိသားစုဝင်အချင်းချင်းတို့၏ ယာယီမပြေလည်မှုအပေါ် ကယ်တင်ရှင်ကြီးပမာခံယူ၍ ကတ္တီပါလက်အိတ်စွပ်ထားသော သံလက်သီးပိုင်ရှင် ကျားငစဉ်းလဲသည် ဘက်စုံမှလာတတ်ပေသည်။ အထူးသဖြင့် ပုဂ္ဂိုလ်ရေးခံစားချက်ရှိသူတို့ကို ချဉ်းကပ်သည်၊ သွေးထိုးမြှောက်ပင့်ပေးသည်။

**ယနေ့ တပ်မတော်အစိုးရက ခံယူအပ်သည့် ဒို့တာဝန်အရေးသုံးပါးသည် National Ideology ဖြစ်သလို Role of the Defence Services လည်း ဖြစ်ပါ၏။ မည်သည့်လူပုဂ္ဂိုလ် အစိုးရတက်တက် ဤအဂ္ဂမဟာဗျူဟာ (Grand Strategy) ကို ကမ္ဘာချဉ်းသည်အထိ ဦးထိပ်ပန်ဆင်ကြရပေမည်။ ယင်းမဟာဗျူဟာကို ချမှတ်ဖော်ဆောင်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ဦးထိပ်ပန်ဆင်နေရမည်ပင် ဖြစ်သည်။**

ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းသည် နိုင်ငံနှင့်အဝန်း ကွက်လပ်

> ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်သော နယ်စပ်ဒေသများနှင့် တောင်ပေါ်ဒေသ များတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် ဘဝလုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှု၊ ပရိယေသန ဝမ်းစာရှာဖွေစားသောက်နိုင်မှု၊ လမ်းပန်းဆက်သွယ် ရေးမှအစ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်မှာ မျက်ဝါး ထင်ထင် ဖြစ်သည်။

မရှိ၊ စုစည်းပေါင်းစပ်နေထိုင်ကြပါ၏။ ပြည်နယ်နှင့်တိုင်း ကချင်၊ကယား၊ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် အမည်နာမ သတ်မှတ်ချက်သည် ယာယီသစ္စာဝေါဟာရ ပညတ်များအဖြစ်သာ ဆောင်ယူပါ၏။ အမှန်မှာ တစ်အူထုံ့ဆင်း သွေးချင်းသားရင်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများပင် ဖြစ်သည်။

မဟာကရုဏာတည်းဟူသော ဝေါဟာရပညတ်သည် မြတ်ဗုဒ္ဓမှလွဲ၍ မည်သူနှင့်မျှ ထိုက်တန်သည့် စကားမဟုတ်။ အနောက်နိုင်ငံများ (ကိုလိုနီလက်သစ်ဝါဒီများ)က မြန်မာတို့အပေါ် မဟာကရုဏာထား၍ ဒီမိုကရေစီနိုင်ငံဖြစ်စေချင်ပါသည်၊ လူ့အခွင့်အရေး အပြည့်အဝ ရစေလိုပါသည်ဟု မစားရဝခမန်းလိမ်လည်လှည့်ဖြား၍ ပြည်တွင်းရေးကို ဖြောင်ကျကျ ဝင်စွက်နေ၏။ သည်ယုန်မြင်၍ သည်ချုံထွင်သော ကျားငစဉ်းလဲမျက်နှာဖုံးသည် ရေရှည်တွင် လိမ်ညာ၍ မရတော့ချေ။

မေ ၁၇ ရက်မြတ်မွန်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် (The Right to Self-Determination) မိမိကြမ္မာ မိမိဖန်တီးရေးအတွက် အခွင့်အရေး တစ်ရပ်ကို အကျိုးရှိရှိ အသုံးချခဲ့၏။ အတိုင်းအတာတစ်ရပ်အထိ အောင်မြင်မှုကိုလည်း ရရှိကြပေပြီ။ များမကြာသော ပွင့်လင်းရာသီတွင် သွေးချင်းများ ပြန်လည်ဆုံစည်းကြမည်။

**အမိပြည်ထောင်စုမြန်မာနိုင်ငံတော်သည် 'မတည့်အတူနေကြသူများ စုစည်းနေထိုင်ရာ တိုင်းပြည်မဟုတ်'။ အလားတူ ဤအမိမြေ၌ အမျိုးသားသစ္စာဖောက်တို့အတွက် ရပ်တည်ရန် နေရာမရှိ။**

**တပ်မတော်အစိုးရက ထာဝရဖွင့်ထားသော ရွှေတံခါးကြီးသည် တိုင်းတစ်ပါးသား နိုင်ငံခြားသားမှလွဲ၍ အမျိုးသားရေးအင်အားစုအားလုံးကို ထာဝရလက်ကမ်းကြိုဆိုလျက်ရှိသည်။**

**ပန်းခင်းသောလမ်းဖြစ်ပါ၏။ သည်လမ်းကို သည်ပန်းဆင်၍၊ ဒီခရီးကို သည်ထီးဆောင်း၍၊ သည်အကွေ့ကို သည်တက်နှင့် လှော်ကြရပေမည်။**

**တပ်မတော်ခေါင်းဆောင်များသည် ငြိမ်းချမ်းရေးကို မြတ်နိုးသည့် လူမှုတိုးတက်ရေးဝါဒီများဖြစ်ပါ၏။ ရိုးသားပွင့်လင်းစွာဖြင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းစဉ်များကို အမျိုးသားရေး အင်အားစုဖြင့် တည်ဆောက်မည်ဖြစ်ပါ၏။**

**သို့ဖြင့် တပြီးကား– KNU**

**သွေးကပြောတာ 'ပဓာန' ဖြစ်ပါသည်။**

**၂၀၀၄ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီက စိုသောလက်သည် ခြောက်ရန်အကြောင်း မရှိပေတကား။ ။**

# ☆ ကျောဖုံးမှ

မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ်ရှိ သဲဖြူရေလှောင်တမံကို စူးစမ်းလေ့လာတိုင်းတာ၍ ပုံစံထုတ်လုပ်ခဲ့ရာ သဲဖြူရေလှောင်တမံ စီမံကိန်းမှာ အကောင်အထည်ဖော်ဆောင်ရွက်ရန်သင့်သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရသဖြင့် ၂၀၀၄ခုနှစ် မတ် ၃၀ ရက်တွင် ပြုလုပ်ခဲ့သော(၁/၂၀၀၄)ကြိမ်မြောက် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးက သဲဖြူရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်တည်ဆောက်ရန် ခွင့်ပြုဆုံးဖြတ်ခဲ့သည်။

## သွားရောက်လေ့လာ

သဲဖြူရေလှောင်တမံ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းနှင့် ပတ်သက်၍ မြန်မာ့အလင်း သတင်းအဖွဲ့သည် ဆည်မြောင်းဦးစီးဌာန၏ အစီအစဉ်ဖြင့် လယ်ဝေးမြို့နယ် သဲဖြူရေလှောင်တမံစီမံကိန်း တည်ဆောက် အကောင်အထည်ဖော်ရာ လုပ်ငန်းခွင်သို့ သွားရောက်လေ့လာခွင့် ရရှိခဲ့သည်။



**မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ရေပြာရိုးရွာ၏ အနောက်မြောက်ဘက်တွင် တည်ဆောက်ထားသည့် သဲဖြူရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်တွင် တည်ဆောက်ရေး(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။**

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

## သဲဖြူရေလှောင်တမံ

သဲဖြူရေလှောင်တမံမှာလယ်ဝေးမြို့နယ် ရေပြာရိုးရွာ၏ အနောက်မြောက်ဘက် ခြောက် ဖာလုံအကွာ သဲဖြူချောင်းပေါ်တွင် တည်ဆောက်ထားရှိပြီး ရန်ကုန် – မန္တလေးလမ်းမကြီး သပြေပင်ကျေးရွာမှ ရှစ်မိုင်ခန့် ဝေးသည်။

## မိုးရေချိန်

မြန်မာ့အလင်း သတင်းအဖွဲ့အား သဲဖြူရေလှောင်တမံရှင်းလင်းဆောင်တွင် ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်က ပုံစံကားချပ်များဖြင့် ရှင်းလင်းပြောပြသည်။ သဲဖြူရေလှောင်တမံစီမံကိန်းကို ၂၀၀၃ခုနှစ် အောက်တိုဘာတွင် စတင်ခဲ့သည်။ သဲဖြူချောင်းရေလှောင်တမံ၏ ရေဆင်းဧရိယာမှာ ၉ စတုရန်းမိုင် ရှိပြီး လစဉ်မိုးရေချိန်သည် လက်မ ၅၀ ရှိသည်။

## မြေသားတမံ

နှစ်စဉ်ပျမ်းမျှ စီးဝင်ရေသည် ဧကပေ ၆၉၀၀ရှိပြီး တည်ဆောက်ထားသော တမံအမျိုးအစားမှာ မြေသားတမံဖြစ်၍ ပင်မတမံ၏ အမြင့်သည် ပေ ၆၀ ရှိ၍ အလျားမှာ ပေ ၂၆၅၀ ရှိသည်။ ပင်မတမံအပြင် ကုန်းကြောတမံနှစ်ခု ပါဝင်တည်ဆောက်ထားပြီး ကုန်းကြောတမံ၏ အမြင့်သည် ပေ ၆၀ ဖြစ်၍ အမြင့်သည် ပေ ၃၀ရှိသည်။

ဆည်တည်ဆောက်ပြီးသွားလျှင် သိုလှောင်နိုင်မည့် ရေပမာဏသည် ဧကပေ ၈၇၁၈ ပေရှိမည်ဖြစ်သည်။ သဲဖြူရေလှောင်တမံမှ ရေထုတ်ပေးမည့် ရေထုတ်ပြွန်ကို အလျားပေ ၁၉၀ရှိသော သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထား၍ ရေထုတ်ပြွန်၏ အရွယ်အစားသည် အချင်းသုံးပေရှိသော သံကူကွန်ကရစ်ပိုက်တစ်လုံးဖြင့် ၃၀ ကုဗပေ/စက္ကန့်ဖြင့် အမြင့်ဆုံးရေထုစီးနှုန်းဖြင့် ထုတ်ပေးမည်ဖြစ်သည်။

## အကျိုးပြုဧက ၁၂၀၀

ရေသိုလှောင်ပြီးနောက်ပိုင်းတွင် သဲဖြူရေလှောင်တမံမှ အကျိုးပြုမည့် ရေသောက်ဧရိယာသည် ဧက ၁၂၀၀ သို့ ဆည်ရေပေးမည်ဖြစ်ပြီး ဆည်ရေသောက်ဧရိယာ ဧက ၁၂၀၀အနက် ကြံစိုက်ဧက ၅၀၀၊ လယ်ဧက ၇၀၀ အကျိုးပြုမည်ဖြစ်သည်။

ဆည်ရေအကျိုးပြုမည့် ကျေးရွာအုပ်စုများမှာ ရေပြာရိုးကျေးရွာအုပ်စု၊ အင်ပင်သာကျေးရွာအုပ်စုနှင့် ညောင်မှတ်ဆိတ်ကျေးရွာအုပ်စုများမှ တောင်သူများအား အကျိုးပြုသွားမည် ဖြစ်သည်။ အကျိုးပြုမည့် စိုက်ပျိုးဧရိယာ ဧက ၁၂၀၀တွင် သဲဖြူရေလှောင်တမံမှ ရေပြည့်ရေလှောင်ပမာဏ ၈၇၁၈ ဧကပေအနက် ဧကပေ ၆၀၀၀ခန့်သာ သုံးကြမည်ဖြစ်သောကြောင့် ပိုလျှံသောရေကို သဲဖြူချောင်းအတွင်းသို့ ပြန်ချပေးပြီး သဲဖြူချောင်းအောက် ခုနစ်မိုင်အကွာ၌ရှိသော ရေနီ (ကျောက်အိုး) ရေလွှဲဆည်သို့ ရေကူပေးမည်ဖြစ်သည့် အလျောက် ယင်းရေလွှဲဆည်အောက်တွင်ရှိသော ဆည်ရေသောက်ဧရိယာ ၁၃၄၇ ဧကသို့ စိုက်ပျိုးရေ ထပ်မံဖြည့်စွက်ပေးမည်ဖြစ်သည်။

## ရေကူပေးနိုင်

၎င်းအပြင် သဲဖြူရေလှောင်တမံနှင့် ကျောချင်းကပ်နေသော ကြို့ကုန်းရေလှောင်တမံရှိရာ ယင်းကြို့ကုန်းရေကန်ကို အမှီပြုနေသော ဧရိယာ ဧက ၂၄၁၃တွင် ရေလိုအပ်ခဲ့လျှင် သဲဖြူရေလှောင်တမံမှ ရေထုတ်ပြွန်တစ်ခုတပ်ဆင်ပြီး ရေကူပေးနိုင်ရန် အစီအစဉ်ရှိသည်။

သဲဖြူရေလှောင်တမံကို တည်ဆောက်လျက်ရှိရာတွင် ပင်မတမံနှင့် ကုန်းကြောတမံနှစ်ခု တည်ဆောက်မှု ပြီးစီးသွားပြီဖြစ်၍ အချောသပ်လုပ်ငန်းဖြစ်သော ကျောက်စီလုပ်ငန်းအား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ခဲ့ရသည်။

ရေများသိုလှောင်ရာတွင် သတ်မှတ်ထားသော ရေလှောင်နိုင်အား ပမာဏထက် ကျော်လွန်လာလျှင် ရေများလွှဲချပေးရန်အတွက် ရေပိုလွှဲကို တည်ဆောက်ကြရသည့် အလျောက် သဲဖြူရေလှောင်တမံ၌ အကျယ်ပေ ၃၀၊ အလျား ၅၂၂ ပေရှိသော ကျောက်စီသံကူကွန်ကရစ် ရေပိုလွှဲကို နှစ်ဆင့် တည်ဆောက်လျက်ရှိသည်။ ရေပိုလွှဲ၏ အမြင့်ဆုံးရေထုစီးနှုန်းသည် ၄၈၂ ကုဗပေ/စက္ကန့်နှုန်းဖြင့် လွှဲပေးမည်ဖြစ်သည်။

## အပြီးဆောက်မည်

သဲဖြူရေလှောင်တမံတွင် ဆည်ရေသောက်ဒေသသို့ ရေပေးနိုင်ရန်အတွက် တူးမြောင်းမကြီးကို ပေ ၁၂၁၀၀ဖြင့် လည်းကောင်း၊ လက်တံတူးမြောင်းများအဖြစ် လက်တံလေးခု ပါဝင်တည်ဆောက်ပြီး တိုက်ရိုက်လက်တံ ခုနစ်ခု၊ လက်တံခွဲများလည်း တည်ဆောက်မည်ဖြစ်သည်။ ရေပေးမြောင်းလုပ်ငန်းကို ရာခိုင်နှုန်း ၄၀ ခန့် တည်ဆောက်ပြီးစီး၍ ယခုနှစ် ဒီဇင်ဘာလတွင် အပြီးတည်ဆောက်မည်ဖြစ်သည်။

## ၁၆၃ခုမြောက်ဖွင့်မည်

သဲဖြူရေလှောင်တမံ တည်ဆောက် အကောင်အထည်ဖော်ရာတွင် လုပ်ငန်းကဏ္ဍအလိုက် အဓိကလုပ်ငန်း (၅)ရပ်ကို ဆောင်ရွက်ခဲ့ရာ အကြိုတည်ဆောက်ခြင်း၊ တမံတည်ဆောက်ခြင်း၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင် တည်ဆောက်ခြင်း၊ ရေပိုလွှဲ တည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရက်များမကြာမီ ၁၆၃ခုမြောက် ဆည်အဖြစ် ဖွင့်လှစ်တော့မည် ဖြစ်သည်။

## နိုင်ငံတော်အကျိုးဖြစ်ထွန်း

သဲဖြူရေလှောင်တမံစီမံကိန်းကို နိုင်ငံတော်အနေဖြင့် ငွေကျပ် သန်းပေါင်း ၃၀၀ခန့် အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ရာ သွားလာရေးခက်ခဲသော ဒေသအတွင်းရှိ ပြည်သူများအနေဖြင့် ဆည်တည်ဆောက်ရန် မော်တော်ကားလမ်းဖောက်ခြင်းကြောင့် ယင်းကားလမ်းကို အမှီပြု၍ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ယခင်ကနှင့်မတူ လွယ်ကူစွာ ဆက်သွယ် သွားလာနိုင်ကြပြီဖြစ်၍ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည် ဖြစ်သည့် အပြင် စပါး၊ ပဲ၊ နှမ်း၊ ကြံ စသော သီးနှံစိုက်ပျိုးရေးတို့အတွက် ရေလုံလောက်စွာ ရရှိတော့မည်ဖြစ်သည်။ ထို့ပြင် ဒေသခံ တောင်သူများ၏ တစ်ဦးချင်းဝင်ငွေတိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာနိုင်မည်ဖြစ်ကာ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်း ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသားဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**သဲဖြူရေလှောင်တမံစီမံကိန်းတွင် ပါရှိသည့် ကျောက်စီသံကူကွန်ကရစ်ဖြင့် ပြုလုပ်ထားသော အကျယ်ပေ ၃၀၊ အလျား ၅၂၂ပေရှိ ဆောက်လုပ်ပြီးစီးသွားသည့် ရေပိုလွှဲကြီးကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

# အလိုတော်ပြည့် (၁၀)ရက် ဝိပဿနာတရားစခန်းကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမွေရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်နေ့မှ ဝါခေါင်လပြည့်ကျော် ၁၀ ရက် (ဩဂုတ် ၃၀ရက်မှ စက်တင်ဘာ ၉ရက်)အထိ ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့် ဆရာတော်ကြီးနှင့် ဆရာတော်ကြီး၏ တပည့် သန်လျင်ဆရာတော် ကျိုက်ဒေးယံ့အရှင်ဥတ္တရ (ဓမ္မာစရိယနယ်လှည့်ဓမ္မကထိက) အလိုတော်ပြည့် ကမ္မဋ္ဌာနာစရိယ အရှင်သောဘနတို့က သတိပဋ္ဌာန် အလုပ်ပေးတရားတော်တို့ကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် ဩဂုတ် ၃၀ ရက် ညနေ ၅ နာရီအရောက် အလိုတော်ပြည့်ကျောင်းတိုက်သို့ လာရောက်ကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း–၀၁–၅၄၅၃၃၇၊ ၀၉–၈၀–၃၀၆၆၆ နှင့် ၀၉–၅၀–၁၄၅၀၀တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားသည်။

**(က–ပ)**

# နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

**၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။**

ဝတ္ထုရှည်နှင့် ဝတ္ထုတိုပြိုင်ပွဲဝင်သူများသည် တပ်မတော်၏ အစဉ်အလာ (၁၂)ရပ်နှင့် ဘောင်ဝင်အောင်ရသမြောက်စွာရေးဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ခေါင်းစဉ်သတ်မှတ်ပေးထားခြင်းမရှိဘဲ မိမိနှစ်သက်ရာ ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင် ဝတ္ထုရှည်ကို စာလုံးရေ ၅၀၀၀၀မှ ၇၀၀၀၀ အတွင်းရေးသားကြရမည်။ ပြိုင်ပွဲဝင် ဝတ္ထုတိုကို စာလုံးရေ ၄၀၀၀မှ ၁၀၀၀၀ အတွင်းရေးသားကြရမည် ဖြစ်သည်။

ပြိုင်ပွဲဝင် ဆောင်းပါးကို စာလုံးရေ ၃၀၀၀မှ ၅၀၀၀ အတွင်းရေးသားရမည်ဖြစ်ပြီး ဆောင်းပါးအတွက် သတ်မှတ်ပေးထားသော ခေါင်းစဉ်မှာ **"တပ်မတော်၏ အမျိုးသားနိုင်ငံရေးအစဉ်အလာကောင်းများ"**ဟူ၍ ဖြစ်သည်။

ပြိုင်ပွဲဝင်သူများသည် စာမူနှစ်စောင်နှင့်အတူ မိမိကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများတွင် ဆုရရှိထားသည့် စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်း ကတိဝန်ခံချက်၊ စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ ပတ်စ်ပို့အရွယ် (၂ ၁/၂ x၂)လက်မနှစ်ပုံတို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့်ဆောင်းပါးပြိုင်ပွဲများသို့ စာပေဝါသနာရှင်တိုင်း ကဏ္ဍတစ်မျိုးတွင် တစ်ပုဒ်ကျစီပါဝင်ယှဉ်ပြိုင်ခွင့် ရှိသည်။ ပြိုင်ပွဲအားလုံးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့်အထူးဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည် ဖြစ်သည်။

## ပေးပို့

ပြိုင်ပွဲဝင်စာမူများကို ဦးကိုကိုထွေး အတွင်းရေးမှူး၊ တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည် ဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၂၆–၈–၂၀၀၄ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၅ | ၅။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက |
| ၈:၀၅ | ၆။ | အကပဒေသာ |
| ၈:၁၅ | ၇။ | အဆိုပြိုင်ပွဲ |
| ၈:၂၀ | ၈။ | သုံးဆယ်ရေလှောင်တမံ |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English for Everyday Use. |
| ၁၆:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇:၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ) |
| ၁၇:၁၅ | ၆။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၁၇:၃၀ | ၇။ | လက်ဆင့်ကမ်းပေးဂီတတေး |
| ၁၇:၄၅ | ၈။ | **"ချစ်သောရေ၊ချစ်သောမြေ"** ရာဇာနေဝင်း၊ခိုင်နှင်းဝေ (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ) |
| ၁၈:၀၀ | ၉။ | တေးဂီတအစီအစဉ် |
| ၁၈:၁၅ | ၁၀။ | မြန်မာစာမြန်မာစကား |
| ၁၈:၃၀ | ၁၁။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"**(အပိုင်း–၅) |
| ၁၉:၃၀ | ၁၄။ | တေးဂီတအစီအစဉ် |
| ၁၉:၄၅ | ၁၅။ | နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည် |
| ၂၀:၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | မြန်မာ့ရုပ်ရှင်**"ဆန်ရေ"** (အပိုင်း–၁) ညွှန့်ဝင်း၊ လွင်မိုး၊ မြင့်မြင့်ခိုင်၊ စမ်းစမ်းအေး၊ ခိုင်နှင်းဝေ (ဒါရိုက်တာ–ကြည်စိုးထွန်း) |
| | ၂၀။ | နောက်တစ်နေ့အစီအစဉ် |

# အမှတ်(၆)သကြားစက်(ရေတာရှည်) ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင် စစ်ဆေး ကြံစိုက်ပျိုးမှုနှင့်သကြားထုတ်လုပ်မှု ဟန်ချက်ညီညီဆောင်ရွက်ရေး မှာကြား

ရန်ကုန် ဩဂုတ် ၂၅

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်သည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ မြန်မာ့ကြံလုပ်ငန်း အမှတ်(၆) သကြားစက်(ရေတာရှည်)သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ စက်ရုံမှူးက ကြံကြိတ်ဝါးရာသီမရောက်မီ စက်ပိုင်းဆိုင်ရာ ပြုပြင်မွမ်းမံပြင်ဆင်မှု၊ ကြံဝယ်ယူရေး၊ သယ်ယူရေး၊ လာမည့် ကြံစိုက်ပျိုးရာသီ၌ သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးရေးစီမံထားမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကုန်ထုတ်စွမ်းအား ပြည့်မီကျော်လွန်ရေး၊ လေလွင့်မှုမရှိရေး၊ ကြံစိုက်ပျိုးမှုနှင့် သကြားထုတ်လုပ်မှု ဟန်ချက်ညီညီဆောင်ရွက်ရေးတို့ကို မှာကြားသည်။**

ထို့နောက် ဝန်ကြီးသည် သကာရည်မှ သကြားထုတ်လုပ်နိုင်သည့် သကြားစက်ရုံငယ်ကိုစစ်ဆေးရာ မြန်မာ့ကြံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က သကြားထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းပြသသည်။

**စံချိန်မီ**

ယင်းနောက် ဝန်ကြီးသည် သိုလှောင်ရုံများ၌ သကြားအိတ်များ စနစ်တကျ ထားသိုမှုနှင့် အမှတ်(၆) သကြားစက်ရုံ၏ ပြုပြင်မွမ်းမံနေသည့် စက်ပိုင်းဆိုင်ရာ ပြင်ဆင်မှု၊ စမ်းသပ်လည်ပတ်မှုတို့ကိုစစ်ဆေးပြီး စက်ရုံမှူးနှင့် ဝန်ထမ်းများအား စံချိန်မီ အရည်အသွေးကောင်း သကြားထုတ်လုပ်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၌ ပါဝင်သည့် ဖြူးမြို့နယ်အတွင်း ဖြူးချောင်း၊ သဘော်မြောင်ရိုးအနီး၌ တည်ဆောက်နေသည့် ဖြူးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

**ရှင်းလင်းပြသ**

ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က ရေလွှဲဥမင်အဝင်နှင့် ရေလွှဲဥမင်အထွက်ပိုင်း တည်ဆောက်မှုတို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တူးဖော်နေသည့် လုပ်ငန်း၊ ပင်မတမံအောက်ခြေ ရှင်းလင်းမှုလုပ်ငန်းတို့ကို ပုံစံများဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးသည် ရှုရပ်မှ ပင်မတမံ တည်ဆောက်မည့်နေရာ၌ စက်အင်အားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ချောင်းကို ပိတ်၍ တည်ဆောက်နေသည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးခင်မောင်ယုက ချောင်းပိတ်တမံ မြေဖို့တည်ဆောက်ပြီးစီးသည့်လုပ်ငန်းပိုင်း၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်း၊ ရေလွှဲဥမင် တည်ဆောက်ပြီးစီး၍ ပင်မရဲနွယ်ချောင်းကို ရေလွှဲပေးနိုင်မှုလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်မှု၌ မြေကြီးလုပ်ငန်း၊ ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်ဆဲတို့ကို ရှင်းလင်းတင်ပြသည်။

**အထောက်အကူပြု**

တည်ဆောက်နေဆဲ ရဲနွယ်ရေလှောင်တမံအပါအဝင် တည်ဆောက်ပြီး ဘိုင်းဒါးရေလှောင်တမံ၊ ကောလိယရေလှောင်တမံတို့သည် ပြွန်တန်ဆာလွင်ပြင်၌ သီးထပ်သီးနှံစိုက်ပျိုးရေး၊ ရေလွှမ်းမှုကာကွယ်ရေးတို့ကို များစွာ အထောက်အကူပြုမည့် ဘက်စုံရေလှောင်တမံစီမံကိန်းကြီးများဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကန်တော်ကြီးဥယျာဉ်ဖွင့်ပွဲတွင် ဈေးပွဲတော်ပါဝင်ကျင်းပနိုင်ရေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၂၅

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် ဖွင့်ပွဲအခမ်းအနားတွင် ဈေးပွဲတော်တစ်ရပ် ပါဝင်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ဇော်နှင့် Woodland Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းအောင်တို့ တက်ရောက်ကြသည်။

**ဆွေးနွေးပြောကြား**

အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် ဖွင့်ပွဲအခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ဈေးပွဲတော်တစ်ရပ်ကို စည်ကားသိုက်မြိုက်စွာ ပါဝင်ကျင်းပနိုင်ရေးအတွက် ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ခရီးသွားလုပ်ငန်းရှင်များအသင်းတို့နှင့်ပူးပေါင်း၍ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ မြန်မာ့ရိုးရာ ခြင်းခတ်ပြိုင်ပွဲကို နိုင်ငံတော်အဆင့်အထိ စည်ကားစွာ ကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဘက်စုံစိုက်ပျိုးမှုစနစ်စီမံကိန်း စတုတ္ထအကြိမ် ကျွမ်းကျင်ပညာရှင်များအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

**အာဆီယံ-ဂျပန်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ဆောင်ရွက်သည့် ဘက်စုံစိုက်ပျိုးမှုစနစ်စီမံကိန်း စတုတ္ထအကြိမ် ကျွမ်းကျင်ပညာရှင်များ အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး The Regional Project Coordinator from ASEAN Secretariat, Dr. Azmi Matakhir နှင့် The Representative of MAFF, Japan,Mr. Yutaka ISHIBA တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဘက်စုံစိုက်ပျိုးမှုစနစ်စီမံကိန်း စတုတ္ထအကြိမ် ကျွမ်းကျင်ပညာရှင်များအစည်းအဝေးကို ဆက်လက်ကျင်းပသည်။ အဆိုပါ ဘက်စုံစိုက်ပျိုးမှုစနစ်စီမံကိန်းကို ရှမ်းပြည်နယ် အင်းလေးကန်ဒေသနှင့် ဧရာဝတီတိုင်း ညောင်တုန်းဒေသတို့၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပုပ္ပားမိုး(၂)မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းပွဲ

**ရန်ကုန် ဩဂုတ် ၂၅**

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း၌ လစဉ် ၁၀ရက် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ (၁၁၇) ကြိမ်မြောက် တရားစခန်းပွဲတွင် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ၊ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဇာဂရ(ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ စက်တင်ဘာ ၂ ရက် (ကြာသပတေးနေ့)ညနေအရောက် ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ဩဂုတ် ၂၁ ရက်က ကျောက်တံတားမြို့နယ် အမှတ်(၄)ရပ်ကွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင် ပြန်/ဆက်)

**တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း ဇီဇဝါဂါးဒင်း အက်စ်/၁၁ နေ ဦးအိုက်ပေါ(ခ) ဦးရန်အောင်၊ ဒေါ်ဆိုင်မွန်း မိသားစုတို့က သား မောင်ထက်အောင်မြင်၏ ငါးနှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် နှင့် ဆေးပဒေသာပင် ငွေကျပ် နှစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

**ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်း ဩဂုတ် ၁၄ရက်က နဝဒေး မြို့ရှောင်လမ်း ရေစီးရေလာကောင်း မွန်ရေးအတွက် စက်ယန္တရားဖြင့် ရေမြောင်း တူးဖော်ခြင်း ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# အီတလီနှင့် အီရတ်အသင်းတို့ ရှုံးပွဲနှင့်ကြုံ ရှုံးပွဲမရှိအာဂျင်တီးနားနှင့် ပါရာဂွေးတို့ ဗိုလ်လုပွဲ၌ဆုံပြီ

## သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ

**ရန်ကုန် ဩဂုတ် ၂၅**

အေသင်အိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ဩဂုတ် ၂၄ ရက်က ဂရိနိုင်ငံတွင် ကျင်းပခဲ့ရာ အီတလီနှင့် အာဂျင်တီးနားတို့ပွဲ တွင် အာဂျင်တီးနားက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး၊ အီရတ်နှင့် ပါရာဂွေးတို့ပွဲတွင်ပါရာဂွေးက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြပြီ ဖြစ်သည်။

### ကြည့်ရှုအားပေး

၂၀၀၄ ခုနှစ် အေသင်အိုလံပစ် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် အီတလီနှင့်အာဂျင်တီးနားတို့ ဂရိနိုင်ငံ အေသင်မြို့ရှိ ကာရစ်ကာကီ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ ပရိသတ် ၃၀၉၁၀ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အာဂျင်တီးနားနှင့်အီတလီတို့ပွဲ ကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် မက္ကဆီကိုနိုင်ငံမှ အာချန်ဒိုင်ရာက ဆောင်ရွက်သည်။ ယခုပွဲ ယှဉ်ပြိုင်ကစားရာတွင် အာဂျင်တီးနားတို့က ၃း၄း၃ ပုံစံဖြင့် ကစားပြီး အီတလီတို့က ၄း၄း၂ ပုံစံဖြင့် ကစားခဲ့သည်။

### အဖွင့်ဂိုးသွင်း

အာဂျင်တီးနားတိုက်စစ်မှူးများဖြစ်သည့် တီဗက်ဇ်၊ ရိုဆေးလ်နှင့် ဒယ်ဂါဒိုတို့က အီတလီနောက်တန်းခံစစ်မှူးများကို တစ်ဦးချင်းရော အတွဲလိုက်ပါ ထိုးဖောက်ကစားရာ ပွဲချိန်၁၆မိနစ်တွင် အာဂျင်တီးနား တိုက်စစ်မှူးကာလော့စ်တီဗက်ဇ်က အီတလီ နောက်ခံလူများကြားမှ အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။

အာဂျင်တီးနား တိုက်စစ်မှူး ကာလော့စ်တီဗက်ဇ်သည် ယခု ဂိုးသွင်းယူနိုင်ခဲ့သဖြင့် အေသင်အိုလံပစ် ဘောလုံးပြိုင်ပွဲ၌ သူ၏ ခုနစ်ဂိုးမြောက် သွင်းယူနိုင်ခဲ့သည့် ဂိုးဖြစ်သွားသည်။ အီတလီတို့ တစ်ဂိုးပေးလိုက်ရသဖြင့် ကစားအားတင်ကာ ကွင်းလယ်ကစားကွက်တည်ပြီး တိုက်စစ်ဆင် ကစားရာ အီတလီကွင်းလယ်မှ ဗီလုန်ဘို၊ ပီရာလိုနှင့် ရော့စ်စီတို့က ဘောလုံးပေးပို့မှုများ တိကျမှန်ကန်သော်လည်း အီတလီ တိုက်စစ်မှူးများ အခွင့်အရေးရအောင် မဖန်တီးနိုင်ခဲ့ချေ။

### အီတလီတစ်ဂိုးနစ်နာ

အီတလီ တိုက်စစ်မှူးများဖြစ်သည့် ဂီလာဒီနို၊ စကူလီတို့သည် အာဂျင်တီးနား ခံစစ်မှူးများကို မကျော်လွှားနိုင်ဘဲရှိရာ ပွဲချိန် ၄၃မိနစ်တွင် အီတလီ တိုက်စစ်မှူး စကူလီ သေချာပေါက် ကန်သွင်းခွင့် ရရှိသော်လည်း ကန်ချက် မမှန်ဘဲဖြစ်ခဲ့သဖြင့် အီတလီ တို့ တစ်ဂိုးနစ်နာခဲ့ရသည်။

အီတလီတို့ အဝေးပေးကစားကွက် ပြောင်းပြီး အလယ်တန်းမှ ပင်ဇီ နှင့် ဗီလုန်ဘိုတို့က တိုက်စစ်တွင် လိုက်ပါကာ အုပ်စုဖွဲ့ ထိုးဖောက်ကစားသော်လည်း တောင့်တင်းခိုင်မာသော အာဂျင်တီးနားနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ပထမပိုင်း ပွဲချိန်ပြီးသည်အထိ အာဂျင်တီးနားတို့က တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

### မနားတမ်းကာကွယ်

ဒုတိယပိုင်းစသည်နှင့် အာဂျင်တီးနားတို့က ဂိုးထပ်မံရရှိရေး အပြင်းအထန် ကြိုးစားကစားလာရာ အာဂျင်တီးနားအလယ်တန်းမှ မက်ချီရာနို၊ ဂွန်ဇာလက်၊ ဒီအလက်ဆန်ဒရိုနှင့် လူးဝစ်ဂွန်ဇာလက်တို့က ရှေ့တန်း

**အေသင်အိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် အီရတ်နှင့် ပါရာဂွေးတို့ပွဲစဉ်တွင် အီရတ်မှ အီမက်မိုဟာမက် ထိုးဖောက်ကစားမှုကို ပါရာဂွေးမှ အော်ရီလီရာနိုတောရက်စ်က ဟန့်တားစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

တိုက်စစ်မှူးများနှင့်အတူ တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၆၉မိနစ်တွင် အာဂျင်တီးနား ကွင်းလယ်ကစားသမား လူးဝစ်ဂွန်ဇာလက်က အီတလီ နောက်ခံလူနှစ်ဦး လိုက်လံဟန့်တားနေသည့်ကြားမှ အမှတ်မထင် ကန်သွင်းရာ ဂိုးဝင်သွားခဲ့သဖြင့် အာဂျင်တီးနားတို့ ဒုတိယဂိုးရရှိခဲ့သည်။ အာဂျင်တီးနားတို့က အီတလီအသင်းဘက်ကို အချိန်များများ ထိုးဖောက်ကစားနိုင်ခဲ့ရာ အီတလီနောက်တန်းခံစစ်မှူးများ မနားတမ်းဖျက်ထုတ်ကာကွယ်နေရသည်။

အီတလီတို့ ချေပဂိုးများရရှိရေးအတွက် နောက်တန်းခံစစ်မှူးများက တိုက်စစ်ကို အဝေးပေးဘောများဖြင့် စတင်ပြီး လိုက်ပါအားဖြည့်ထိုးဖောက်ကစားသော်လည်း အီတလီတိုက်စစ်မှူးများ အဆုံးသတ် မပိုင်နိုင်ကြသဖြင့် ဂိုးမရရှိခဲ့ချေ။

### အာဂျင်တီးနားနိုင်

ပွဲချိန်၈၄မိနစ်တွင် အာဂျင်တီးနား ကွင်းလယ်ကစားသမား ဂွန်ဇာလက်က ပင် ဂိုးဧရိယာအတွင်းထိ ဘောလုံးဆွဲယူလာပြီး နောက်တန်းခံစစ်မှူးများကို ကျော်ဖြတ်ကာ သွင်းယူခဲ့ခြင်းကြောင့် အာဂျင်တီးနားတို့ တတိယဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပွဲပြီးချိန်အထိ အီတလီတို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် အာဂျင်တီးနားကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်သွားရခြင်းဖြစ်သည်။

### ဗိုလ်လုပွဲရောက်ရှိ

အာဂျင်တီးနားတို့ အကြိုဗိုလ်လုပွဲအထိ အုပ်စုပွဲသုံးပွဲ၊ ကွာတားပွဲတစ်ပွဲ၊ အကြိုဗိုလ်လုပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာတွင် သရေမရှိ၊ အရှုံးမရှိ၊ ပေးဂိုးမရှိဟူသောရလဒ်ကောင်းများကို သယ်ဆောင်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ ရောက်ရှိလာပြီဖြစ်သည်။

အိုလံပစ် အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် အီရတ်နှင့် ပါရာဂွေး အသင်းတို့ ဂရိနိုင်ငံ သက်ဆာလိုနီကီမြို့ရှိ ကာဖ်တန်ဇော့လီရိုအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ ပရိသတ်၆၂၁၃ဦးလာရောက်အားပေးကြည့်ရှုခဲ့ကြသည်။

အီရတ်နှင့် ပါရာဂွေးတို့ပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် ပြင်သစ်နိုင်ငံမှ ပေါလက်က ဆောင်ရွက်သည်။ အီရတ်အသင်းက ၄း၄း၂ပုံစံဖြင့် ကစားပြီး ပါရာဂွေးအသင်းက ၅း၃း၂ပုံစံဖြင့် ကစားခဲ့သည်။

### သတိထားကစားခဲ့

အုပ်စုပွဲနှင့် ကွာတားဖိုင်နယ်ပွဲများအထိ ခြေစွမ်းပြလာခဲ့သော အီရတ်အသင်းကို တောင်အမေရိကခြေစွာ ပါရာဂွေးတို့ သတိကြီးစွာထားပြီး ကစားခဲ့ရသည်။

အာရှဖလားပွဲမှ အားကစားသမားများဖြင့် ပါဝင်ဖွဲ့စည်းထားသည့်အီရတ်အသင်းသည် အိုလံပစ်ခရီးကို ဆက်လက်လျှောက်လှမ်းခဲ့ရသဖြင့် ပွဲပန်းမှုများ ကြုံရကာ ယခုအကြိုဗိုလ်လုပွဲ၌ ထက်မြက်သောခြေစွမ်းများပျောက်ဆုံးလျက် ရှိနေသည်။

### ကန်ချက်မမှန်

ပွဲစသည်နှင့် အနိုင်ဂိုးသွင်းနိုင်မှု စိတ်ဆန္ဒများဖြင့် အီရတ်တို့ တစ်ဦးချင်းရော အတွဲလိုက်ပါ ထိုးဖောက်ကစားခဲ့ကြရာ ပါရာဂွေးခံစစ်မှူးများက ကောင်းစွာဟန့်တားနိုင်ခဲ့သည်။ အီရတ်တိုက်စစ်မှူးများဖြစ်သည့် ယူနစ်မာမွတ်၊ အီမက်မိုဟာမက်တို့ ကန်ချက်မမှန်မှုကြောင့် ဂိုးမရရှိခဲ့ချေ။

ပါရာဂွေးတို့က အလယ်တန်းမှ ဘယ်ညာတောင်ပံများသို့ဖြတ်တင်ပေးသည့် ဘောလုံးများကို တိုက်စစ်မှူးများဖြစ်သည့် ကာဒိုဇိုနှင့် ဘာရီရိုတို့က ကောင်းစွာအသုံးချနိုင်ကြရာ ပွဲချိန် ၁၇မိနစ်တွင် ပါရာဂွေးတိုက်စစ်မှူး ကာဒိုဇိုက အီရတ်ဂိုးဧရိယာအတွင်းမှ မနားတမ်းကန်သွင်းယူခဲ့သဖြင့် ပထမဂိုးစတင်ရရှိခဲ့သည်။

### ပါရာဂွေးဂိုးသမားကာကွယ်

ဂိုးပေးလိုက်ရသဖြင့် အီရတ်တို့ တန်ပြန် တိုက်စစ်ဆင် ကစားရာ ထိရောက်မှုရှိသော်လည်း ပါရာဂွေး ခံစစ်မှူးများက အီရတ်တိုက်စစ်မှူးများကို ကောင်းစွာဟန့်တားနိုင်ခဲ့ကြသည်။ အဝေးမှအမှတ်မထင်ကန်သွင်းမှုများကိုလည်း ပါရာဂွေးဂိုးသမားဘာရီတိုက ကာကွယ်နိုင်ခဲ့သည်။

### ကာဒိုဇိုခြေစွမ်းပြ

ပါရာဂွေးအသင်း အပေးအယူကောင်းမွန်ပြီး ထိုးဖောက်ကစားနိုင်မှုကြောင့် ပွဲချိန်၃၄မိနစ်တွင် ပါရာဂွေးတိုက်စစ်မှူးကာဒိုဇိုကပင် ဒုတိယဂိုးသွင်းယူခဲ့သည်။ ယခုပွဲတွင် ကာဒိုဇိုသည်အထူးခြေစွမ်းပြနိုင်ပြီး ရှေ့နောက်လိုက်ပါကစားပေးနိုင်ခဲ့သည်။

အီရတ် ကွင်းလယ်ကစားကွက်တည်မရဘဲရှိရာ ပါရာဂွေးတို့၏ ဖြတ်တောက်ဟန့်တားမှုကြောင့်ကွင်းလယ်၌ပင် ကစားကွက်ပျက်လျက် ရှိနေသည်။ ပထမပိုင်းပြီးချိန်တွင် ပါရာဂွေးတို့က နှစ်ဂိုး–ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

### တတိယဂိုးရရှိ

ဒုတိယပိုင်းတွင် အီရတ်မှ နာရိုတ်အက္ကရင်အစား မက်ဒီကရင်နှင့် ဟိုင်ဒရာ အဗ္ဗဒူရာဇက်ဇ်အစား ဆာလစ်ဆာဒါတို့ ဝင်ရောက် ကစားသော်လည်း ကစားကွက် ထူးခြားမလာဘဲရှိရာမှ ပွဲချိန် ၆၈ မိနစ်တွင် ပါရာဂွေးတိုက်စစ်မှူး ဘာရီရိုက ကွင်းလယ်မှ ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို အီရတ်နောက်ခံလူတစ်ဦးက လိမ်ကာ ပြင်းပြင်းကန်သွင်းမှုကြောင့် တတိယဂိုး ရရှိသွားခဲ့ပြန်သည်။

အီရတ်တို့ ကွင်းလယ်ကစားကွက်တည်ပြီး ပြန်လည်ထိုးဖောက်ကစားရာ ပါရာဂွေးဘက်သို့ တန်ပြန်တိုက်စစ်ဆင်နိုင်ခဲ့သည်။ ပွဲချိန် ၇၃ မိနစ်တွင် အီရတ်မှ ကွင်းလယ်ကစားသမား အဘူအယ်ဟာရယ်အစား ဖာဟင်ရာဇက် ဝင်ရောက်ကစားခဲ့ရာမှ အီရတ်တို့ ကစားကွက် ပြန်တည်ငြိမ်လာပြီး အဝေးပေး၊ အနီးပေးဘောများဖြင့် ပါရာဂွေးဘက်သို့ ထိုးဖောက်ကစားရာ ပွဲချိန် ၈၃ မိနစ်တွင် လူစားဝင်လာသူ ဖာဟင်ရာဇက်က သွင်းယူခဲ့မှုကြောင့် အီရတ်တို့ ချေပဂိုး တစ်ဂိုးပြန်ရရှိခဲ့ခြင်းဖြစ်သည်။

### အီရတ်ရှုံးနိမ့်

ဆက်လက်ပြီး ချေပဂိုးများရရှိရေး ကြိုးစားသော်လည်း ပါရာဂွေး နောက်တန်းဟန့်တားဖျက်ထုတ်မှုများကြောင့် ပွဲချိန်ပြီးသည်အထိ ဂိုးထပ်မသွင်းနိုင်ဘဲ အီရတ်တို့ သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ပါရာဂွေးသည် အီရတ်ကို အနိုင်ရရှိခဲ့သဖြင့် ဗိုလ်လုပွဲ၌ အာဂျင်တီးနားတို့နှင့် ဆုံပြီဖြစ်ရာ အိုလံပစ်ပွဲတော်နှစ်ပေါင်း ၇၆ နှစ်ကြာမှ တောင်အမေရိကအသင်းနှစ်သင်း ဗိုလ်လုပွဲ၌ ပြန်လည်ဆုံတွေ့ကြခြင်းဖြစ်ပြီး မည်သည့်အသင်း ဗိုလ်စွဲမည်ကို ရင်ခုန်စွာ စောင့်ကြည့်ရပေတော့မည်။ ။

**(မြန်မာ့အလင်း)**

# မိုးရာသီ အလွတ်တန်းဘော်လီဘော ဆက်လက်ယှဉ်ပြိုင်

**ရန်ကုန် ဩဂုတ် ၂၅**

၂၀၀၄ခုနှစ် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မိုးရာသီ အလွတ်တန်း (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံ အားကစားရုံတွင် ဆက်လက်ကျင်းပသည်။

ယနေ့ဆက်လက်ကျင်းပသော ပွဲစဉ်များအနက် အမျိုးသမီးနှစ်ပွဲတွင် ပြည်ထဲရေးအသင်းက ကာကွယ်ရေးအသင်းကို သုံးပွဲ–နှစ်ပွဲဖြင့်လည်းကောင်း၊ ပို့ဆောင်ရေး(က)အသင်းက စက်မှု(၁)အသင်းကို သုံးပွဲ–ပွဲမရှိဖြင့် လည်းကောင်း အနိုင်ရရှိပြီး အမျိုးသားသုံးပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက ပို့ဆောင်ရေးအသင်းကို သုံးပွဲ–ပွဲမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေး(လူငယ်)အသင်းက ကက(ရေ)အသင်းကို သုံးပွဲ–ပွဲမရှိဖြင့်လည်းကောင်း၊ မြို့တော်စည်ပင် အသင်းက ကာကွယ်ရေး (မျိုးဆက်သစ်)အသင်းကို သုံးပွဲ–ပွဲမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲကို ဩဂုတ် ၂၆ရက် **(ယနေ့)**တွင် နံနက် ၉နာရီမှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံ အားကစားရုံတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## ကမ္ဘာတစ်လွှား အားကစား

# တရုတ်အမျိုးသားနှင့် အမျိုးသမီးများ အိုလံပစ်ဒိုင်ဗင်တွင် ရွှေလေးခုဆွတ်ခူး

**အေသင် ဩဂုတ် ၂၅**

တရုတ်နိုင်ငံမှ ပင်ဘိုသည် အိုလံပစ်အားကစားပြိုင်ပွဲ အမျိုးသားသုံးမီတာစပရင်ဘုတ်ဒိုင်ဗင်ပြိုင်ပွဲတွင် တရုတ်နိုင်ငံအတွက် စတုတ္ထမြောက်ဒိုင်ဗင် ရွှေတံဆိပ်ဆွတ်ခူးသွားခဲ့သည်။

၎င်းသည် ၇၈၇ဒသမ ၃၈မှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ကနေဒါမှ အလက်ဇန္ဒားက ၇၅၅ ဒသမ၉၇မှတ်ဖြင့် ဒုတိယငွေတံဆိပ်ကို ရရှိခဲ့ခြင်းဖြစ်သည်။

ဆစ်ဒနီအိုလံပစ် ပလက်ဖောင်းဒိုင်ဗင်ချန်ပီယံ ဒီမီထရီဆောတင်သည် ၇၅၃ဒသမ၂၇မှတ်ဖြင့် တတိယကြေးတံဆိပ်သာရရှိခဲ့သည်။

အဆိုပါ ဒိုင်ဗင်ရွှေတံဆိပ်သည် တရုတ်နိုင်ငံအတွက် အေသင်၌ဒိုင်ဗင်တွင်စတုတ္ထမြောက်ရွှေတံဆိပ်ဖြစ်သည်။

တရုတ်နိုင်ငံသည် အေသင်အိုလံပစ် ဒိုင်ဗင်ပြိုင်ပွဲတွင်အမျိုးသား၊အမျိုးသမီး ဒိုင်ဗင်ပြိုင်ပွဲ အမျိုးအစားပလက်ဖောင်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုစီကိုလည်းကောင်း၊ သုံးမီတာစပရင်ဘုတ်တွင် ရွှေတံဆိပ်တစ်ခုစီကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သဖြင့် စုစုပေါင်း ဒိုင်ဗင် ရွှေလေးခု ဆွတ်ခူးခဲ့သည်။**(ဆင်ဟွာ)**

**အေသင်အိုလံပစ် အမျိုးသားဒိုင်ဗင်ပြိုင်ပွဲ သုံးမီတာစပရင်ဘုတ်၌ (ဝဲမှယာ) ငွေတံဆိပ်ရှင် ကနေဒါမှ အလက်ဇန္ဒား၊ ရွှေတံဆိပ်ရှင် တရုတ်မှ ပင်ဘိုနှင့် ကြေးတံဆိပ်ရှင် ရုရှားမှ ဒီမီထရီဆောတင်တို့အား ဆုယူပြီး အပြုံးကိုယ်စီနှင့် ဤသို့တွေ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)

# ချန်ပီယံလိဂ် တတိယဆင့် ဒုတိယအကျော့ ခြေစစ်ပွဲအနိုင်အရှုံး

**မက္ကာဘီဟိုင်ဖာ ဩဂုတ် ၂၅**

ဩဂုတ် ၂၅ ရက်က ချန်ပီယံလိဂ် တတိယဆင့် ဒုတိယအကျော့ ခြေစစ်ပွဲ အနိုင်အရှုံးမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| မက္ကာဘီဟိုင်ဖာ | ၂–၃ | ရိုစင်ဘော့ |
| အင်ဒါလက်ချ် | ၃–၀ | ဘင်ဖီကာ |
| မိုနာကို | ၆–၀ | နီဗာဂိုရီကာ |
| အင်တာမီလန် | ၄–၁ | ဘာဆဲလ် |
| ဒီပို့တီဗို | ၃–၀ | ရှဲလ်ဘုန်း |
| လီဗာပူး | ၀–၁ | ဂရက်ဇ်အေကေ |

**အမ်အင်အေ၊ရိုက်တာ။**

အင်းစိန် အမက(၁၂) ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၀ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဒေါဖရင့်အော့ဖ်ဝေးက ဘာသာစုံ၊ဘက်စုံထူးချွန်ဆုရရှိသည့်တတိယတန်း (က)မှ မောင်ကောင်းဝေယံအား ဆုချီးမြှင့်စဉ်။ (က–ပ)

## ရန်ကုန်တိုင်းဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲ သုံးခွမြို့နယ်နှင့်ကမာရွတ်မြို့နယ်အကြိုဗိုလ်လုပွဲတက်

**ရန်ကုန် ဩဂုတ် ၂၅**

၂၀၀၄ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အသက်(၁၇)နှစ်နှင့်အောက် မြို့နယ်ပေါင်းစုံ လူငယ်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ယနေ့ မွန်းလွဲ၁နာရီခွဲမှစတင်၍ မရမ်းကုန်းမြို့နယ် နဝဒေးအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

### သုံးခွမြို့နယ်အနိုင်ရရှိ

ပထမပွဲစဉ်အဖြစ် လှိုင်သာယာမြို့နယ်အသင်းနှင့် သုံးခွမြို့နယ်အသင်းတို့ယှဉ်ပြိုင်ကစားရာ သုံးခွမြို့နယ်အသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲအပြီးတွင် ပွဲစဉ်အလိုက်အကောင်းဆုံးဆုရရှိသော ညီညီထွန်း(လှိုင်သာယာ)အား ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးအောင်မော်သိန်းက ငွေကျပ်ငါးထောင် ပေးအပ်ချီးမြှင့်သည်။

### ကမာရွတ်အနိုင်ရရှိ

ဒုတိယပွဲစဉ်အဖြစ် တာမွေမြို့နယ်အသင်းနှင့် ကမာရွတ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကမာရွတ်မြို့နယ်အသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲအပြီးတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိသော ကျော်ဇေယျာဝင်း(ကမာရွတ်)အား ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးခင်မောင်မြင့်က ငွေကျပ်ငါးထောင်ပေးအပ်ချီးမြှင့်သည်။

### (ကက)အုပ်စု

(ကက)အုပ်စု ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ သုံးခွမြို့နယ်အသင်းက သုံးပွဲနိုင် (၉)မှတ်၊ ကမာရွတ်မြို့နယ်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး(၆)မှတ်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ တာမွေမြို့နယ်အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး(၃)မှတ်၊ လှိုင်သာယာမြို့နယ်အသင်းက သုံးပွဲရှုံး အမှတ်မရဘဲ ပြိုင်ပွဲမှ ထွက်သွားရသည်။

### ယနေ့ပွဲ

ဩဂုတ်၂၆ရက်**(ယနေ့)**တွင် (ခခ)အုပ်စုနောက်ဆုံးပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ မွန်းလွဲ၁နာရီခွဲ၌ ရွှေပြည်သာမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်အသင်း၊ ညနေ၃နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

### အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ကျော်ဇင်မြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/မဂဒ(နိုင်) ၁၀၇၇၀၆ ကိုင်ဆောင်သူသည် မိဘများ၏ စကားကိုနားမထောင်ဘဲ မိမိသဘောအတိုင်းပြုမူသွားသည့်အတွက် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**(ဦးဘုန်းမြင့်–ဒေါ်ရင်ရွှေ)။**

## ညောင်ကန်အေးဆရာတော်ဒေသနာခရီးမှ ပြန်လည်ကြွရောက်

**ရန်ကုန် ဩဂုတ် ၂၅**

အင်းစိန်မြို့နယ် မဟာစည် ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ ပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုလ္လာနက ညောင်ကန်အေးသာသနာ့ရိပ်သာပြည်တွင်းပြည်ပ သာသနာပြု သင်တန်းကျောင်း ကထိက အစိုးရဓမ္မာစရိယ (M.Aကိုလံဘို) အရှင်ပရမနှင့် ဝေယျာဝစ္စအဖွဲ့ဘဏ္ဍာရေးမှူး ကပ္ပိယ ဦးအုန်းရွှေတို့သည် ဩဂုတ် ၁ ရက် နံနက် ၈ နာရီတွင် မလေးရှားနိုင်ငံသို့ ဒေသနာခရီး ကြွရောက်တော်မူကြရာ မလေးရှားနိုင်ငံ ကွမ်တန်မြို့ ဝိပဿနာ အသင်းတိုက်၌ ဩဂုတ် ၂ ရက်မှ ၁၆ရက်အထိ ၁၅ရက် စခန်းကို ကွမ်တန်မြို့ ဗုဒ္ဓဘာသာ အသင်းတိုက်၊ ဒုံကွန်းမြို့ ဗုဒ္ဓဘာသာအသင်းကျောင်းနှင့် တာဒန်ဂါနူးမြို့ ဗုဒ္ဓဘာသာ အသင်းကျောင်းတို့တွင် မဟာစည် သတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဟောကြားပြသခဲ့သည်။ ဩဂုတ် ၁၆ရက်မှ ၂၃ရက်များ၌ ကွာလာလမ်ပူမြို့ ကပ်ပုန်းသမ္မာသမ္ဗောဓိကျောင်းနှင့် ပူချုန်းမြို့နယ်၊ ဘလက်ကောင်းမြို့နယ်၊ ဆာဒန်းမြို့နယ်များရှိ မြန်မာများကို မဟာစည် သတိပဋ္ဌာန်ဝိပဿနာ တရားတော်များ ဟောကြားပြသတော်မူခဲ့ကြသည်။ ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည် ကြွရောက်တော်မူရာ ညောင်ကန်အေး သာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းကြည်နှင့် တပည့် ရဟန်းရှင်လူများက ကြိုဆိုပူဇော်ကြကြောင်းသိရသည်။ (က–ပ)

## ပြန်ကြားရေးဝန်ကြီးဌာနတွင် အသုံးပြုရန်လိုအပ်သောပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့တွင်အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါသည်–

**(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

| | | |
|---|---|---|
| (1) | Spares for 9 Base Station TV TX | (1) Set |
| (2) | Spares for Computer & Networking | (1) Set |
| (3) | အသံလွှင့်လုပ်ငန်းသုံး Tape များ | (8)Items |
| (4) | ရုပ်မြင်သံကြားလုပ်ငန်းသုံး Tape များ | (3)Items |
| (5) | ရုပ်မြင်သံကြားလုပ်ငန်းသုံးစက်ပစ္စည်းများ | (3)Items |
| (6) | 10.W TV TX Complete Set | (4) Sets |
| (7) | အသံလွှင့်လုပ်ငန်းသုံးစက်ပစ္စည်းများ | (12)Items |
| (8) | Radio Studio Digitalization Equipment for Studio(E) | (1) Set |
| (9) | Plain Paper Copier $A_3$ | (2) Nos |
| (10) | Copy Printer(2 Paper Tray) | (1) No |
| (11) | Digital Photo Copier(18.Copier $A_3$.Size) | (1) No |

**(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

| | | |
|---|---|---|
| (1) | Camera(28 to 90mm Wide Zoom Lens with Case) | (20) Nos |
| (2) | Flash Gun | (20) Nos |
| (3) | TV Receiver(29")(Multi Colour) | (10) Nos |
| (4) | TV Receiver(21")(Multi Colour) | (10) Nos |
| (5) | Radio Cassette Recorder(130-Watts) | (10) Nos |
| (6) | Video Cassette Player(23 Watts)(240.V) | (10) Nos |
| (7) | Video Compact Disc Player | (65) Nos |
| (8) | Generating Set(2 KVA) | (24) Nos |
| (9) | Air Conditioner(1 HP)(Window Type) | (10) Nos |

**(ဂ) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**

| | | |
|---|---|---|
| (1) | Wire Stitching Machine | (4) Nos |
| (2) | Air Conditioner(1.5HP)(Window Type) | (7) Nos |
| (3) | Battery Charger | (1) No |
| (4) | Clip on Amperer Meter(1to1000A) | (1) No |
| (5) | Plain Paper Copier | (2) Nos |

**(ဃ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

| | | |
|---|---|---|
| (1) | Computer e-Mac | (14) Nos |
| (2) | Computer Pentium IV | (3) Nos |
| (3) | Laser Printer $A_4$ | (7) Nos |
| (4) | Laser Printer $A_3$ | (10) Nos |
| (5) | Dot Matric Printer $A_3$ | (5) Nos |
| (6) | Scanner $A_3$ | (5) Nos |
| (7) | Cutting Machine | (3) Nos |
| (8) | Generator | (1) No |

**(င) မြန်မာ့ရုပ်ရှင်လုပ်ငန်း**

| | | |
|---|---|---|
| (1) | TV Receiver-21"(Multi Colour/HiFi) & Video Cassette Recorder(HiFi) | (12) Sets |
| (2) | 35 mm Fuji Colour Negative Film(400') | (200)Rolls |

၂။ တင်ဒါပေးသွင်းမှုကို ၃–၉–၂၀၀၄ ရက် ၁၆း၃၀ နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း–၂၄၅၆၃၁၊ ၂၄၅၆၂၄၊၂၄၅၆၄၅။**



## ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**ဖျာပုံ ဩဂုတ် ၂၃**

ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၀ရက်က ကျုံတာ ရှမ်းကွင်းကျေးရွာမြို့ဝင်ဇကေ ၄၀၀ စံပြကွက်စခန်း၌ ကျင်းပသည်။

**ရည်ရွယ်ချက်မှာကြား**

ရေးဦးစွာ ဖျာပုံခရိုင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးရဲထွင့်က စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း လုပ်ငန်း ရည်ရွယ်ချက်များ မှာကြားသည်။

ဆက်လက်၍ ခရိုင်ငါးလုပ်ငန်း ဦးစီးမှူး ဦးအေးလွင်က စပါးခင်းများတွင် ငါးမျိုးများ စိုက်ထည့်၍ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

**ငါးမျိုးများစိုက်ထည့်**

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးရဲထွင့်၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမောင်ဌေး၊ မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက ငါးမျိုးများ ကျေးရွာ ဥက္ကဋ္ဌများသို့ ပေးအပ်ပြီး စပါးခင်းများအတွင်း ငါးမျိုးတစ်သိန်းခွဲကျော် စိုက်ထည့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်ကျွန်းမြို့နယ် အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သောအားဖြင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်အေးအေးယု၊ အသင်း ဥက္ကဋ္ဌ ဒေါ်အေးသန်းနှင့် ကျန်းမာရေးဝန်ထမ်းများဩဂုတ် ၁၄ရက်က မြို့မ(၁၁)ရပ်ကွက်အတွင်းရှိနေအိမ် ရေအိုးရေစည်များတွင် ပိုးလောက်လမ်းရှိမရှိစစ်ဆေးကြစဉ်။(၀၉၇)

## ဆင်ဘိုမြို့ သာယာလှပရေး ရာသီပန်းများစုပေါင်းစိုက်ပျိုး

**ဆင်ဘို ဩဂုတ် ၁၀**

ဆင်ဘိုမြို့တွင် မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်း စိုပြည်ရေးအတွက် ဩဂုတ် ၄ရက်က အငယ်တန်း အင်ဂျင်နီယာ (၂) ဦးကျော်လွင်ထွန်းနှင့်အဖွဲ့ဝန်ထမ်းများ လမ်းဘေးဝဲယာတစ်လျှောက်တွင် ဒေသထွက် ရာသီအလှပန်းပင်များ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**(ပြည်နယ် စည်ပင်)**

ဩဂုတ် ၁၁ရက်က ဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သောမြို့တွင်း လမ်းဘေးရေမြောင်း တူး ဖော် ခြင်းကို အမှုဆောင်အရာရှိ ဦးကျော်သူ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## မိုင်းယုမြို့တွင်ကျောက်ချောလမ်းခင်း

**မိုင်းယု ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ ဗိုလ်မှူးနေလင်းနှင့် မိုင်းယုမြို့ ဥက္ကဋ္ဌဦးငွေဒိုးတို့သည် ဩဂုတ် ၉ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့တွင် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့်ဆောင်ရွက်သော ဝမ်ဖော်အတွင်းလမ်း ကျောက်ချောခင်းရန်ဆောင်ရွက်ပြီးစီးမှုနှင့် ပြုပြင်ထိန်းသိမ်းထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းဦးက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများ ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

## ငှက်ဖျားရောဂါကာကွယ်ရေး အသိပညာပေးဆွေးနွေး

**လွိုင်ကော် ဩဂုတ် ၈**

ပဉ္စမအကြိမ်မြောက် အမျိုးသားငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၀ရက်က ပြည်နယ်ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်သီက ငှက်ဖျားရောဂါကာကွယ်ရေးနှင့်ပတ်သက်သည့် လက်တွေ့ဖြစ်ရပ်များကို ဆွေးနွေး ဟောပြောသည်။

အဆိုပါ ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး ဆွေးနွေးပွဲများကို ကျေးရွာနှင့်ရပ်ကွက်တို့တွင် ဇူလိုင် ၁၀ရက်မှ ၁၆ရက်အထိ ကျင်းပကြကြောင်း သိရသည်။ **(၀၆၆)**

## မင်းဘူးမြို့ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးအဖွဲ့ တောင်မန်းစံပြကျေးရွာတွင် မျက်စိကွင်းဆင်းကုသ

**မင်းဘူး ဩဂုတ် ၁၅**

မင်းဘူးမြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းအဖွဲ့တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းဝင်းနှင့်အဖွဲ့သည် ဩဂုတ် ၁၁ ရက်က တောင်မန်းစံပြကျေးရွာသို့သွားရောက်၍ ကျေးလက်ပြည်သူများနှင့် တွဲဖက်အလယ်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ၏ မျက်စိကျန်းမာရေး စစ်ဆေးကုသပေးကြသည်။ **(အောက်ပုံ)**

မျက်စိဝေဒနာရှင်၂၇၅ဦးနှင့် ကျောင်းသားကျောင်းသူ၄၂၄ဦးတို့အား စစ်ဆေးကုသပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာ၁၁ဦးကို အခမဲ့ခွဲစိတ်ကုသမှုခံယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသည်။ တောင်မန်းစံပြကျေးရွာတွင် ကုသ၍ရသော မျက်စိကွယ်ဝေဒနာရှင်မရှိစေရေး ရည်မှန်းချက်ဖြင့် တတိယအကြိမ်မြောက် ကွင်းဆင်းကုသခြင်းဖြစ်ကြောင်း သိရသည်။ **(က–ပ)**

# အမြို့မြို့ အနယ်နယ် သတင်းများ

## သာပေါင်းမြို့ ဗဟိုလမ်း စုပေါင်းသန့်ရှင်း

**သာပေါင်း ဩဂုတ် ၅**

သာပေါင်းမြို့ စည်ပင်သာယာရေးအဖွဲ့က ဗဟိုလမ်းတစ်လျှောက်တွင် ဇူလိုင် ၃၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် အနေ့းယာဉ်လုပ်သားများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)**

## ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းပူးပေါင်း ကောလင်း၌ဆေးရုံသုံးပစ္စည်းနှင့် ဆေးပဒေသာပင်လှူဒါန်း

**ကောလင်း ဩဂုတ် ၃**

ကောလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးကူညီစောင့်ရှောက်မှုအသင်းတို့ ပူးပေါင်းကျင်းပသော ပြည်သူ့ဆေးရုံသို့ ခေတ်မီစက်ကိရိယာပစ္စည်း၊ ဆေးရုံသုံးပစ္စည်းနှင့် ထာဝရဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဇူလိုင် ၂၃ ရက်က ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်က အမှာစကားပြောကြားပြီး သန့်ဇင်ဝင်းဆေးလိပ်ခုံပိုင်ရှင် ဒေါ်သန်းရီက ငွေကျပ် ၁၅သိန်းတန် ခေတ်မီ အီးစီဂျီစက်တစ်လုံး၊ ဦးဌေးအောင်–ဒေါ်ခင်မေရီ (မြစ်ကြီးနား)က ငွေကျပ်ခုနစ်သိန်းငါးသောင်းတန် ကွန်ပျူတာတစ်စုံ၊ မြို့မရပ်(ဦးစက်နိုင်)–ဒေါ်ကြည်က ကျပ် လေးသိန်းငါးသောင်းတန် အသားဝါမီးကင်စက်တစ်စုံနှင့် ကျန်းမာရေးဝန်ထမ်း မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်းတန် လေအေးပေးစက်တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(၀၂၆)**

## မြန်မာ့အသံ

**၂၇–၈–၂၀၀၄**

**(သောကြာနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ဝဠ္ဍသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား
(ပြည်ပသွင်းကုန်အစားထိုး အဆင့်မြင့် သံဂဟေဆော်စက်များ အကြောင်း)
၁၁း၃၅ သုတရေးရာဖြေကြားလွှာ
၁၂း၀၀ ကျန်းမာရေးနှင့်ဆေးပညာ
(အာဟာရချို့တဲ့မှုများ ကာကွယ်ရေးနှင့် အာဟာရမျှတအောင်စားသုံးရေး)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ
(မျက်မှန်ကလေးတစ်လက်)
၁၃း၁၀ ကမ္ဘာ့ဂီတ

**ညနေပိုင်း**

၁၆း၂၀ ကျေးလက်ဇာတ်လမ်း(ဆေးဖက်ဝင်)
၁၇း၃၀ အဘိုးအဘွားအလေးထားကဏ္ဍ
(စာရေးဆရာမကြီး မမြတ်လေးနှင့် တွေ့ဆုံဆွေးနွေးခန်း)
၁၇း၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ
(ရှေ့လာမည့်နှစ်၅၀အကြောင်း– ပထမပိုင်း၊ မောင်ဆုရှင်)

## စုပေါင်းသန့်ရှင်း

**ကျိုက်ထို ဩဂုတ် ၁၀**

ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဆန်း၊ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်အေး ဦးဆောင်သော ဝန်ထမ်းများ၊ ဈေးသူဈေးသားများ၊ဈေးအစည်းအရုံးဝင်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ပြည်သူများ ပူးပေါင်း၍ ဩဂုတ် ၁ရက်က ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ဈေး ပြည်သူ့ဆေးရုံနှင့်အားကစားကွင်းရှေ့ရှိ ရေမြောင်းများမှ အမှိုက်သရိုက်များ၊ တူးဖော်ရှင်းလင်းခြင်းနှင့် လမ်းဘေးဝဲယာ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။ အဆိုပါ စုပေါင်းဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပေါင်းတည်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်

ပေါင်းတည် ဩဂုတ် ၂၂

ပေါင်းတည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ချို့တဲ့ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများအား တစ်နှစ်စာပညာသင် ထောက်ပံ့ခြင်း အခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက်၉နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှကြိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ထောက်ပံ့ငွေပေးအပ်**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှကြိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းက ချို့တဲ့ထူးချွန် ထက်မြက်သော ကျောင်းသား ကျောင်းသူများ ရွေးချယ်ရသည့် အကြောင်းရင်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်တင်အေးက ပညာသင်ထောက်ပံ့ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှကြိုင်နှင့်တာဝန်ရှိသူများကထောက်ပံ့ငွေကျပ်၉၉၀၀၀ ကို ကျောင်းသား ကျောင်းသူ ၂၈ဦးတို့အား ပေးအပ်ကြသည်။**(အပေါ်ပုံ)(၀၆၄)**

## မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ မိသားစုဝင်ငွေတိုး စိုက်ပျိုးမွေးမြူရေး ရင်းနှီးမတည်ငွေထုတ်ပေး

သထုံ ဩဂုတ် ၁၅

**မွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီမှ မိသားစုဝင်ငွေတိုးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး ရင်းနှီးမတည်ငွေထုတ်ပေးခြင်းအခမ်းအနားကို ဩဂုတ် ၁၂ရက်က ပေါင်မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**လက်ခံရယူ**

ရှေးဦးစွာ မွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီနာယက တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့က အမှာစကားပြောကြားပြီး မိသားစုဝင်ငွေတိုး လုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်ကြမည့် သူများအား ရင်းနှီးမတည်ငွေ ကျပ်ငါးသိန်းပေးအပ်ရာ စိုက်ပျိုးရေးအတွက် ရင်းနှီးမတည်ငွေကို ဒေါ်မိယဉ်ပြုံးက လည်းကောင်း၊ ဝက်မွေးမြူရေးအတွက် ရင်းနှီးမတည်ငွေကို ဒေါ်သန်းသန်းမော်ကလည်းကောင်း၊ ကြက်မွေးမြူရေး အတွက် ရင်းနှီးမတည်ငွေကို ဒေါ်စိုးတင့်ကလည်းကောင်း လက်ခံရယူကြသည်။

ဆက်လက်၍ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်များတွင်လည်း မိသားစုဝင်ငွေတိုး လုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး ရင်းနှီးမတည်ငွေ ထုတ်ပေးခြင်း အခမ်းအနားများကို သက်ဆိုင်ရာမြို့နယ်များတွင် ကျင်းပကြကြောင်းသိရသည်။ **(၁၆၈)**

**သီပေါမြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် လက်ထောက်အင်ဂျင်နီယာဦးမျိုးမင်းညွန့် ဦးဆောင်သော ဝန်ထမ်းများ ဩဂုတ်၁၂ရက်က မြို့တွင်းလမ်းဘေးဝဲယာတွင် ပန်းအလှပင်များ စိုက်ပျိုးရန် ပျိုးအိတ်ထုပ်လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။** (၁၀၆)

**ရွှေကူမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသာဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ဩဂုတ် ၁၃ရက်က စံပြလမ်း ကျောက်စုဆောင်းမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြစဉ်။**
(မြို့နယ်စည်ပင်)


**ဖခင်အမည်မှန်**

၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို မော်ဘီ အထက(၁) စာစစ်ဌာနမှ အောင်မြင်သူ မဆာရ ဗန်ဒေါ့သ်ချင် ဆမ–၅၈၉၏ ဖခင် အမည်မှန်မှာ ဦးလျန်ဆဝုန်းဖြစ်ပါ ကြောင်း။

**ရောင်း/ငှားမည်**

Junction 8(ကိုး)လွှာရောင်းမည်။ ခရီးစဉ်မျိုးစုံအတွက် Aircon, Mini Bus, Saloon မျိုးစုံ ငှားရန်ရှိသည်။ အကျိုးတူပူးပေါင်း လိုသော ယာဉ်နံပါတ်အရှိ၊ အနက် ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
**ဖုန်း–၅၂၄၆၈၆။**

**ဦးအောင်ဆန်းထွန်း(ခ)ဦးထွန်း (ခ)**
Donald Mya Maung
B.A (Hist), H.G.P
**(စိန့်ဖိလစ်နှင့်စိန့်ဂျွန်း ကျောင်းသားဟောင်း)**
**အသက် (၅၈)နှစ်**

ရန်ကုန်မြို့၊ ၄၇၊ ဦးရွှေဂွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်နေ (ဦးမြမောင်–ဒေါ်ခင်ဖြူ)တို့ ၏သား၊(ဒေါ်ခင်စန်းရီ)၊ (ဒေါ်ခင်စန်းကြည်) (စား/ထွေ–ငြိမ်း)–ဦးဇော်ဝင်း၊ ဦးအောင်ဆန်းမောင် (ဒေါပုံမြို့နယ် ထွေ/အုပ်–ငြိမ်း)–ဒေါ် ထားထားဆွေတို့၏ ညီမောင်၊ ဒေါ်ခင် စန်းသီ (ရှေ့နေချုပ်ရုံး)၊ ဒေါ်ခင်စန်း မော်(မြို့တော်စည်ပင်)၊ ဒေါ်ခင်စန်းနွဲ့ တို့၏ အစ်ကို၊ တူ တူမ ၁၄ ယောက် တို့၏ ဦးလေး၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၃–၈–၂၀၀၄ ရက် (တနင်္လာနေ့)နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။

၂၉–၈–၂၀၀၄ (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ၁၁နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက် ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု။**


## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
## ရန်ကုန်အဝေးသင်တက္ကသိုလ်
# ဘွဲ့နှင်းသဘင်ကျင်းပခြင်းကြေညာချက်

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၂–၂၀၀၃ ပညာသင်နှစ်အတွက် ၂၀၀၃ခုနှစ် ဧပြီလနှင့် မေလတွင် ကျင်းပပြီးစီးခဲ့သော ဝိဇ္ဇာဘွဲ့နှင့် သိပ္ပံဘွဲ့စာမေးပွဲများကို အောင်မြင်ပြီး တက်ရောက်ဘွဲ့ယူရန် ၂၈–၅–၂၀၀၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားပြီးသော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အမျိုးသားများအတွက် အနောက်တိုင်းဝတ်စုံအနက်မှ မိမိကြိုက်နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသူကျောင်းသားများသည် အစမ်းလေ့ကျင့်ပွဲ နှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ လိုက်လျောညီထွေသော ဝတ်စားဆင်ယင်မှုများကိုသာ ဝတ်ဆင်ကြရန်နှင့် မြန်မာ့အသွင် ပျောက်နေသည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်လာသူများကို အစမ်းလေ့ကျင့်ပွဲအပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားများသို့ လုံးဝတက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

၃။ **(၄၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

| **အထူးပြု/ဌာနခွဲ** | **အစမ်းလေ့ကျင့်ရက်** | **ဘွဲ့နှင်းသဘင်ရက်** |
|---|---|---|
| မြန်မာစာ (ဒဂုံ) | ၁၆–၉–၂၀၀၄ (ကြာသပတေးနေ့) | ၁၈–၉–၂၀၀၄ (စနေနေ့) |
| (၃မ–၁မှ ၆၈၃ထိ) | နံနက် ၉း၀၀ နာရီ | နံနက် ၉း၀၀ နာရီ |
| သချာ် (ပြည်) | ခန်းမ (ရှေ့ခြမ်း) | (ပ–နံနက်) |
| သတ္တဗေဒ (ပြည်) | | |
| မြန်မာစာ(ဒဂုံ) | ၁၆–၉–၂၀၀၄ (ကြာသပတေးနေ့) | ၁၈–၉–၂၀၀၄ (စနေနေ့) |
| (၃မ–၆၈၄နှင့်အထက်) | နံနက် ၉း၀၀ နာရီ | မွန်းလွဲ ၂း၃၀နာရီ |
| မြန်မာမှု (ဒဂုံ) | ခန်းမ (နောက်ခြမ်း) | (ပ–ညနေ) |
| စီးပွားရေး (မော်လမြိုင်) | | |
| စီးပွားစီမံ (မော်လမြိုင်) | | |
| အိမ်တွင်းစီးပွား (မော်လမြိုင်) | | |
| ပြည်သူ့ရေးရာ (မော်လမြိုင်) | | |
| ရုက္ခဗေဒ (ပြည်) | | |
| ရုက္ခဗေဒ (စစ်တွေ) | | |
| ပထဝီဝင် (ဒဂုံ) | ၁၆–၉–၂၀၀၄ (ကြာသပတေးနေ့) | ၁၉–၉–၂၀၀၄ (တနင်္ဂနွေနေ့) |
| (၃ပ–၁မှ ၆၇၄အထိ) | မွန်းလွဲ ၂း၀၀ နာရီ | နံနက် ၉း၀၀နာရီ |
| အင်္ဂလိပ်စာ(ပြည်) | ခန်းမ (ရှေ့ခြမ်း) | (ဒု–နံနက်) |
| ရူပဗေဒ (ပြည်) | | |
| ဓာတုဗေဒ (တောင်ငူ) | | |
| ပထဝီဝင် (ဒဂုံ) | ၁၆–၉–၂၀၀၄ (ကြာသပတေးနေ့) | ၁၉–၉–၂၀၀၄ (တနင်္ဂနွေနေ့) |
| (၃ပ–၆၇၅နှင့်အထက်) | မွန်းလွဲ ၂း၀၀ နာရီ | မွန်းလွဲ ၂း၃၀နာရီ |
| စိတ်ပညာ (ဒဂုံ) | ခန်းမ (နောက်ခြမ်း) | (ဒု–ညနေ) |
| ဓာတုဗေဒ (ပြည်) | | |
| သတ္တဗေဒ (တောင်ငူ) | | |
| ရုက္ခဗေဒ (တောင်ငူ) | | |

ဘွဲ့နှင်းသဘင် တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၃–၉–၂၀၀၄ရက်နေ့မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျား လမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။

၄။ **(၄၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

| **အထူးပြု/ဌာနခွဲ** | **အစမ်းလေ့ကျင့်ရက်** | **ဘွဲ့နှင်းသဘင်ရက်** |
|---|---|---|
| သမိုင်း (ဒဂုံ) | ၇–၁၀–၂၀၀၄ (ကြာသပတေးနေ့) | ၉–၁၀–၂၀၀၄ (စနေနေ့) |
| (၃သ–၁မှ ၅၃၅အထိ) | နံနက် ၉း၀၀ နာရီ | နံနက် ၉း၀၀နာရီ |
| ရူပဗေဒ (ပုသိမ်) | ခန်းမ (ရှေ့ခြမ်း) | (ပ–နံနက်) |
| ရူပဗေဒ (တောင်ငူ) | | |
| ရူပဗေဒ (စစ်တွေ) | | |
| သတ္တဗေဒ (စစ်တွေ) | | |
| သမိုင်း (ဒဂုံ) | ၇–၁၀–၂၀၀၄ (ကြာသပတေးနေ့) | ၉–၁၀–၂၀၀၄ (စနေနေ့) |
| (၃သ–၅၃၆မှ ၁၁၈၄အထိ) | နံနက် ၉း၀၀နာရီ | မွန်းလွဲ ၂း၃၀နာရီ |
| ဓာတုဗေဒ (မော်လမြိုင်) | ခန်းမ (နောက်ခြမ်း) | (ပ–ညနေ) |
| သချာ် (မော်လမြိုင်) | | |
| သမိုင်း (ဒဂုံ) | ၇–၁၀–၂၀၀၄ (ကြာသပတေးနေ့) | ၁၀–၁၀–၂၀၀၄ (တနင်္ဂနွေနေ့) |
| (၃သ–၁၁၈၅နှင့်အထက်) | မွန်းလွဲ ၂း၀၀ နာရီ | နံနက် ၉း၀၀ နာရီ |
| အရှေ့တိုင်းပညာ (ဒဂုံ) | ခန်းမ (ရှေ့ခြမ်း) | (ဒု–နံနက်) |
| အရှေ့တိုင်းပညာ (မော်လမြိုင်) | | |
| ဒဿနိကဗေဒ (မော်လမြိုင်) | | |
| စိတ်ပညာ (မော်လမြိုင်) | | |
| သိပ္ပံအားလုံး (ထားဝယ်) | | |
| သတ္တဗေဒ (ပုသိမ်) | | |
| စီးပွားစီမံ (ရန်ကုန်အရှေ့ပိုင်း) | ၇–၁၀–၂၀၀၄ (ကြာသပတေးနေ့) | ၁၀–၁၀–၂၀၀၄ (တနင်္ဂနွေနေ့) |
| အရှေ့တိုင်းပညာ(ရန်ကုန်အရှေ့ပိုင်း) | မွန်းလွဲ ၂း၀၀ နာရီ | မွန်းလွဲ ၂း၃၀ နာရီ |
| အရှေ့တိုင်းပညာ (စစ်တွေ) | ခန်းမ (နောက်ခြမ်း) | (ဒု–ညနေ) |
| ဒဿနိကဗေဒ (စစ်တွေ) | | |
| စိတ်ပညာ (စစ်တွေ) | | |
| အင်္ဂလိပ်စာ (စစ်တွေ) | | |
| အင်္ဂလိပ်စာ (မော်လမြိုင်) | | |
| ပထဝီဝင် (တောင်ငူ) | | |
| သချာ် (တောင်ငူ) | | |
| ရူပဗေဒ (မော်လမြိုင်) | | |
| သတ္တဗေဒ (မော်လမြိုင်) | | |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၄–၁၀–၂၀၀၄ရက်နေ့မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။

၅။ **(၄၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

| **အထူးပြု/ဌာနခွဲ** | **အစမ်းလေ့ကျင့်ရက်** | **ဘွဲ့နှင်းသဘင်ရက်** |
|---|---|---|
| ပထဝီဝင်(ပြည်) | ၂၁–၁၀–၂၀၀၄ | ၂၃–၁၀–၂၀၀၄(စနေနေ့) |
| စိတ်ပညာ(ပြည်) | (ကြာသပတေးနေ့) | နံနက် ၉း၀၀နာရီ |
| ဒဿနိကဗေဒ(ပြည်) | နံနက် ၉း၀၀နာရီ | (ပ–နံနက်) |
| ရူပဗေဒ(ဒဂုံ) | ခန်းမ(ရှေ့ခြမ်း) | |
| (၃/ရပ–၁မှ ၃/ရပ–၄၇၅ အထိ) | | |
| မြန်မာစာ(ပြည်) | ၂၁–၁၀–၂၀၀၄ | ၂၃–၁၀–၂၀၀၄ (စနေနေ့) |
| အရှေ့တိုင်းပညာ(ပုသိမ်) | (ကြာသပတေးနေ့) | မွန်းလွဲ ၂း၃၀နာရီ |
| စီးပွားရေး(ပြည်) | နံနက် ၉း၀၀နာရီ | (ပ–ညနေ) |
| စီးပွားစီမံ(ပြည်) | ခန်းမ(နောက်ခြမ်း) | |
| အိမ်တွင်းစီးပွား(ပြည်) | | |
| ပြည်သူ့ရေးရာ(ပြည်) | | |
| ရူပဗေဒ(ဒဂုံ) | | |
| (၃/ရပ–၄၇၆ နှင့်အထက်) | | |
| သမိုင်း(ပြည်) | ၂၁–၁၀–၂၀၀၄ | ၂၄–၁၀–၂၀၀၄ (တနင်္ဂနွေနေ့) |
| သမိုင်း(တောင်ငူ) | (ကြာသပတေးနေ့) | နံနက် ၉း၀၀ နာရီ |
| မြန်မာမှု(ပြည်) | မွန်းလွဲ ၂း၀၀ နာရီ | (ဒု–နံနက်) |
| အရှေ့တိုင်းပညာ(ပြည်) | ခန်းမ(ရှေ့ခြမ်း) | |
| ဓာတုဗေဒ(စစ်တွေ) | | |
| သချာ်(စစ်တွေ) | | |
| ရုက္ခဗေဒ(ဒဂုံ) | | |
| (၃/ရခ–၁မှ ၃၄၅အထိ) | | |
| ပထဝီဝင်(ပုသိမ်) | ၂၁–၁၀–၂၀၀၄ | ၂၄–၁၀–၂၀၀၄ (တနင်္ဂနွေနေ့) |
| စိတ်ပညာ(ပုသိမ်) | (ကြာသပတေးနေ့) | မွန်းလွဲ ၂း၃၀နာရီ |
| မြန်မာစာ(တောင်ငူ) | မွန်းလွဲ ၂း၀၀နာရီ | (ဒု–ညနေ) |
| စိတ်ပညာ(တောင်ငူ) | ခန်းမ(နောက်ခြမ်း) | |
| ဒဿနိကဗေဒ(တောင်ငူ) | | |
| ရုက္ခဗေဒ(ဒဂုံ) | | |
| (၃/ရခ–၃၄၇နှင့်အထက်) | | |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၈–၁၀–၂၀၀၄ ရက်နေ့မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။

*စာမျက်နှာ (၁၇)သို့*





## အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ မြို့တော်နေပြည်သူများမှ အဆောက်အအုံ ဆောက်လုပ်ခွင့်၊ ခြံစည်းရိုး ကာရံခွင့်၊ အကြီးစား ပြင်ဆင်ခွင့်၊ ပိုင်ဆိုင်မှု မမှန်ကန်သေးသော မြေများအား အထူးစီမံချက်ဖြင့် ဆောက်လုပ်ခွင့်များ လျှောက်ထားလာခြင်းတို့နှင့် ပတ်သက်၍ အဆင်ပြေချောမွေ့စေရန်အတွက် ဤဌာနအနေဖြင့် အထူးအလေးထား စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယင်းသို့ ဆောင်ရွက်ရာတွင် မြေပိုင်ဆိုင်မှုမှန်ကန်ပြီး လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်သည့် အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံပါက ၁၅ရက်အတွင်း ခွင့်ပြုမိန့်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ထိုကဲ့သို့ လျှောက်ထားဆောင်ရွက်ရာတွင် တစ်ဆင့်ခံ၊ ကြားခံလူ၊ ပွဲစားများဖြင့် ဆက်သွယ်ဆောင်ရွက်စေခြင်းဖြင့် မလိုလားအပ်ဘဲ အချိန်ကြန့်ကြာမှု၊ ငွေကုန်ကျမှုများသာမက လိမ်လည်မှုများကိုပါ တွေ့ကြုံရပြီး အခက်အခဲများဖြင့် ရင်ဆိုင်တွေ့ရှိနိုင်သည့်အတွက် ကိုယ်တိုင်လာရောက် အမှုတွဲဖွင့်လှစ်ခြင်းဖြင့် စိတ်ချမ်းမြေ့စွာနှင့် ဆောလျင်စွာ ခွင့်ပြုချက်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း တစ်ပါတည်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**အင်ဂျင်နီယာဌာန(အဆောက်အအုံ)။**

## PGS သောက်ရေသန့်

ဘာသာရေး၊လူမှုရေး၊ အခမ်းအနားများအတွက် ၀ ဒသမ ၆ လီတာဝင် ရေသန့်ဘူးအငယ်များ ဈေးနှုန်းသက်သာစွာဖြင့် ဆက်သွယ် ဝယ်ယူနိုင်ပါသည်။

**PGS သောက်ရေသန့် ဖုန်း–၂၀၃၄၃၃၊၂၀၃၄၃၆၊၇၀၉၉၃၂၊၂၄၇၅၄၂။**







## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အိမ်အမှတ် ဃ/၇၊ အောင်နန်းရပ်ကွက် (ဘောလုံးကွင်း) မိုးကုတ်မြို့နေ ဦးခင်–ဒေါ်တင်မိတို့၏သား မောင်ကျော်ဆန်းဦး(ခ)မောင်ဦး ၅/တဆန(နိုင်)၀၇၅၀၁၇သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၁၀–၈–၂၀၀၄ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာလိုက်သည်။ မောင်ကျော်ဆန်းဦး(ခ) မောင်ဦးနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**ဦးခင် ၅/တဆန(နိုင်)၀၀၂၂၅၅။**

## ဦးလှမောင်
### ကျိုက်လတ်မြို့
### အသက်(၈၂)နှစ်

(ဦးမဲ့–ဒေါ်နှင်းမယ်) တို့၏သားကြီး၊ (ဦးစိမ်းမောင်–ဒေါ်သန်းညွန့်)တို့၏သားသမက်၊ (ဒေါ်ကြည်ကြည်)၏ ခင်ပွန်း၊ ဒေါ်တင်တင်လှ၊ (ဦးသိန်းထွန်း)–ဒေါ်တင်တင်မြ၊ ဦးလှမင်း–ဒေါ်ခင်လှကြည်(PMG. Co.,)၊(ဦးကျော်မြင့်)–ဒေါ်ဖြူဖြူ၊ ဦးတင်မောင်ထွန်း(Geo.Bcs Co.)–ဒေါ်စုစုမွန်(Panthu Geological Service)၊ ဦးတင်မောင်ထွင်–ဒေါ်တူးတူးတို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ် သုံးယောက်တို့၏အဘိုး၊ (ဦးထင်ကျော်–ဒေါ်စဝ်ဘိုခမ်း)၊ (ဦးလွန်းတင်–ဒေါ်နု)၊ ဦးသန်းလှိုင်–ဒေါ်ခင်မြင့်မြင့်၊ (ဦးဝင်းဖေ)–ဒေါ်ခင်ညိုညို၊ ဦးအောင်မြင့်–ဒေါ်ဝင်းကြည်တို့၏ အစ်ကိုကြီးသည် ၂၃–၈–၂၀၀၄ ရက် (တနင်္လာနေ့)နေ့လယ်တွင်ကွယ်လွန်သွားပါသဖြင့် ၂၇–၈–၂၀၀၄ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုက်လတ်မြို့ သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ **ကျန်ရစ်သူမိသားစု။**

ဘုရား၊ထီး၊ရဟန်းဒါယကာကြီး
## ဒေါက်တာဦးထွန်းလင်း
### အသက်(၅၄)နှစ်

ပြင်ဦးလွင်မြို့ ဦးတင်တင်ကြီး–ဒေါ်စိန်စိန်တို့၏မောင်၊ မန္တလေးမြို့ (ပင်မစစ်လက်နက် ပစ္စည်းတပ်)ဦးထွန်းဝင်း–ဒေါ်မြင့်မြင့်အေးတို့၏ညီ၊ ရန်ကုန်မြို့ မင်္ဂလာဒုံ အထက(အထပြ ဆရာ)ဦးထွန်းလွင်၊ ကမာရွတ်မြို့နယ် လှိုင်ကျားကျောင်း အလက (အလပြ ဆရာမ) ဒေါ်မိုးကေသီတို့၏ အစ်ကို၊ မတ္တရာမြို့ မောင်ဇေယျာလင်း၊ မောင်အာကာလင်း၊ မနှင်းဆီလင်းတို့၏ ကျေးဇူးရှင် ဖခင်၊ ဒေါ်ခင်ဝင်းမွန်၏ ခင်ပွန်းသည် ၁၁–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၄ ရက်တွင် မတ္တရာမြို့ ရှေးဟောင်းသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

## ကိုမိုးသူ
### ရန်ကုန်အင်းကျည်တောက်ပေါက် စဥ့်ကူးမြို့နယ်၊ မန္တလေး
### အသက်(၄၁)နှစ်

ဇေယျာဝတီမြို့နယ် (ဦးဖိုးကြူ–ဒေါ်ညို)၊ ရန်ကုန်မြို့နေ (ဦးစံဘ–ဒေါ်ကျင်တီ)တို့ ၏ မြေးဦး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဆေးရုံဝင်း၊ အမှတ်၅၂၀၊ အခန်း ၁၂နေ ဦးသိန်း–ဒေါ်အေးကြည်တို့၏ သားကြီး၊ ကိုခင်မောင်ဆန်း–မမီမီသိန်း၊ (ကိုညီညီမောင်)၊ ကိုဇော်မင်း–မမီမီထက်(ခ) မသည်းအူတို့၏ အစ်ကိုကြီး၊ မချစ်ဖူးငုံ(ခ)ဖူးတုံ (ကွန်ပျူတာ တက္ကသိုလ်–နောက်ဆုံးနှစ်)၊ မောင်သိန်းစုချစ်(ခ)ဗုံဗုံ အထက (၃) ဗဟန်း၊ မောင်ကောင်းမြတ်ထူး(ခ)ကိုကို (ရန်ကင်း T.T.C)၊ မဘုန်းချစ်အိမ်(ခ)ဂျစ်ဂျစ်တို့၏ ဘကြီး၊ မယွန်းတွယ်တာ (ခ) မပီတိ အမက(၄) ဗဟန်းတို့၏ ဖခင်သည် ၂၂–၈–၂၀၀၄ ရက် မွန်းလွဲ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ မီးသဂြိုဟ် ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

*ဘွဲ့နှင်းသဘင်မှ*

**၆။ အကြိမ်(၅၀)မြောက် ဘွဲ့နှင်းသဘင်**

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| မြန်မာစာ(ဟသ်ာတ) | ၄–၁၁–၂၀၀၄ | ၆–၁၁–၂၀၀၄(စနေနေ့) |
| မြန်မာစာ(မြိတ်) | (ကြာသပတေးနေ့) | နံနက် ၉း၀၀နာရီ |
| ပထဝီဝင်မြိတ်) | နံနက် ၉း၀၀နာရီ | (ပ–နံနက်) |
| သတ္တဗေဒ(ဒဂုံ) | ခန်းမ(ရှေ့ခြမ်း) | |
| (၃/သတ–၁မှ ၃၆၆ အထိ) | | |
| မြန်မာစာ(ပုသိမ်) | ၄–၁၁–၂၀၀၄ | ၆–၁၁–၂၀၀၄ (စနေနေ့) |
| ပထဝီဝင်(ပဲခူး) | (ကြာသပတေးနေ့) | မွန်းလွဲ ၂း၃၀နာရီ |
| သတ္တဗေဒ(ဒဂုံ) | နံနက် ၉း၀၀နာရီ | (ပ–ညနေ) |
| (၃/သတ–၃၆၇နှင့်အထက်) | ခန်းမ(နောက်ခြမ်း) | |
| မြန်မာစာ(ပဲခူး) | ၄–၁၁–၂၀၀၄ | ၇–၁၁–၂၀၀၄ (တနင်္ဂနွေနေ့) |
| အင်္ဂလိပ်စာ(ဒဂုံ)+(နိုင်ငံခြား) | (ကြာသပတေးနေ့) | နံနက် ၉း၀၀နာရီ |
| ဓာတုဗေဒ(ဒဂုံ) | မွန်းလွဲ ၂း၀၀နာရီ | (ဒု–နံနက်) |
| (၃/ဓ–၁မှ ၃၂၅ ထိ) | ခန်းမ(ရှေ့ခြမ်း) | |
| ပထဝီဝင်(ဟသ်ာတ) | ၄–၁၁–၂၀၀၄ | ၇–၁၁–၂၀၀၄(တနင်္ဂနွေနေ့) |
| အင်္ဂလိပ်စာ(ရန်ကုန်အရှေ့ပိုင်း) | (ကြာသပတေးနေ့) | မွန်းလွဲ ၂း၃၀နာရီ |
| ဓာတုဗေဒ(ဒဂုံ) | မွန်းလွဲ ၂း၀၀နာရီ | (ဒု–ညနေ) |
| (၃/ဓ–၃၂၆နှင့်အထက်) | ခန်းမ(နောက်ခြမ်း) | |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁–၁၁–၂၀၀၄ရက်နေ့မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ်(၄၇/က၊ အင်းလျားလမ်း)ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။

**၇။ (၅၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| သမိုင်း(ပုသိမ်) | ၂၄–၁၁–၂၀၀၄ | ၂၇–၁၁–၂၀၀၄ (စနေနေ့) |
| စီးပွားရေး(ပုသိမ်) | (ဗုဒ္ဓဟူးနေ့) | နံနက် ၉း၀၀နာရီ |
| စီးပွားစီမံ(ပုသိမ်) | နံနက် ၉း၀၀နာရီ | (ပ–နံနက်) |
| အိမ်တွင်းစီးပွား(ပုသိမ်) | ခန်းမ(ရှေ့ခြမ်း) | |
| ပထဝီဝင်(မော်လမြိုင်) | | |
| သချ်ာ(ဒဂုံ) | | |
| (၃/သခ–၁ မှ ၂၈၇ ထိ) | | |
| သမိုင်း(ပဲခူး) | ၂၄–၁၁–၂၀၀၄ | ၂၇–၁၁–၂၀၀၄(စနေနေ့) |
| မြန်မာမှု(ပုသိမ်) | (ဗုဒ္ဓဟူးနေ့) | မွန်းလွဲ ၂း၃၀ နာရီ |
| ရသစာပေ(ပုသိမ်) | နံနက် ၉း၀၀နာရီ | (ပ–ညနေ) |
| အင်္ဂလိပ်စာ(ပုသိမ်) | ခန်းမ(နောက်ခြမ်း) | |
| ဒဿနိကဗေဒ(ပုသိမ်) | | |
| ဒဿနိကဗေဒ(ဒဂုံ) | | |
| သချ်ာ(ဒဂုံ) | | |
| (၃/သခ–၂၈၈ နှင့် အထက်) | | |
| သမိုင်း(ဟသ်ာတ) | ၂၄–၁၁–၂၀၀၄ | ၂၈–၁၁–၂၀၀၄(တနင်္ဂနွေနေ့) |
| မြန်မာစာ(စစ်တွေ) | (ဗုဒ္ဓဟူးနေ့) | နံနက် ၉း၀၀နာရီ |
| အိမ်တွင်းစီးပွား | မွန်းလွဲ ၂း၀၀နာရီ | (ဒု–နံနက်) |
| (ရန်ကုန်အရှေ့ပိုင်း) | ခန်းမ(ရှေ့ခြမ်း) | |
| စီးပွားရေး(စစ်တွေ) | | |
| စီးပွားစီမံ(စစ်တွေ) | | |
| ပြည်သူ့ရေးရာ(ပုသိမ်) | | |
| ဓာတုဗေဒ(ရန်ကုန်အရှေ့ပိုင်း) | | |
| မြန်မာစာ(ဘားအံ) | ၂၄–၁၁–၂၀၀၄ | ၂၈–၁၁–၂၀၀၄(တနင်္ဂနွေနေ့) |
| ပထဝီဝင်(ဘားအံ) | (ဗုဒ္ဓဟူးနေ့) | မွန်းလွဲ ၂း၃၀ နာရီ |
| ဝိဇ္ဇာအားလုံး(ထားဝယ်) | မွန်းလွဲ ၂း၀၀နာရီ | (ဒု–ညနေ) |
| သချ်ာ(ရန်ကုန်အရှေ့ပိုင်း) | ခန်းမ(နောက်ခြမ်း) | |
| ဓာတုဗေဒ(ပုသိမ်) | | |
| ရုက္ခဗေဒ(ပုသိမ်) | | |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၂၂–၁၁–၂၀၀၄ ရက်နေ့မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။

**၈။ (၅၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| စီးပွားရေး(ဒဂုံ) | ၉–၁၂–၂၀၀၄ | ၁၁–၁၂–၂၀၀၄(စနေနေ့) |
| (၃/စီး–၁မှ ၅၈၄အထိ) | (ကြာသပတေးနေ့) | နံနက် ၉း၀၀ နာရီ |
| သချ်ာ(ပဲခူး) | နံနက် ၉း၀၀နာရီ | (ပ–နံနက်) |
| သိပ္ပံအားလုံး(ဘားအံ) | ခန်းမ(ရှေ့ခြမ်း) | |
| စီးပွားရေး(ဒဂုံ) | ၉–၁၂–၂၀၀၄ | ၁၁–၁၂–၂၀၀၄(စနေနေ့) |
| (၃/စီး–၅၈၅နှင့် အထက်) | (ကြာသပတေးနေ့) | မွန်းလွဲ ၂း၃၀ နာရီ |
| ပထဝီဝင်(ရန်ကုန်အရှေ့ပိုင်း) | နံနက် ၉း၀၀နာရီ | (ပ–ညနေ) |
| သတ္တဗေဒ(ပဲခူး) | ခန်းမ(နောက်ခြမ်း) | |
| မြန်မာစာ(ရန်ကုန်အရှေ့ပိုင်း) | ၉–၁၂–၂၀၀၄ | ၁၂–၁၂–၂၀၀၄(တနင်္ဂနွေနေ့) |
| မြန်မာမှု(ရန်ကုန်အရှေ့ပိုင်း) | (ကြာသပတေးနေ့) | နံနက် ၉း၀၀နာရီ |
| ရသစာပေ(ရန်ကုန်အရှေ့ပိုင်း) | မွန်းလွဲ ၂း၀၀နာရီ | (ဒု–နံနက်) |
| အရှေ့တိုင်းပညာ(တောင်ငူ) | ခန်းမ(ရှေ့ခြမ်း) | |
| အင်္ဂလိပ်စာ(တောင်ငူ) | | |
| စီးပွားရေး(တောင်ငူ) | | |
| စီးပွားစီမံ(တောင်ငူ) | | |
| အိမ်တွင်းစီးပွား(တောင်ငူ) | | |
| ပြည်သူ့ရေးရာ(တောင်ငူ) | | |
| ပြည်သူ့ရေးရာ(ရန်ကုန်အရှေ့ပိုင်း) | | |
| ရူပဗေဒ(ပဲခူး) | | |
| အိမ်တွင်းစီးပွား(ဒဂုံ) | ၉–၁၂–၂၀၀၄ | ၁၂–၁၂–၂၀၀၄ (တနင်္ဂနွေနေ့) |
| စိတ်ပညာ (ရန်ကုန်အရှေ့ပိုင်း) | (ကြာသပတေးနေ့) | မွန်းလွဲ ၂း၃၀ နာရီ |
| ဒဿနိကဗေဒ (ရန်ကုန်အရှေ့ပိုင်း) | မွန်းလွဲ ၂း၀၀နာရီ | (ဒု–ညနေ) |
| ပြည်သူ့ရေးရာ(ဒဂုံ) | ခန်းမ(နောက်ခြမ်း) | |
| ရသစာပေ(ဒဂုံ) | | |
| ရုက္ခဗေဒ(ပဲခူး) | | |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၇–၁၂–၂၀၀၄ ရက်နေ့မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ်(၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။

**၉။ (၅၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| သမိုင်း(ဘားအံ) | ၆–၁–၂၀၀၅ | ၈–၁–၂၀၀၅(စနေနေ့) |
| သမိုင်း(စစ်တွေ) | နံနက် ၉း၀၀နာရီ | နံနက် ၉း၀၀နာရီ |
| ပထဝီဝင်(စစ်တွေ) | ခန်းမ(ရှေ့ခြမ်း) | (ပ–နံနက်) |
| စီးပွားစီမံ(ဒဂုံ) | | |
| (၃/စစ–၁မှ၅၀၅အထိ) | | |
| သချ်ာ(ပုသိမ်) | | |
| သမိုင်း(ရန်ကုန်အရှေ့ပိုင်း) | ၆–၁–၂၀၀၅ | ၈–၁–၂၀၀၅(စနေနေ့) |
| (၃/သ–၂မှ၃/သ–၄၃၄အထိ) | နံနက် ၉း၀၀နာရီ | မွန်းလွဲ ၂း၃၀ နာရီ |
| မြန်မာစာ(မော်လမြိုင်) | ခန်းမ(နောက်ခြမ်း) | (ပ–ညနေ) |
| ရသစာပေ(မော်လမြိုင်) | | |
| စီးပွားစီမံ(ဒဂုံ) | | |
| (၃/စစ–၅၀၆နှင့်အထက်) | | |
| ဓာတုဗေဒ (ပဲခူး) | | |
| စီးပွားရေး(ရန်ကုန်အရှေ့ပိုင်း) | ၆–၁–၂၀၀၅ | ၉–၁–၂၀၀၅ |
| သမိုင်း(ရန်ကုန်အရှေ့ပိုင်း) | မွန်းလွဲ ၂း၀၀နာရီ | (တနင်္ဂနွေနေ့) |
| (၃/သ–၄၃၅နှင့်အထက်) | ခန်းမ(ရှေ့ခြမ်း) | နံနက်၉း၀၀နာရီ |
| သတ္တဗေဒ(ရန်ကုန်အရှေ့ပိုင်း) | | (ဒု–နံနက်) |
| ရုက္ခဗေဒ(မော်လမြိုင်) | | |
| သမိုင်း(မော်လမြိုင်) | ၆–၁–၂၀၀၅ | ၉–၁–၂၀၀၅(တနင်္ဂနွေနေ့) |
| သမိုင်း(မြိတ်) | မွန်းလွဲ၂း၀၀နာရီ | မွန်းလွဲ၂း၃၀ နာရီ |
| ရူပဗေဒ(ရန်ကုန်အရှေ့ပိုင်း) | ခန်းမ(နောက်ခြမ်း) | (ဒု–ညနေ) |
| ရုက္ခဗေဒ(ရန်ကုန်အရှေ့ပိုင်း) | | |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၃–၁–၂၀၀၅ ရက်နေ့မှစ၍ ရန်ကုန် အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။

**တင်တင်ဝင်း**
**မော်ကွန်းထိန်း**
**(စာမေးပွဲနှင့်ဘွဲ့နှင်းဌာန)**
**ရန်ကုန်အဝေးသင်တက္ကသိုလ်။**

## ရောင်းချရန်ကြော်ငြာ

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂၄၊ နည်း ၆၆**
**ရန်ကုန်တိုင်း တရားရုံးတော်၌**
**၂၀၀၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်၂၄၉**

ဦးခင်လှ **နှင့်**
၁။ ဒေါ်ခင်ချိုချို
၂။ ဒေါ်ညိုညို
၃။ ဒေါ်အေးအေးပို
၄။ ဒေါ်သန်းသန်းနွဲ့
၅။ ဦးခင်ကြိုင်
၆။ မမို့မို့ခင်
၇။ မခင်ခင်သင်း
၈။ မောင်ယဉ်မင်းလှိုင်
၉။ ပပဝင်းလှိုင်
၁၀။ နေဝင်းကျော်

**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး၌ တရားမကြီးမှုအမှတ်၈၅၈/၉၇အမှုကို အနိုင်ဒီကရီ ပြုလုပ်ဆောင်ရွက်ရန်အတွက် အောက်တွင်ပစ္စည်းစာရင်းနှင့်ဖော်ပြသော ပစ္စည်းများကို ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့နံနက် ၁၀ နာရီအချိန်တွင် ၎င်းပစ္စည်း တည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော် လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

### လေလံတင်ရောင်းချရမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကိုရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
၃။ ဈေးနှုန်း အမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ခွင့် ရှိသည်။
၄။ လေလံရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကိုတင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်သည့် နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်နေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံ ငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာကို ထုတ်ပေးလိုက်သည်။

### ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယခင်တာမွေတိုက်နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄–အက်ဖ်)မြေကွက်အမှတ် (၁၃)ဟု ခေါ်တွင်သော နှစ် (၉၀) ဂရန်မြေအမျိုးအစား၊ ၃၈ပေ x ၉၅ ပေခန့် အကျယ်အဝန်းရှိ မြေကွက်နှင့်မြေပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ် ၃၄၉ အထက် ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်ကွက်၊ သွပ်မိုး၊ တစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံး၊ နေအိမ်တွင်တပ်ဆင်ထားသည့် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အားလုံး။

**ကြမ်းခင်းဈေး** – ငွေကျပ်သိန်း ၅၅၀ (ကျပ်သိန်းငါးရာငါးဆယ်တိတိ) သတ်မှတ်ပါသည်။

**ဦးလှအေး**
**တွဲဖက်တိုင်းတရားသူကြီး (၁၃)**
**ရန်ကုန်တိုင်းတရားရုံး။**

## ကိုကျော်ဝင်းနှင့်အများသိစေရန်

တောင်ဥက္ကလာပမြို့နယ် ၁၄/၂ရပ်ကွက် မိုးစွေလမ်း အမှတ် ၁၂၃/၁နေ ကျွန်မ မမိုးမိုးကြည် ၁၂/ဥကတ (နိုင်)၁၀၁၂၃၈၁၏ ခင်ပွန်းဖြစ်သူ ကိုကျော်ဝင်း S/OKA ၀၇၂၈၆၀ သည် ၁၀–၈–၂၀၀၄ ရက်တွင် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များ ပြုလုပ်သွားပါသဖြင့် ထိုနေ့မှစ၍ ခင်ပွန်းအဖြစ်မှ အသိအမှတ်မပြုပါကြောင်းနှင့် နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့ကို တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**မမိုးမိုးကြည်။**




**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်စိမ်းယဉ် (ဗန်းမော်)
**အသက် (၉၄)နှစ်**

ဦးလှမြင့်ဆွေ (ဌာနမှူး၊ မြို့တော်စည်ပင်)–ဒေါ်ဆွေဆွေရှိန် တို့၏ မိခင်၊ ဒေါ်စိမ်းယဉ်(ဗန်းမော်)သည် ၂၂–၈–၂၀၀၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ ကြောင်း၊ ကောင်းရာသုဂတိသို့ ရောက်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

Angel Restaurant (M.C.C ဝင်း)

**အမည်မှန်**

တာမွေမြို့နယ်၊ အထက (၄) အဋ္ဌမတန်း (B) မှ ဦးသန့်ရွှေ၏သမီး မယဉ်ယဉ်ပန်၏အမည်မှန်မှာ မဥခက်ဖြူ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

အဖဦးတိုးဝင်း၏သား အထက (၃)ဒဂုံ Grade IXD မှ မောင်စံဝင်း ထက်အား မောင်စံဝင်းသက်အောင် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စံဝင်းသက်အောင်။**

**သမဝါယမဝန်ကြီးဌာန**
**သမဝါယမဦးစီးဌာန**
**ရန်ကုန်သမဝါယမဒီဂရီကောလိပ်**
## သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်သမဝါယမဒီဂရီကောလိပ်)၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကိုဖွင့်လှစ်မည် ဖြစ်ပါသည်။

၁။ **ဖွင့်လှစ်မည့်သင်တန်းများ**
(၁) ဒီပလိုမာသင်တန်းများ
(i) Diploma in Computer Studies
(ii) Diploma in English
(၂) လက်မှတ်ရသင်တန်းများ
(i) Certificate in Computerized Accounting Course (ACCPAC Plus with Modules)
(ii) လက်မှတ်ရမြန်မာကွန်ပျူတာ စာရင်းကိုင် စနစ်သင်တန်း (i Ledger)
(iii) Certificate in English Proficiency Course (ပြင်ပ ကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းပို့ချမည်။)
(iv) Certificate in Korean Language Course(ကိုရီးယားနိုင်ငံမှ Native Speaker ပါဝင်ပို့ချမည်။)

၂။ **သင်တန်းအောင်လက်မှတ်**
– ဒီပလိုမာသင်တန်း(Diploma)
– လက်မှတ်ရသင်တန်း(Certificate)

၃။ **သင်တန်းကာလ**
– ဒီပလိုမာသင်တန်း–(၁)နှစ်
– လက်မှတ်ရသင်တန်း–(၄)လ (စနေနေ့နှင့်တနင်္ဂနွေနေ့)

၄။ **သင်တန်းဝင်ခွင့်အရည်အချင်း**
– ဒီပလိုမာသင်တန်းအတွက် (အခြေခံပညာအထက်တန်း (က)အဆင့် သို့မဟုတ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ။
– လက်မှတ်ရသင်တန်းအတွက် (အနိမ့်ဆုံး အခြေခံပညာ အထက်တန်း အဆင့်ရှိသူများနှင့်တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ)

၅။ **လျှောက်လွှာပုံစံယူရန်နှင့် သင်တန်းတည်နေရာ**
– ရန်ကုန်သမဝါယမ ဒီဂရီကောလိပ် (ဒီပလိုမာသင်တန်းခွဲ) ဆရာစံပလာဇာ (တတိယထပ်)၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာ လမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်။

၆။ **လျှောက်လွှာပိတ်မည့်ရက်**
– ဒီပလိုမာသင်တန်း(၁၀–၉–၂၀၀၄)နေ့
– လက်မှတ်ရသင်တန်း(၁၀–၉–၂၀၀၄) နေ့

၇။ **အသေးစိတ်အချက်အလက် စုံစမ်းရန် မှတ်ချက်**
– အထက်ပါသင်တန်းခွဲရုံး၊
– ဖုန်း–၅၄၂၈၁၅၊ ၅၅၉၁၇၃
– သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

**တရားမကျင့်ထုံးဥပဒေအမိန့် –၁၊ နည်း–၈(၁)အရ**
## အကြောင်းကြားစာ
**ရန်ကုန်တိုင်း၊ တွဲဖက်တိုင်းတရားသူကြီး (၁၀)ရုံးတော်၌**
**၂၀၀၄ ခုနှစ်၊ တရားမကြီးအမှုအမှတ်–၄၁၃**

ဂျာမေဗလီ ဂေါပကအဖွဲ့ (ကိုယ်စားဥက္ကဋ္ဌ၊ ဦးဝင်းမောင်) အမှတ်–၁၂၀/၁၂၂၊ရန်ကုန်–အင်းစိန် လမ်းမကြီး၊(၉)ရပ်ကွက်၊ ရန်ကုန်တိုင်း။
**တရားလို**

နှင့် ဦးသိန်းရွှေ (ခ)မာမက်ရှဖီး အမှတ်–၅/၁၆၊ကျုံက်ဝိုင်းဘုရားလမ်း၊ သမိုင်းလမ်းဆုံ၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
**တရားပြိုင်**

**(ဂျာမေဗလီနှင့်ပတ်သက်သူအားလုံးနှင့်တကွ အခြားသက်ဆိုင်သူအားလုံး သိရှိစေရမည်။)**

ဂျာမေဗလီဂေါပကအဖွဲ့ ကိုယ်စားပြု၍ ဥက္ကဋ္ဌဖြစ်သူက တရားလို ဦးဝင်းမောင်က ဂျာမေဗလီနှင့်တွဲလျက်ရှိသော မြေကွက်အမှတ် ၇/၈နှင့်ထိုမြေကွက်ပေါ်ရှိ (၆)ခန်းတွဲတန်းလျားကို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့်ယင်းစီမံခန့်ခွဲပိုင်ခွင့်ကို မည်သူကမျှ ဝင်ရောက်စွက်ဖက်ဟန့်တားခြင်း မပြုရန်အတွက် ထာဝရတားဝရမ်းထုတ်ပေးစေလိုမှုဖြင့် တရားစွဲဆိုချက်ရှိသည်ဖြစ်၍ အမှုတွင်ပါဝင်ပြိုင်ဆိုင်လိုသူများက သင်တို့ ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသရွေ့ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ပြောဆိုချေပနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေပါဖြစ်စေ၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၆ ရက် (၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၇ ရက်) မွန်းမတည့်မီ (၁၀)နာရီ အထက်ပါတရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးရှေ့သို့ လာရောက်ရမည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသူများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်သွင်းပို့လိုက်ရမည်။

(သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်၌ တင်သွင်းရမည်။)

၂၀၀၄ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဝင်းဆွေ၊ တွဲဖက်တိုင်းတရားသူကြီး(၁၀)**
**ရန်ကုန်တိုင်းတရားရုံး။**

**ဖေယျကျော်ထင်ဒုတိယဗိုလ်မှူးကြီးထွန်းအောင် (ငြိမ်း)**
**လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်**
**နိုင်ငံ့ဂုဏ်ရည် ပထမဆင့်**
**ဂျပန်ခေတ်တတိယပတ်စစ်တက္ကသိုလ် အပတ်စဉ်(၃)**
**အသက်(၈၃)နှစ်**

ကြို့ပင်ကောက်မြို့နေ(ဦးဘ–ဒေါ်ငွေခင်)တို့၏သား၊(ဦးသူတော်–ဒေါ်တင်တင်) တို့၏သားသမက်၊ (ဒေါ်မိမိလေး)၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့ အင်းစိန်မြို့နယ် ၁၀မိုင်၊ အောင်စေတီကျောင်းလမ်း၊ အမှတ် ၈၃၀ နေ ဒေါ်တင်မိမိအောင်(ဌာနမှူး၊ ရက္ခဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)–ဦးသက်ထွန်းတို့၏ဖခင်၊ မယုရွှေလွင်(မဟာအရည်အချင်းစစ်သင်တန်း၊ ဥပဒေပညာဌာန)၏အဘိုးသည် ၂၃–၈–၂၀၀၄ရက် မွန်းလွဲ ၁:၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု။**



**တာဝန်မယူကြောင်း ကြေညာခြင်း**

မကွေးမြို့ ပြည်တော်သာရွာလေးနေ ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးဇော်မြင့် ၈/မကန (နိုင်) ၀၄၉၆၈၆သည် ခွင့်မလွှတ်နိုင်သော အပြုအမူများပြုလုပ်ခဲ့ပြီး ၈–၅–၂၀၀၄ရက်မှစ၍ နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ၎င်း၏ ကိစ္စအရပ်ရပ်များနှင့် ပတ်သက်၍ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ရီရီနွဲ့**
**၈/မကန (နိုင်) ၀၄၉၆၈၄**
**ပြည်တော်သာရွာလေး၊**
**မကွေးမြို့။**

**မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈က/၅၈၆၅ မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးအောင်ဝင်း မှတ်ပုံတင်အမှတ် (G/RGN-၀၀၇၃၉၀)က မော်တော်ယာဉ် မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ အနောက်ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

**ဦးမောင်တင်(ခ)လျိုဖူချိန်**
**(လားရှိုး)**
**အသက်(၇၀)**

ရန်ကုန်မြို့၊ တိုက် ၉၊ အမှတ် ၃၀/B၊တတိယလွှာ၊ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ် နေ ဒေါ်လှလှ(ခ)လီခင်လှ၏ ခင်ပွန်း၊ (ဦးတင်ဦး)၊ ဦးတင်လတ်–ဒေါ်တင်တင်မိုး(မိုးရတနာစတိုး)၊ဦးသန်းဌေး–ဒေါ်လီလီ (ဒိုင်းမွန်းအင်ပါယာ၊ ငွေဇာပုလဲရတနာဆိုင်)၊ (ဦးတင်ထွေး)၊ ဦးတင်ထွန်း–ဒေါ်ကောင်းကျင်ဗှာ၊ဦးတင်စိန်–ဒေါ်ရီ၊ ဦးရုံးရွှေ–ဒေါ်ရင်ရင်တို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုးသည် ၂၀–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၈–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈/၁၅၉၄ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ရန်ကုန်တိုင်း။**

**ပုလောမြို့နယ်အသင်း**
**ဒေါ်ရှုကြည်**
**အသက်(၇၆)နှစ်**

ပုလောမြို့နယ်အမှတ်(၁)ရပ်ကွက် စံပယ်လမ်းနေ ဦးစိုးမောင်၏ဇနီး ဒေါ်ရှုကြည် သည် ၂၁–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃–၈–၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ပုလောမြို့နယ်နေအိမ်မှ ပုလောမြို့နယ် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**အမှုဆောင်အဖွဲ့။**

**ဘုရား၊ရဟန်း၊ကျောင်း၊ရေကန် ဒါယိကာမကြီး**
**ဒေါ်တင်တင်(ခ)ဒေါ်သက်တင်**
**အသက်(၆၆)နှစ်**

ရန်ကုန်တိုင်း၊မြောက်ဥက္ကလာပမြို့နယ်၊ မဇာဗီလမ်းမကြီး၊ (ဇ)ရပ်ကွက်၊ အမှတ် ၄၈နေ၊ဦးမျိုးသန်း ၏ဇနီး၊(ဦးတောက်–ဒေါ်ကျင်ဗှာ)တို့၏သမီး၊ (ဦးဘိုးလှ–ဒေါ်ယု)တို့၏ချွေးမ၊ ဦးတိတ်လျောင်–ဒေါ်တန်စီတင်း၊ ဦးယုဝင်း–ဒေါ်သင်းသင်းနိုင်၊ ဦးသိန်းထွန်း–ဒေါ်ခင်စန်းဝင်းတို့၏အစ်မကြီး၊ ကိုစိုးမြင့်–မစန်းစန်းသွင်၊ ကိုဝင်းကိုကို–မမြတ်သူဇာ၊ ကိုသိန်းအောင်–မစန်းစန်းမြင့်၊ မနန္ဒာအောင်၊ ကိုသက်အောင်–မသန်းသန်းဝင်း တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၄–၈–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၃:၁၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၈–၂၀၀၄ ရက်(ကြာသပတေးနေ့) နံနက်၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်၍ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်)

**ကျန်ရစ်သူမိသားစု။**

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးအောင်မြင့် (ခ) Freddy Mg Mg
**လူပျံတော်ပတ္တမြား၊ အဘယသုခဆေးတိုက်ပိုင်ရှင်**
**အသက် (၅၈)နှစ်**

မခင်စောယုအောင်–ကိုအောင်ထွဋ်ဦး၊ မခင်ဇာလီအောင်–ကိုဝေလွင်၊ မအေးမို့မို့အောင်တို့၏ ဖခင်ဦးအောင်မြင့်သည် ၂၂–၈–၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမောင်မောင်ထွေး၊ ဦးသန်းစိုး၊ ဦးကြင်လှိုင်၊ ဦးလမင်းအောင်နှင့် လိုင်းလိုင်ချောင်းသာ ကမ်းခြေဟိုတယ်ဝန်ထမ်းမိသားစုများ။**

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊တန်ဆောင်းဒါယကာကြီး
## ဦးလှမောင် (ကျုံပျော်)
### (တိပိဋကနိကာယဂုဏ်ထူးဆောင်နာယက)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၄ လမ်း၊ အိမ်အမှတ် ၅၀ နေ (ဦးဆင့်–ဒေါ်ကျင်မြိုင်)တို့၏သားကြီး၊ မြောင်းမြမြို့နေ (ဦးချစ်တီး–ဒေါ်ဖွားချစ်)တို့၏သားသမက်၊ (ဒေါ်လှစိန်)၏ခင်ပွန်း၊ (ဦးညွန့်မောင်)၊ (ဗိုလ်မှူးကြီးတင့်လွင်) – ဒေါ်အေးအေးသန်းတို့၏အစ်ကိုကြီး၊ ဦးကျော်စိန် (တိ–နိ၊ ရန်ကုန်ဌာန၊အကျိုးဆောင်အတွင်းရေးမှူး)၊ ဒေါ်အေးအေးသန့်၊ ဒေါ်မြကျင်သန်း(မင်္ဂလာဈေး)၊ ဒေါ်အေးအေးမူ၊ ကပ္ပတိန်ကျော်ဝင်း (Eastwind)– ဒေါက်တာသန်းအေး၊ ဦးလှထွေး(ဒုတိယအရာရှိ၊Eastwind)–ဒေါ်မာမာချို တို့၏ဖခင်၊ မောင်ကောင်းသူထက်(ဆဋ္ဌမတန်း B၊ TTC)၊ မောင်ဇေယျာထက်ဝင်း(စတုတ္ထတန်း D၊ အထက–၁၊ ဒဂုံ)၊ မရွှေစင်ထက်(ပထမတန်း C၊ အထက–၁၊ ဒဂုံ)၊ မောင်ဝေဖြိုးသူ(ပထမတန်း L၊ TTC)တို့၏အဘိုးသည် ၂၄–၈–၂၀၀၄ရက်(အင်္ဂါနေ့)တွင်ကွယ်လွန်သွားပါ၍ ၂၆–၈–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၁၃၄လမ်း နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စု (မုတ္တမ)
### အသက်(၇၃)နှစ်

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ (၃)ရပ်ကွက်၊ စံပါယ်လမ်း၊ အမှတ် ၄၈၆နေ (ဦးရွှေမောင်–ဒေါ်ဖွားတင်)တို့၏သမီး၊(ဦးချစ်သောင်း၊ ကြီးကြပ်ရေးမှူး၊ ရန်ကုန်တိ–ဥယျာဉ်)၏ဇနီး၊ ဒေါ်သန်းသန်း(တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)၊ဗိုလ်ကြီးအောင်ခိုင်မင်း(ငြိမ်း)–ဒေါ်ညိုညို(နန်းရှေ့ဈေး၊မန္တလေးမြို့)၊ ဗိုလ်မှူးကံထက်(မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၊ စက်မှုလက်မှုငွေချေးဌာန)–ဒေါ်ကြူကြူတင်၊ ဦးထွန်းမြင့်–ဒေါ်စန်းစန်းမြင့်(သစ်သစ်လွင် အထည်ဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ (ဦးငွေမြင့်၊ မန်နေဂျင်းဒါရိုက်တာ၊ ရွှေကုက္ကိုဂျင်နရယ်အင်တာပရိုက်စ်)၊ ဦးထိန်နန်းမြင့် (ကျောင်းအုပ်၊ ထိပ်တန်းနှင့်ရွှေကုက္ကိုယာဉ်မောင်းသင်တန်းကျောင်း)–ဒေါ်မြင့်မြင့်ဝင်း၊ ဦးဆန်းမြင့်–ဒေါ်အေးမြချို၊ ဒုတိယအကောက်ခွန်မှူး ဦးအောင်မိုးမြင့်(အကောက်ခွန်ဦးစီးဌာန)–ဒေါ်နန်းရွှေကြာ၊ ဦးဖေအောင် (မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်)–ဒေါ်စိုးစိုးမြင့်၊ ဦးတင်မောင်တိုးမြင့်–ဒေါ်လဲ့လဲ့ဝင်း၊ စုံစမ်းရေးမှူး ဦးထွန်းနေမျိုး (စစစ)–ဒေါ်ငွေငွေလွင်(မန္တလေးမြို့)၊ ဦးမိုးကျော်ကျော်၊ မောင်အောင်နိုင်ထွန်း (ဘူမိဗေဒ၊ ဒဂုံတက္ကသိုလ်)တို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏အဘွားသည် ၂၄–၈–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀း၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၈–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (ပုလဲမြို့သစ်နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်မြင့် (ခ) Freddy Mg Mg
### (စိန့်ပေါလ်ကျောင်းသားဟောင်း) B.E (Electrical Power)
### (လူပျံတော်ပတ္တမြား အဘယသုခဆေးတိုက်ပိုင်ရှင်)
### သီတဂူသာသနာပြုအဖွဲ့အမှုဆောင်လူကြီး(သီတဂူကျောင်းဒါယကာ)
### (ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းဒါယကာ)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ခြံအမှတ် ၃၀ နေ (ဦးမောင်မောင်–ဒေါ်ဒေါ်ငြိမ်း)တို့၏တစ်ဦးတည်းသောသား၊ (ဦးအောင်ပွင့်–ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ဒေါ်ဖြူသီ၏ချစ်လှစွာသောခင်ပွန်း၊ မခင်စောယုအောင်–ကိုအောင်ထွဋ်ဦး၊ မခင်ဇာလီအောင်–ကိုဝေလွင်၊ မအေးမို့မို့အောင် (တေးသံရှင်မို့မို့)တို့၏ဖခင်၊ မခင်ဇာဝေအောင်(Web Star University, Chiam-Thailand)၊ မစုနှင်းထွဋ်အောင်(Grade IX-D၊ အထက–၂၊လသာ)၊ မယုဝေအောင်(Grade VIII-A၊ အထက–၂၊လသာ)၊ မောင်အောင်ကိုကို(Grade IV-F၊ YEIC)၊ မောင်အောင်ဘိုဘို(Primary II-H, ILBC)တို့၏အဘိုး ဦးအောင်မြင့်သည် အာရှတော်ဝင်ဆေးခန်း၌ ၂၂–၈–၂၀၀၄ရက် မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆–၈–၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဦးအောင်မြင့် လူပျံတော်ပတ္တမြားဆေးတိုက်၊ လမ်းမတော်မြို့နယ်မှ မွန်းလွဲ ၂း၃၀ နာရီတွင်လည်းကောင်း၊ ၃၃လမ်း လက်ဖက်ရည်ဆိုင် အပေါ်ဘလောက်မှ မွန်းလွဲ ၂း၄၅နာရီတွင်လည်းကောင်း၊ အထက်ပါနေအိမ်မှ ညနေ ၃ နာရီတွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်သူများအတွက် ကားစီစဉ်ထားပါသည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ဝင်းဝင်းသန်း (ရေကျော်)
### အသက်(၅၄)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ စပယ်ခြံ ၃ လမ်း၊ အမှတ် ၁၇၄(ဃ)နေ (ဦးစိန်လှိုင်)၊ ဦးချစ်ထွန်း–(ဒေါ်တင်အေး)တို့၏သမီး၊ (ဦးမောင်စိန်–ဒေါ်ကျင်လှိုင်)တို့၏သမီးချွေးမ၊ ဦးလှမြင့် (မြမ္ဘာယုဆေးဆိုင်)၏ဇနီး၊ ဦးစိန်ထွန်း (မြန်မာမှု) – ဒေါ်အေးအေးသန်း၊ ဦးအောင်သန်း (ရွှေရှုဆေး)–(ဒေါ်မြင့်မြင့်ကြည်)၊ ဦးမောင်ထွေး–ဒေါ်ခင်ဝင်းကြည်၊ ဦးမျိုးသိန်း–(ဒေါ်လှကြည်)၊ ဦးအောင်သိန်း–ဒေါ်နွယ်နီသန်း၊ ဒေါ်အေးအေးသက်တို့၏ညီမ/အစ်မ၊ ကိုသန်းဇော်မြင့်–မစန်းသွင်နိုင်တို့၏မိခင်၊ ဒေါ်မျိုးမျိုးထွန်း(ထူးထရိတ်ဒင်း)၊ ကိုစည်သူရှိန်(ဆောက်လုပ်ရေး)၊ မသော်သော်ရှိန်၊ ကိုမင်းထင်ရှိန်၊ ကိုအောင်စိုးမိုး၊ ကိုစိုးပိုင်–မမော်ကြီး၊ ဇော်ဖြိုးပိုင်၊ ကောင်းကျော်စွာ၊ သက်ပိုင်ထွန်း၊ ရတနာဆွေတို့၏အဒေါ်သည် ၂၄–၈–၂၀၀၄ရက်တွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့်၂၆–၈–၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

### ရဟန်းဒါယိကာမကြီး
## ဒေါ်စန်းရီ (သာကေတ)
### အသက်(၇၂)နှစ်

သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေ ၂ လမ်း၊ အမှတ် ၈၀၃ နေ (ဦးအုန်းဖူး–ဒေါ်ဒေါင်း)တို့၏သမီး၊ (ဦးမြဟန်)၏ဇနီး၊ ဦးကျော်ညွှန့်–ဒေါ်သန်းသန်းအေး(ရန်ကုန်တိုင်း ဥပဒေရုံး)၊ဦးတင်ရီ–ဒေါ်သန်းသန်းငွေ(ယမ်းနာသ/မ၊ ဒေါပုံ)၊ ဦးငွေအောင်–(မခင်မြ)၊ ဦးမိုက်ကယ်–ဒေါ်မြအေးရီ၊ ဦးအောင်ကျော်ဦး၊ ဒေါ်အေးအေးသော်တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၄–၈–၂၀၀၄ရက် ညနေ ၃း၁၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၆–၈–၂၀၀၄ရက် ညနေ ၃း၃၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

### သီတဂူသာသနာပြုအဖွဲ့အမှုဆောင်လူကြီး
### သီတဂူကျောင်းဒါယကာကြီး
### လူပျံတော်ပတ္တမြားဆေးတိုက်ပိုင်ရှင်
## သီတဂူ ဦးအောင်မြင့်
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ခြံအမှတ် ၃၀ နေ (ဦးမောင်မောင်–ဒေါ်ဒေါ်ငြိမ်း)တို့၏တစ်ဦးတည်းသောသား၊ (ဦးအောင်ပွင့်–ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ဒေါ်ဖြူသီ၏ခင်ပွန်း၊ မခင်စောယုအောင် – ကိုအောင်ထွဋ်ဦး၊ မခင်ဇာလီအောင်–ကိုဝေလွင်၊ မအေးမို့မို့အောင်(တေးသံရှင်မို့မို့)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် အာရှတော်ဝင်အထူးကုဆေးခန်း၌ ၂၂–၈–၂၀၀၄ရက် မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၈–၂၀၀၄ ရက် (ကြာသပတေးနေ့)ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့်သီတဂူအဖွဲ့ဝင်များအားလုံး လိုက်ပါပို့ဆောင်ကြပါရန် အသိပေးနိုးဆော်ပါသည်။ သီတဂူသာသနာပြုအဖွဲ့။

## ကိုငြိမ်းချမ်း (B.A မြန်မာစာ)
### အသက်(၃၀)

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နေ (ဦးအောင်သိန်း–ဒေါ်ထွန်းမေ)၊ (ဦးစိန်ထွန်း–ဒေါ်လုံး)တို့၏မြေး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားဝင်း၊လိုင်း ၄၀၊အခန်း–F နေ ရဲတပ်ကြပ်ကြီးဦးလွင် (ရထားရဲတပ်ဖွဲ့မှူးရုံး)–ဒေါ်လှမြင့်တို့၏သား၊ ကိုမြင့်သိန်း(ခ)ကိုငယ်လေး – မခင်မျိုးထွန်းတို့၏ညီ/မောင်၊ မောင်ဟိန်းဇော်လတ်၊ မောင်ငြိမ်းဝေတို့၏အစ်ကို၊ မောင်ဟိန်းသူရ၊ မစုအိန္ဒြေတို့၏ဦးလေးသည် ၂၃–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇–၈–၂၀၀၄ရက် (သောကြာနေ့)တွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ငွန်း (ကွမ်းခြံကုန်းမြို့)
### အသက်(၈၁)နှစ်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ မကျီးတန်းရပ်ကွက်၊ နတ်စင်လမ်းနေ (ဦးသင်)၏ဇနီး၊ ဦးသောင်းရွှေ–ဒေါ်စန်းရီ၊ (ဦးတိုးအောင်)–ဒေါ်ရင်မေ၊ (ဒေါ်ခင်စောမူ)၊ဒေါ်ရင်ငွေ(ခ)လေးလေး၊ ဦးသန်းအောင် (E/E, Ocean Tankers Co.,Ltd.) – ဒေါ်သစ်သစ်ဆွေတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၄–၈–၂၀၀၄ရက် နံနက် ၄ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၈–၂၀၀၄ ရက်တွင် နေအိမ်မှကွမ်းခြံကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးမောင်မောင်ထွန်း (စစ်တွေ)
### အလုပ်ရုံမှူး(ငြိမ်း) B.P.I
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် ၉၄၊ ဗဟိုလမ်း(ခိုင်ရွှေဝါလမ်း)၊ လှည်းတန်းနေ (ဦးလွင်–ဒေါ်မပိန်)တို့၏သား၊ (ဦးဘသွယ် – ဒေါ်စိန်လှ)၊ (ဦးဝိန်ကျောင်း) – ဒေါ်သိန်းညွန့်တို့၏ညီ/မောင်၊ ကွင်းကောက်မြို့၊ ယွင်းကျောင်းဆရာတော် ဦးသောဘဏ၏ဦးရီးတော်၊ ဦးထွန်းအောင်ကျော်၊ (ဦးကျင်လှ–ဒေါ်ခင်မြင့်)၊ (ဦးမြလှိုင်)–ဒေါ်ခင်သန်းမြင့် (ဒု–ဦးစီးမှူး၊ ပြည်တွင်းအခွန်)၊ ဒေါ်ခင်သိန်း (တွဲဖက်ပါမောက္ခ၊ ရက္ခဗေဒဌာန)၊ ဒေါ်မြမြသွယ်၊ Dr.ကံထွန်းဝင်း– Dr.ခင်ခင်ငွေ၊ ဒေါ်တင်တင်ဝင်း (UEC Co.,Ltd.)တို့၏ဦးလေး၊မြေးငါးယောက်တို့၏အဘိုးသည် ၂၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆–၈–၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

### ဘုရား၊ရဟန်း၊ကျောင်းအမ
## ဒေါ်ဖြူဖြူခင်(ခ)ညွန့်ညွန့်
### (ဆရာမ၊ငြိမ်း)(အမက–၃၉၊အင်းစိန်)
### အသက်(၅၄)နှစ်

ဓနုဖြူမြို့၊ (၁၈)ရပ်ကွက်၊ ဦးပုညလမ်း၊ အမှတ် ၄၂၀နေ ဦးမောင်မောင်ညွန့်(ကျောင်းအုပ်၊ အထက၊ ဘူးသီးတောင်)၏ဇနီး၊ ဦးဝင်းမြိုင်–ဒေါ်မေမိုးဦး (ကျောင်းအုပ်၊ အမက၊ လင်းလွန်းပင်)၊ တကက/စရ ဇာနည်မင်း–ဒေါ်တင်မိုးခိုင်၊ မယဉ်မိုးမင်း(စတုတ္ထနှစ်၊ပညာရေးတက္ကသိုလ်)တို့၏မိခင်၊ မောင်ဇေကိုကိုအောင်၊ မောင်ခန့်နိုင်တိုးတို့၏အဘွားသည် ၂၅–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် အမှတ် ၁၈၊ ဘူတာရုံလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၇–၈–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်အမာချို (မော်လမြိုင်)
### တေဇစက္ကီယောဂီ
### (၂၅၊ မော်လမြိုင်ဇရပ်)
### အသက်(၈၂)နှစ်

မော်လမြိုင်မြို့ (ဦးဖိုးချစ်–ဒေါ်အေးမေ)တို့၏သမီး၊ (ဦးအုန်းညွန့်၊ ဦးပွ၊ ဦးမောင်ငယ်၊ ဦးပါတင်၊ ဦးပါနီ၊ ဦးမြဟန်၊ ဒေါ်အမာနီ၊ ဦးချစ်ကြည်)တို့၏အစ်မ၊ ဦးဝင်းမောင်(လ/ထ ညွှန်မှူး၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ငြိမ်း)၊ ဒေါ်နွဲ့နွဲ့သန်း(လ/ထ ညွှန်မှူး၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)တို့၏ မိခင်၊ ဒေါ်မြင့်မြင့်သန်း၊ (ဦးထွန်းနိုင်) ဒေါ်တင်ရီ၊ (ဦးသိန်း)၊ ဒေါ်အေးအေးသန်း (ဦးမောင်မောင်အေး) ဒေါ်တင်လှ၊ (ဦးစန်းမြင့်)နှင့် တူ တူမ ၁၅ ယောက်တို့၏အဒေါ်သည် အမှတ် ၁၈ (ပထပ်)၊ စိတ္တသုခလမ်း၊ ကျောက်မြောင်းနေအိမ်၌ ၂၄–၈–၂၀၀၄ရက် ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၈–၂၀၀၄ ရက် ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဦးမောင်မောင် (အိမ်မဲမြို့)
### ဌာနခွဲ စာရေး(ငြိမ်း)
### အလုပ်သမားဆေးရုံကြီး
### အသက်(၆၆)နှစ်

(ဦးဘမော်–ဒေါ်စောရင်)တို့၏သား၊ ဦးကိုကိုကြီး(ရဲမှူး၊ ငြိမ်း)–ဒေါ်တင်တင်အေးတို့၏ညီ၊ ဦးကျင်စိန်(မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)–ဒေါ်တင်တင်ဝင်းတို့၏အစ်ကို၊ အလုပ်သမားဆေးရုံဝင်းနေ ဒေါ်မြင့်မြင့်သန်း (အလုပ်သမားဆေးရုံ၊ရိက္ခာဌာန)၏ခင်ပွန်း၊ ကိုသန်းဦး (ဟုမ်ဟိန်စက်ရုံ၊ ပုံနှိပ်ရှင်း)–ဒေါ်ဆွေဆွေတင့်၊ ကိုအောင်မင်းဝင်းတို့၏ဖခင်၊ မောင်ရဲမင်းသူ၊ မောင်အောင်ကျော်မြင့်တို့၏အဘိုးသည် ၂၄–၈–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် အလုပ်သမားဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၈–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အလုပ်သမားဆေးရုံ အအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (အလုပ်သမားဆေးရုံမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးဝင်းကြိုင်
### (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)
### အသက်(၅၂)နှစ်

ရန်ကုန်မြို့ (ဦးကျော်ညွန့်)–ဒေါ်အေးမြင့်တို့၏သားထွေး၊ရန်ကုန်မြို့(ဗိုလ်ကြီးလေးမောင်–ဒေါ်စောကြည်)တို့၏ သားသမက်၊ အမှတ် ၂၁၁၊ ဝေဇယန္တာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်နေ ဒေါ်သန်းသန်းဦး(စာချုပ်ရုံး/ကြေးမြေ)၏ခင်ပွန်း၊ မောင်သန့်ဇင်ဦး(တပ်မတော်ရေ) – မနွယ်နီထွန်းတို့၏ဖခင်သည် ၂၄–၈–၂၀၀၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၈–၂၀၀၄ ရက် (ကြာသပတေးနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးအန်ရွှေစိန်(ခ)ဦးရွှေစိန်
### (မြောင်းမြမြို့)
### (စိန်အမိန့်ရငွေချေးလုပ်ငန်း၊ သဃ်ာန်းကျွန်းမြို့နယ်)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း ၄၀၊ အမှတ် ၂၈၇(မြေညီထပ်)နေ (ဦးအန်ကွန်ကက်–ဒေါ်ဝမ်ကီဖာ)တို့၏သား၊ ဒေါ်ကျင်အေး၏ခင်ပွန်း၊ ဦးဝင်းမြင့်–ဒေါ်ငွေငွေရီ၊ ဦးဟုတ်ငွေ–ဒေါ်စန်းစန်းမြင့်၊ ဦးမောင်မောင်ဝင်း–ဒေါ်စန်းစန်းအေး၊ ဦးတင်ဝင်း–ဒေါ်အေးအေးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၄–၈–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၃း၁၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၆–၈–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်တင့်
### အသက်(၆၂)နှစ်

ဇေယျဝတီကျောင်းတိုက်၊သိမ်းဟောင်းကျောင်းနေ ဘုန်းတော်ကြီး ဦးတေဇ၊ တိုက် ၆၊ အခန်း ၁၇၊ ဖဆပလနေ (ဦးလီယာလ်)၊ ဒေါ်ဘေဘီ၊ (ဦးတင်ဝင်း)–ဒေါ်တင်ကြည်တို့၏ညီမ၊ ဒေါ်အေးသန်း၏အစ်မ၊ ဦးအောင်ကျော်စိုး–ဒေါ်ဝင်းမင်းသန်းတို့၏အမေကြီး၊အုန်းစစ်ခိုင်၏အဘွား၊ တူ တူမ ၂၅ ယောက်တို့၏အဒေါ်သည် ၂၂–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၅း၁၀ နာရီတွင် Green Cross ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၈–၂၀၀၄ရက် (ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ် ၃၇၊ မန္တလေးလမ်း၊ ကန်တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

### ရဟန်းအမ
## ဒေါ်ငွေငွေဒွေး
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၂၈၄၊ ပန်းဆိုးတန်းလမ်းနေ (ဒေါက်တာဦးဒွေး–ဒေါ်မြလေး၊ ဒွေးမျက်မှန်)တို့၏သမီး၊ ဦးကျော်ညွန့်–ဒေါ်လှလှဒွေး (အာရှတည်းခိုခန်း)၊ ဦးအောင်မြင့်(နိုင်ငံခြားရေးဝန်ကြီးဌာန)–ဒေါ်ခင်ခင်တင့်၊ ဦးသန်းတိုး (ဆရာအတတ်သင်သိပ္ပံ၊ ငြိမ်း)–ဒေါ်စုစုဒွေးတို့၏ညီမ၊ ဦးစိုးတင့်–ဒေါ်မော်လီဒွေး၊ (ဦးခင်မောင်မျိုး) – ဒေါ်ခင်ခင်ညိုဒွေး (မြန်မာ့အာမခံ၊ ငြိမ်း)၊ ဦးကျော်မိုးလွင် (ယွန်းဓာတ်ပုံ၊ ဗီဒီယို)–ဒေါ်သက်သက်ဒွေး(စုမှူး၊မြေယာ Y.C.D.C)၊ (ဦးညီညီဒွေး)၊ ဦးမျိုးသန်းညွန့် (ဆောက်လုပ်ရေး)–ဒေါ်မိမိဒွေးတို့၏အစ်မ၊ တူ တူမ ၂၂ယောက်တို့၏အဒေါ်၊မြေးရှစ်ယောက်တို့၏ဘွားလေးသည် ၂၄–၈–၂၀၀၄ရက် နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၈–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

### နတ်မောက်မြို့နယ်အသင်း
### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်အေးသွယ် (နတ်မောက်)
### အသက်(၈၇)နှစ်

မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ညောင်ကျပင်ကျေးရွာနေ(ဦးတလုတ်–ဒေါ်ညိမ်)တို့၏သမီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် ၇၄၇၊ အခန်း ၃ နေ (ဦးချစ်)၏ဇနီး၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် သိင်္ဂီဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေတိဂုံ သြဝါဒါစရိယ ဘဒ္ဒန္တနန္ဒောဘာသ၏အစ်မ၊ ဦးသိန်းအောင်–ဒေါ်မြစိန်၊ ဦးတင်ဦး(လာအိုနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး)–ဒေါ်သီတာငွေ၊ ဦးဝင်းမြင့်–ဒေါ်ညွန့်ညွန့်ဝေ(တိုင်းရင်းဆေး)တို့၏မိခင်သည် ၂၂–၈–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆–၈–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း နတ်မောက်မြို့နယ်အသင်းသူအသင်းသားများအားအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့။

### ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်အေးမှုင်
### (ဓနုဖြူ၊ ညောင်ချောင်း)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ကွင်းကျောင်းလမ်း၊ အမှတ် ၂၉ နေ ဦးဘကျော်–ဒေါ်ဖျော့တို့၏သမီးကြီး၊ (ဦးဂွမ်စိန်)၏ဇနီး၊ (ဦးကျော်စိုး)–ဒေါ်မြင့်ရွှေ၊ ဦးတင်ဝေ–ဒေါ်ကျင်စန်း၊ ဦးဟုတ်ကြွမ်–ဒေါ်ဝါဝါတို့၏မိခင်၊ မြေးလေးယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆–၈–၂၀၀၄ ရက် (ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အလုံမြို့နယ်၊ကွင်းကျောင်းလမ်းနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင်လည်းကောင်း၊မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက် နေအိမ်မှကားများ နံနက် ၁၁ နာရီတွင်လည်းကောင်း ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
## ဦးထွန်းရည်
### လှည်းကူးမြို့၊ ရွာမရပ်၊ ဖောင်းလင်းသာသနာပြုအဖွဲ့ အကျိုးတော်ဆောင်နာယကဆရာကြီး
### အသက်(၇၂)နှစ်

လှည်းကူးမြို့နေ ဦးဖိုးပြောင်း–ဒေါ်စိုးသင်တို့၏သား၊ဆရာကြီးဦးထွန်းကြည်–ဒေါ်တင်ဥ၊ ဦးမြအောင်–ဒေါ်ခင်ကြည်တို့၏ညီ၊ လှည်းကူးမြို့၊ ရွာမရပ်၊ အမှတ် မမ/၃၄၁ နေ ဒေါ်ခင်စန်း၏ခင်ပွန်း၊ ကိုစိုးနောင် (မထသ)–မနွဲ့နွဲ့ရီ (မြို့နယ်ဥပဒေရုံး၊လှည်းကူး)၊ကိုကိုဇော်–မစိုးစိုးရှိ၊ ကိုသိန်းလင်းထွန်း (ရိုတ်သိမ်းချိန်လွန်၊ လှည်းကူး)–မဝင်းခိုင်တို့၏ဖခင်၊မြေးငါးယောက်တို့၏အဘိုးသည် ၂၄–၈–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၈–၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် တပည့်အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

### ဘုရား၊ရဟန်း၊ဇရပ်၊တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်ဘိုမ(ခ)ဒေါ်မြမြစန်း
### (ပျဉ်းမနား)
### အသက်(၅၆)နှစ်

ပျဉ်းမနားမြို့နယ်၊ ဆင်သေကျေးရွာနေ (ဦးဘိုးအောင်–ဒေါ်အေးခင်)တို့၏သမီး၊ ပျဉ်းမနားမြို့၊ ဝဲကြီးကျေးရွာနေ ဦးချိုကြီး–(ဒေါ်မြင့်)၊ ဦးအေးမောင်–ဒေါ်ခင်ဆင့်တို့၏ညီမ၊ ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ပါရမီလမ်း၊အမှတ် ၄(က)၊ အခန်း ဘီ(၃)နေ ဦးလှသန်း၏ဇနီး၊ မသီသီဝင်း(MUB ဘဏ်)၊ ကိုသက်ဝင်း–မသဲပွင့်ဦး၊ ကိုသန့်ဇင်လင်း–မအေးအေးဝင်းတို့၏မိခင်၊ မြေးတစ်ယောက်၏အဘွားသည် ၂၁–၈–၂၀၀၄ရက် (စနေနေ့)တွင် သျှင်ပါကူအထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၅–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ငြိမ်းအေး(ခ)ဒေါ်ငယ်
### (မော်လမြိုင်)
### အသက်(၁၀၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၂/င၊ ပြည်သူ့လမ်း၊ ခုနစ်မိုင်နေ (ဦးချို–ဒေါ်သိန်းချို)တို့၏သမီး၊ (ဒေါ်ယု–ဦးဘလှိုင်)၊ (ဒေါ်ငြိမ်းသာ)တို့၏ညီမ၊ (ဒေါ်ငြိမ်းရွှေ–ဦးအောင်ကြွယ်)၊ ဒေါ်ငြိမ်းမေ၊ ဒေါ်ငြိမ်းဒွေး၊ ဒေါ်ငြိမ်းတင်၊ (ဦးထင်းနီ–ဒေါ်မှိ)၊ (ဦးထင်းလျှောင် – ဒေါက်တာဒေါ်ညိမ်းမေ)တို့၏အစ်မသည် ၂၄–၈–၂၀၀၄ရက် နံနက် ၄ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆–၈–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်ဝင်းရှိ ယုဒသယန်ခရစ်ယာန်ဗိမာန်တော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်တွင် မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

### ရဟန်းအမကြီး
## ဒေါ်ကျင်ယုံ (ပန်းတနော်မြို့)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့နေ(ဦးဘဦး–ဒေါ်မယ်စန်)တို့၏သမီး၊(ဦးဖေငြိမ်း)၏ဇနီး၊(ဦးအောင်သန်း)–ဒေါ်ကျင်ယု၊ ဦးသိန်းအောင်(စစစ၊ ငြိမ်း)၊ (ဒေါ်အေးသန်း)၊ ဦးတင်လှိုင်(ဒုတိယညွှန်မှူး၊ ထွေ/အုပ်၊ ငြိမ်း)တို့၏အစ်မကြီး၊ ဦးမြင့်သန်း(မန္တလေး)၊ ဒေါ်မိမိကြည်၏မိခင်၊ဦးကျော်ဝင်း(2nd Mate)–ဒေါ်နီလာခိုင်၊ ပါမောက္ခ Dr. ဦးစိန်မြင့်(ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မန္တလေး)–ဒေါ်အေးအေးသိန်း၊ ဦးလေးလွင်–ဒေါ်ချိုချိုသိန်း၊Capt.ကျော်မင်းဦး၊ ဒေါ်နီနီစံတို့၏အဒေါ်ကြီးသည် ၂၄–၈–၂၀၀၄ရက် ည ၁၀း၃၀နာရီတွင် သဃ်ာန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၆–၈–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(သဃ်ာန်းကျွန်းစံပြဆေးရုံမှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၃၀–၈–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ပါ၍ တောင်ဥက္ကလာပ (၁၃)ရပ်ကွက်၊ ကောလိယ ၃၁လမ်း၊ အိမ်အမှတ် ၃၄၀ သို့တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်စန်းမြင့်(ခ)Doris Samuel
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၊ ဗဟိုလမ်း၊ ဗျိုင်းရွာမရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးဝေလီ – ဒေါ်ကြွယ်)တို့၏ သမီး၊ (Mr.C.J. Samuel)၏ဇနီး၊ ဒေါ်ခင်မိုးအေး(ခ)Mrs. Irene Takizawa၊ Mr.Y.Takizawa၊ ဒေါ်မြမြဝင်း(ခ) Yvonne(Marubeni Corporation)တို့၏မိခင်၊ကိုအောင်မိုးထွန်း(ခ) Austin၊ ကိုမိုးကျော်ဝင်း(ခ) Andrew၊ မမိုးစန္ဒာ (ခ) Yuki Takizawa၊ မအိအိဇင်(ခ) Mio Takizawaတို့၏အဘွားသည် ၂၂–၈–၂၀၀၄ရက် ညနေ ၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၆–၈–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

### အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
## မိုဟမ္မဒ်မွတ်(စ်)တွဖွာ(ခ)
## ကိုကျော်မြင့်ဦး
### B.Sc (Maths) Q
### 2nd Officer (F.G)
### အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၂၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဟာဂျီ ဦးခင်မောင်မြင့်(ကျောင်းအုပ်ကြီး၊ ငြိမ်း)–ဟာဂျီမဒေါ်ခင်မြင့်မြင့်(ကုန်သွယ်ရေး–၅၊ငြိမ်း)တို့၏သားဦး၊ (ဦးကိုလေး၊ အမြတ်ခွန်လက်ထောက်မင်းကြီး–ဒေါ်ခင်သန်း)တို့၏သားသမက်၊ ဒေါက်တာခင်မောင်ဦး P.H.G.E(Medical Advisor)– ဒေါ်နီလာတင်၊ ဒုတိယဗိုလ်မှူးကြီးရင်မောင်ညွန့်(ကက၊လျှပ်)–(ဒေါက်တာခင်မေဝင်း)၊ ဒေါက်တာသန်းနိုင် – ဒေါက်တာခင်မေကြည်၊ ဒေါက်တာခင်မောင်ငွေ(တွဲဖက်ပါမောက္ခ ဆီးနှင့်ကျောက်ကပ်ဌာန၊မန္တလေးမြို့)– ဒေါက်တာနုနုရီ၊ ကိုခင်မောင်ညွန့် (တေးသံရှင်ချစ်ကောင်း)–ဒေါ်ဝါဝါထူးတို့၏ညီ/မောင်၊ မခင်မေသက်၏ခင်ပွန်း၊ မောင်ထက်တေဇာဦး(K.G.D အထက–၁၊ ဒဂုံ)၊ မဝင့်ရူပါဦးတို့၏ဖခင်သည် ၂၄–၈–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၀၀း၃၂ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
## ဦးသိုက်ထွန်း
### (ဆင်ပေါင်ဝဲ/ဇောင်ချမ်းတောင်)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၊ ရွှေတောင်ကြား ၁ လမ်း၊ ဗဟန်းမြို့နယ်နေ (ဦးချော–ဒေါ်လေး)တို့၏သား၊ ဒေါ်ညိုယဉ်ဦး–ဦးအောင်အောင်မိုး၊ ဒေါ်အေးမြမိုး၊ ဦးအောင်ချိုဦး၊ မောင်ငြိမ်းသူရမျိုး၊ (မောင်တေဇာမျိုး)၊ မအိခိုင်ဇံ၊ မောင်သိန်းလင်းထက်၊ မောင်လင်းထက်၊ မောင်အောင်မျိုးဘုန်း၊ မဆုစန္ဒီဝင့်၊ မောင်သူရသော်တာ၊ မောင်ကောင်းမြတ်၊ မသင်းမြတ်မြတ်အောင်၊ မောင်အောင်ဥက္ကာ၊ မသင်းပြည့်ပြည့်အောင်၊ မောင်ဝေမိုး၊ မောင်ရဲမင်းဘုန်း၊ မဆွေဆွေစိုးတို့၏အဘိုး၊ မောင်ရဲခေါင်ကျော်၊ မိုးငယ်လေးတို့၏အဘိုးသည် ၂၂–၈–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄–၈–၂၀၀၄ရက်တွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမြေးမြစ်တစ်စု။

## ဦးမြင့်ဆွေ(ခ)ဦးရွှေကျီး
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊အမှတ် ၂၅၊ ၁၅၅ လမ်းနေ (ဦးခင်ဝင်း)–ဒေါ်ကြင်တို့၏သား၊ ဦးမောင်စွမ်–ဒေါ်ညွန့်ကြည်တို့၏တူသား၊ ဦးဝင်းမြင့်၊ (ဦးအေးဝင်း)တို့၏အစ်ကို၊ ဦးလှိုင်ထွန်း–မနုနုဆွေ၊ မောင်အောင်ကျော်လတ်တို့၏ဖခင်၊ မောင်ဥက္ကာအောင်–မခိုင်ခိုင်ဝင်းတို့၏ဘကြီး၊ မောင်ချမ်းမြေ့ထွန်း၊ မလှိုင်းဖြူဖြူ၊ မောင်လွမ်းဝေအောင်၊ မရာရာတို့၏အဘိုးသည် ၂၅–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၈–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

### ခရစ်တော်၌အိပ်ပျော်ခြင်း
## Nu Dim Khan Lun
### အသက်(၄၅)နှစ်

Tedim မြို့နယ်၊ Saizang ရွာနေ Pu Cin Za Kap – Pi Zel Za Ning တို့၏သမီး၊ (Pu Thawng Za Kham – Pi Tun Dim)တို့၏သမီးချွေးမ၊ Nu Thuam Khan Vung–Pu Hang Khaw Zam (ပ/၇–ငြိမ်း)၊ Nu Ciin Zam – (Pa Kham Khaw Thang), Pa Suah Za Cin, Pa Pum Sial Lian, Pa Zen Za Dal–Nu Lian Niang, Nu Ngul Don Cing – Pa Gin Za Tung တို့၏ညီမ၊ Nu Ning Do Lun တို့၏အစ်မ၊ Tg.Kham Sian Mang, Tg. Kap Lian Thang, Tg. Kap Sian Zam, Lia. Dim Ngaih Hau တို့၏မိခင်၊Pa.Lang Za Dal(FGA)၏ဇနီးသည် ၂၄–၈–၂၀၀၄ရက် နံနက် ၄း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဓမ္မာရုံ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (တိုက် ၂၁/၂၀၂၊ B-Block၊ ၉ လမ်း၊ ယုဇနဥယျာဉ်မြို့တော်နှင့် FGAမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ကိုကျော်ဇင်မောင်တင့်(ခ)
## ဘခက် (မိုးကုတ်)
### အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ ကန်တော်လေးရပ်နေ ဒေါ်မြင့်မြင့်၊ မိုးကုတ်မြို့၊ အနောက်ပိုင်း၊ ကသဲအလယ်ပိုင်းရပ်နေ ဒေါ်ခင်မြင့်မေ၊ ဦးအောင်သန်း–ဒေါ်ခင်စန်းမြင့်၊ ဦးတင်မောင်–ဒေါ်ခင်စန်းကြည်၊ ဦးခင်မောင်အေး–ဒေါ်ရွှေစင်၊ မိုးကုတ်မြို့၊ ပိတ်စွယ်ရပ်နေ ဦးဘအေး–ဒေါ်မေစု၊ ဦးထွန်းအောင်–ဒေါ်မေနု၊ ကိုရဲထွန်း၊ ကိုမြင့်ဦး–မသီတာတို့၏တူ၊ မိုးကုတ်မြို့၊ကသဲဗိုလ်ကုန်းရပ်နေ ကိုသိန်းတိုးဦး–မအိရွှေဇင်တင့်၊ မဇင်မာမင်းတင့်တို့၏မောင်၊ ကိုသော်ဇင်မောင်တင့် – မဇင်မာလင်းတို့၏အစ်ကို၊ ကသဲဗိုလ်ကုန်းရပ်နေ (ဦးခင်မောင်တင့်) – ဒေါ်မြသွင်တို့၏သား၊ စွမ်းမင်းထက်၊ မောင်အောင်ဇင်၊ သုမင်းခန့်တို့၏ဘကြီးသည် ၂၄–၈–၂၀၀၄ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့ တိုက် ၅၆၊ အခန်း ၂၀၊ ဖဆပလတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၈–၂၀၀၄ ရက် (ကြာသပတေးနေ့)ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။**

R. 488

# သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ပင်မမြောင်းနှင့်လက်တံမြောင်းတူးဖော်ပြီးစီး လယ်မြေဧက ၁၀၀၀၀၊ ဝါနှင့်ဆီထွက်သီးနှံဧက ၆၂၀၀ ခန့်ရေပေးဝေနိုင်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေးတိုင်း သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဩဂုတ် ၂၅**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၃ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့မှ မကွေးတိုင်း မကွေးလေဆိပ်သို့ရောက်ရှိကြရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ နယ်မြေခံတပ်မမှူး ဗိုလ်မှူးကြီးအောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

**ရောက်ရှိ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူးနှင့်တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၄ ✳

## စက်သုံးဆီ ခြိုးခြံချွေတာရေး

- ❈ ကားတစ်စီး တစ်လစက်သုံးဆီတစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေတစ်ဒေါ်လာ သက်သာမည်။
- ❈ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅ဒသမ၅ သန်း သက်သာမည်။
- ❈ ထိုငွေဖြင့် ရောဝတီမြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။

# လယ်ဝေးမြို့နယ် သဲဖြူရေလှောင်တမံ မကြာမီဖွင့်လှစ်မည် အကျိုးပြုရေသောက်ဧရိယာဧက ၁၂၀၀ သို့ ဆည်ရေပေးဝေနိုင်

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်၊ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် ဩဂုတ် ၂၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် စပါးသီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ရှေးရှု၍ အချိန်တိုအတွင်း ပြီးစီးနိုင်မည့် အသေးစား၊ အလတ်စား ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အလားအလာရှိသော ဆည်မြောင်းစီမံကိန်းလုပ်ငန်းများကို စူးစမ်းလေ့လာတိုင်းတာခြင်းနှင့် ဒီဇိုင်းပုံစံထုတ်လုပ်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ☆

## အိန္ဒိယ ဆေးသိပ္ပံပညာရှင်များ အဆုတ်ရောဂါ ကာကွယ်ဆေးသစ် ရှာဖွေတွေ့ရှိ

**နယူးဒေလီ ဩဂုတ် ၂၅**

အဆုတ်ရောဂါ ထိုးဆေးအသစ်တစ်မျိုးကို အိန္ဒိယဆေးသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း၊ လုံခြုံစိတ်ချမှုရှိကြောင်း ပီတီအိုင်သတင်းဌာနက ရေးသားဖော်ပြသည်။

အဆိုပါထိုးဆေးသည် အဆုတ်ရောဂါတိုက်ဖျက်ရာတွင် ထိရောက်မှုရှိကြောင်း၊ အထူးသဖြင့် အေအိုင်ဒီအက်စ်နှင့် ရောနှောနေသောရောဂါများကုသရာတွင်ထိရောက်ကြောင်း၊အိန္ဒိယမြောက်ပိုင်း လပ်နောင်းမြို့ရှိ ဗဟိုဆေးသုတေသနဌာန(စီဒီအာအိုင်)ရှိ သိပ္ပံပညာရှင်များက ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သုတေသနအစီရင်ခံချက်၌ ဖော်ပြထားသည်။ ယင်းထိုးဆေးသည် အဆုတ်ရောဂါကို ဖြစ်စေသော ဘက်တီးရီးယားမျိုးဖြစ်သည့် မိုဘက်တီးရီးယားမျိုး ဗီဇခြားနားခြင်းမှ တိုက်ရိုက်ထုတ်ယူခြင်းဖြစ်ကြောင်း သိပ္ပံနှင့် သုတေသနလုပ်ငန်းကောင်စီက အစီရင်ခံထုတ်ပြန်သည်။

ငင်းဆေးကို လက်တွေ့စမ်းသပ်ပြီး အကဲဖြတ်သင့်ကြောင်း ငင်းအစီရင်ခံချက်၌ဖော်ပြပါရှိသည်။ **(ပီတီအိုင်)**

## သဲဖြူရေလှောင်တမံစီမံကိန်း၏ မြင်ကွင်းပသာဒ။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)